
www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၈၁၁/၂၀၀၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၄၈/၂၀၀၂ (၇)

ပုံနှိပ်ခြင်း
၂၀၀၂-ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၅၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကောနိုင် (၀၁၆၉၂)
ချိုဝေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ
ဦးညွန့်ဝေ (၀၅၄၂၅)
မြို့ပန်းတော်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
မြို့ပန်းတော်ရာစာပေ
ဖုန်း - ၂၄၅၃၆၀

www.burmeseclassic.com



www.burmeseclassic.com

# မင်းသိင်္ခ

## ဖတ်တတ်ဖို့

BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁ )

## အိမ်ဟောင်းကြီးတစ်လုံးပေါ်မှ ကော်ဖီမသောက်ရသော လူကြီးတစ်ယောက်

ရန်ကုန်မြို့ မအူကုန်းဘက်မှ တာမွေဘက်ဆီသို့သွားသော ကျိုက္ကဆံဆိုသည့် မော်တော်ကားလမ်းကြီးတစ်ခုသည်ရှိ၏။ ထိုကျိုက္ကဆံလမ်းကြီးကို မျက်နှာပြုထားသည့် ရှေးဟောင်းအိမ်ကြီးတစ်အိမ်သည်လည်းရှိ၏။ ထိုအိမ်ကြီးမှာ အင်္ဂလိပ်ခေတ်ကပင် ဆောက်လုပ်ထားသောကြောင့် လွန်စွာအိုမင်းနေပြီဖြစ်၏။ ရေနံ့ဝအောင်သုတ်ထားသော အိမ်မည်းကြီးတစ်လုံးဖြစ်၏။ မှန်ပြူတင်းပေါက်များနှင့်လှေကားလက်ရန်းများမှာမူ အဖြူရောင်ဖြစ်သောကြောင့် တစ်ခါက လွန်စွာခမ်းနားခဲ့သော အိမ်ကြီးအိမ်ကောင်းတစ်လုံး ဖြစ်ခဲ့ပြြားသော်လည်း

www.burmeseclassic.com


ဘဲ နှစ်ပေါင်းများစွာ အသုံးပြုနေထိုင်လာသောကြောင့် ထိုအိမ်ကြီးကို ကြည့်ရသည်မှာတစ်ခါကထည်ဝါခန့်ညားသော အဝတ်အစားများ ဖြစ်သော်လည်းယခုအခါ၌ ဟောင်းနွမ်းစုတ်ပြဲနေပြီဖြစ်သော အဝတ်ဟောင်းများကို ဝတ်ထားသည့် အထည်ကြီးပျက် မိန်းမအိုကြီးတစ်ဦးကို တွေ့မြင်ရသကဲ့သို့သာ ရှိလေတော့၏။

ပြူတင်းပေါက်များတွင် တပ်ဆင်ထားသော မှန်များမှာလည်း အပြည့်အစုံမရှိတော့. . .။ ကွဲသည့် နေရာက ကွဲ၍ ပေါက်သည့်နေရာက ပေါက်နေပြီဖြစ် ၏။ ထိုနေရာများကိုလည်း လေဝင်လာသောကြောင့် စက္ကူကတ်ပြားများ၊ သုံးထပ်ပြားများဖြင့် ဖာထေးထား သည်ဖြစ်ရာ တစ်ခါကကျက်သရေရှိခဲ့သော မှန် ပေါက်များသည် အကြည့်ရဆိုးနေလေတော့၏။

ဝရံတာနှင့်လှေကားတွင် တပ်ဆင်ထားသော အဖြူရောင်ပွတ်လုံးတိုင်များမှာလည်း ပြုတ်ထွက်သည့်နေရာက ပြုတ်ထွက်နေပြီး ကျိုးသည့်နေရာက ကျိုးနေပြီဖြစ်သောကြောင့် ကျိုးတို့ကျဲတဲနိုင်လှတော့၏။ ထိုအရာများကို ကြည့်ရသည်မှာ သွားများဟိုတစ်ချောင်း ဒီတစ်ချောင်းကျိုးနေသော အဘွားကြီး တစ်ဦးပါးစပ်ဟ၍ ဟက်ဟက်ပက်ပက် ရယ်လိုက် သည်ကို တွေ့မြင်လိုက်ရသည့်အလား အရုပ်ဆိုးလှ တော့၏။

မျက်နှာကျက်တွင် ချိတ်ဆွဲထားသော ဖန်ပဒိုင်းနှင့် ဖန်မီးစလောင်းများမှာလည်း ကျပ်ခိုးများစွဲ၍ ပင့်ကူအိမ်များ သွယ်တန်းနေပြီး လွန်စွာမှ အကျည်းတန်လှတော့၏။

ဧည့်ခန်းအဖြစ် အသုံးပြုခဲ့သော အခန်းထဲတွင် ရှေးဟောင်း ကုတင်တစ်လုံးချထား၏။ ကုတင် တိုင်တစ်ချောင်း ကျိုး၍နေသောကြောင့်


BURMESE CLASSIC .com

www.burmeseclassic.com


ထိုကျိုး၍နေသော ကုတင်တိုင်ငုတ်တွင် ခြင်ထောင်ထောင်ရန်အတွက် ကျိုက်ထီးရိုးတောင်ဝှေးတစ်ချောင်း ကပ်၍ ချည်ထားသည်ဖြစ်ရာ တစ်ခါက ခန့်ညားထည်ဝါခဲ့ သော ဧည့်ခန်းသည် ရုပ်ပျက်ဆင်းပျက်ဖြစ်၍ နေလေတော့၏။

မီးဖိုခန်းဘက်ဆီမှ အသက် ၅၀ ကျော်အရွယ်လူကြီးတစ်ဦး သည် အောက်ပိုင်းမသယ်နိုင်သော သူများစီးသည့် ဝီးချဲခေါ် ဘီးတပ်ထိုင်ခုံလေးပေါ်တွင် ထိုင်၍ ဘီးကို လက်ဖြင့်တွန်းရင်း ဧည့်ခန်းဆီသို့ဝင်လာလေ၏။ သူ၏လှည်းကလေးဖြင့် ကုတင်ဘေးသို့ သွား၏။ ကုတင်ဘေးတွင်ချထားသော စားပွဲခုံဟောင်းကို ကြည့်လိုက်၏။ ထိုစားပွဲခုံဟောင်းပေါ်တွင် ဆေးလိပ်ခွက်နှင့်ဆေးပုလင်းများ၊ ခဲတံဖောင်တိန်များထည့်သောခွက်၊ ပလတ်စတစ်အုပ်ဆောင်းနှင့် အုပ်ထားသောပန်းကန်၊ ကိုင်းကျိုး၍ သားရေကြိုးဖြင့် ချည်ထားရသောမျက်မှန်၊ ပရုပ်ဆီဘူး၊ နားကြက်တောင်များ ထည့်ထားသောဘူး. . . စသည်တို့ဖြင့် ရှုပ်ပွနေလေ၏။

ထိုလူကြီးသည် စားပွဲပေါ်သို့ လှမ်းကြည့်လိုက်ပြီးလျှင်

"မာမီကြီး . . . ဝှဲယဲမိုင်ကော်ဖီ. . ." ဟု ကျယ်လောင်စွာ လှမ်း၍ပြောလိုက်လျှင် သဲကြိုးအစိမ်းရောင်တစ်ဖက်၊ အနီရောင်တစ်ဖက် တပ်ထားသော ဂျပန်ဖိနပ်ဟောင်းတစ်ရံကိုစီး၍ မိန်းမ ကြီးတစ်ဦးသည် ဧည့်ခန်းဆီသို့ ဝင်လာပြီးလျှင်

"ကော်ဖီမှုန့် ကုန်နေတယ်. . . ဒယ်ဒီကြီး ရဲ့ . . .၊ တက်တက် ရုံးကပြန်လာမှ ကော်ဖီမှုန့်ပါလာမှာ . . ." ဟု ပြောလိုက်လျှင် လူကြီး သည်မျက်နှာကိုရှုံ့မဲ့၍ "အဲဒါတွေ ခက်တာပေါ့. . .၊ မကုန်ခင်က ကြိုပြီးဝယ်ထားရမယ့်ဥစ္စာ. . ." ဟု ညည်းညူပြစ်တင်လိုက်လေ၏။ ထိုအ


BURMESE CLASSIC .com

www.burmeseclassic.com


ခါ အဒေါ်ကြီးက

"ဝယ်ရမယ်ဆိုတာတော့ သိတာပေါ့. . .၊ ဒယ်ဒီကြီး ရယ်. . . ပိုက်ဆံ. . . ပိုက်ဆံ . . . " ဟုပြန်၍ပြောရင်း လက်ညှိုးနှင့်လက်မကို ဝိုင်း၍ ထောင်ပြလိုက်လေ၏။ ထိုအခါ လူကြီးက

"ဝှက်. . . ပိုက်ဆံ. . . " ဟုပြန်၍ အော်လိုက်လေ၏။

"အဲဒီ ဒယ်ဒီကြီးပြောတဲ့ 'ဝှက်. . ပိုက်ဆံ' ပဲ မရှိလို့ ဒုက္ခရောက် တာပေါ့ . . . " ဟု လေသံခပ်ပျော့ပျော့ဖြင့် အဒေါ်ကြီးက ပြောလျှင် လူကြီးက

"ပိုက်ဆံဆိုတာ မန်းဇိုးပါဗျာ . . . မန်းရယ် ဇိုးရယ် နှစ်လုံးပဲရှိ တာမခက်ပါဘူး. . .၊ ငါ အများ ကြီးရှာပေးခဲ့တာပဲ. . .၊ ဟောဟိုမှာ ချိတ်ထားတဲ့ သားရေအိတ်ကြီးနဲ့ ၇ ရက်တစ်ခါ အပြည့်ထည့်ပြီး မင်းကို ပေးခဲ့တာမေ့သွားပြီလား . . . " ဟု ပြောလိုက်လျှင် အဒေါ်ကြီးက

"မမေ့ပါဘူး ဒယ်ဒီကြီးရယ်. . . အဲဒီတုန်း က ဒယ်ဒီကြီးက အင်ပို့လိုင်စင်ရလို့ကောင်းစားပြီး လူတိုင်းလိုလိုက ငေးကြည့်နေခဲ့ရတာ လေ. . . အဲဒီတုန်းက ဂျစ်တစ်စီးမှ ဘယ်လောက်ပေးရလို့တုံး. . . နှစ်ထောင်ကျော်လောက်ပေးရင် ဂျစ်ကားအကောင်းစားရတယ်လေ. . .၊ ခင့်ကိုတောင် တစ်စီးဝယ်ပေးခဲ့ လို့ ခင်တောင် ဂျစ်ကားတဝီဝီနဲ့လေ. . .၊ အဲဒီတုန်းက ခင်ကလေး ငယ်သေးတယ်မဟုတ်လား၊ ကို တောင် လေဒီဂျစ် လို့တောင်ခေါ်ကြတာပဲ. . .၊အခု တော့ လေဒီဂျစ်လည်း မွဲတေစုတ်ပြတ် ပြီး လေဒီညစ်ဖြစ်နေပြီ ဒယ်ဒီကြီးရေ. . " ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ၎င်းတို့နှစ်ဦး၏ သမီးကြီး ဖြစ်သော တက်တက် သည် အပေါ်ထပ်မှဆင်း၍လာလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"သမီးရေ. . . ကော်ဖီမှုန့်ကုန်နေပြီ၊ ဒယ်ဒီကြီး ဒီမနက် ကော်ဖီမသောက်ရဘူး၊ သမီးရုံးကပြန်ရင် ကော်ဖီမှုန့်ဝယ်ဖို့တော့ မမေ့နဲ့နော်. . ."

ဟု အဒေါ်ကြီးက ပြောလိုက်လျှင် တက် တက်က

"မာမီကလည်း. . . ဒီနေ့ ဆန်းဒေးလေ. . သမီးရုံးမှ မတက်ရဘဲ. . ." ဟု ပြန်၍ဖြေလိုက်ရာ လူကြီးသည် ပြုံးကြောင်ကြောင်နှင့် တက်တက်၏မျက်နှာကို လှမ်း၍ ကြည့်ပြီးလျှင်

"ဆန်းဒေး. . . ဆန်း. . . ဒေး. . . အဲဗရီး ဒေးအစ်နော့. . . ဆန်းဒေး. . . နေ့တိုင်းဟာ တနင်္ဂနွေနေ့ မဟုတ်ပါဘူးကွယ်. . ."

ဟု ပြောလိုက်လေ၏။ ထိုအခါ တက်တက်က

"ဘတ်. . . တူဒေးအစ်. . . ဆန်းဒေး. . .၊ နေ့တိုင်း တနင်္ဂနွေနေ့မဟုတ်ပေမဲ့. . . ဒီနေ့ကတော့ တနင်္ဂနွေနေ့ ဒယ်ဒီရေ့ . . . ကော်ဖီမှုန့်ကတော့ ဆောရီးပဲ . . ." ဟု ပြောရင်းလက်ဝါးလေးနှစ်ဖက်ကို ဖြည်းဖြည်းချင်း ပက်လက်လှန်လိုက်လေ၏။ ထိုအခါ လူကြီးက

"ကော်ဖီ. . . ကော်ဖီ. . . ဘာများခက်လို့ လဲ. . .၊ စာလုံးလေးက နှစ်လုံးထဲပဲ. . .၊ ကော်ရယ် ဖီရယ်. . . ဘာများခက်လို့လဲကွယ်. . ."

ဟု ပြောရင်း ဆို့နင့်ကြေကွဲသော အသံကြီးဖြင့် ရယ်မောလိုက်လေတော့သတည်း။

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

*   *   *

**ဆင်းရဲတွင်းက နက်လှတယ်**

များမကြာမီအချိန်အတွင်း၌ ထိုလူကြီးနှင့် ထိုအဒေါ်ကြီးတို့၏ သမီးငယ် 'ခက်ခက်'သည် ဧည့် ခန်းတွင်းသို့ ရောက်လာ၏။ ခက်ခက်မှာ


BURMESE CLASSIC .com

www.burmeseclassic.com


အရွယ်မရောက်သေးပေ။ ၈ နှစ်သမီးအရွယ်ခန့်သာ ရှိသေး ၏။ ခက်ခက်သည် ဒယ်ဒီကြီးစီးသော ဗိုးချဲကို နောက်မှတွန်းလိုက်၏။ ဗိုးချဲသည် ရှေ့သို့ရွေ့သွား၏။

ထို့နောက် အဒေါ်ကြီးဘက်သို့လှည့်ကာ

"သမီး. . . ဘာစားရမလဲ မာမီ. . ." ဟု မေးလေ၏။

"ပဲပြုတ်နဲ့ထမင်း ကြော်ထားတယ်လေ" ဟု အဒေါ်ကြီးက ပြောလိုက်ရာ ခက်ခက်က နှုတ်ခမ်းကိုစူ၍

"သမီး အဲဒါမကြိုက်ဘူး၊ မုန့်ဟင်းခါး စားချင်တယ်. . ." ဟု ပြန်၍ပြောလိုက်ရာ

"မစားချင်လို့ မရဘူးဟဲ့. . .၊ ဒါမရှိဘူး. ." ဟု အဒေါ်ကြီးက လက်ညှိုးနှင့်လက်မကို ဝိုင်း၍ ပြပြန်၏။

"မာမီပြောလိုက်ရင် ဒါမရှိဘူးချည်းပဲ၊တစ် ခါတလေ ဒါရှိတယ်လို့ ပြောပါဦး . . ." ဟုဆိုကာ ခက်ခက်ကလည်း လက်ညှိုးနှင် လက်မကို ဝိုင်း၍ အဒေါ်ကြီးအားထောင်ပြလိုက်လေ၏။

"ဒါမရှိဘူးပဲ ပြောရမှာပေါ့ကွယ်၊ ဒီအိမ်ကြီး မှာ ညည်းဒယ်ဒီကလည်း အလုပ်မလုပ်နိုင်ဘူး၊ ဝင်ငွေ မရှိဘူး၊ မာမီကလည်း ဝင်ငွေမရှိဘူး၊ ညည်းတို့ ကိုကိုကလည်း နိုင်ငံခြားမှာ သွားအလုပ်လုပ်မယ်၊ ဟိုကနေ ပိုက်ဆံပို့မယ်ဆိုတာ ပိုက်ဆံမပြောနဲ့. . . စာကလေး တစ်စောင်တောင် မလာဘူး၊ တက်တက် ရုံးမှာလုပ်တဲ့ ဝင်ငွေလေးပဲရှိတာ. . .၊ မာမီတို့မှာရှိတဲ့ ရှိစုမဲ့စုလေးလည်း ရောင်းရောင်းပြီး စားနေရတာ. . .၊ ဘာများ အကောင်းကျန်လို့လဲ သမီးလေးရယ်. . .၊ စောစော စီးစီး စိတ်ညစ်အောင် မပြောစမ်းပါနဲ့ . . ." ဟု ပြောလိုက်ရာ ၈ နှစ်အရွယ်ခန့်သာရှိ သော ခက်ခက်ကလေး


BURMESE CLASSIC .com

www.burmeseclassic.com


သည် သူ၏မိခင်မျက်နှာကိုကြည့်၍ စိတ်မချမ်းမသာဖြစ်၍သွားလေ၏။ ထို့နောက် အဒေါ်ကြီးသည် ခြေရင်းအိမ်ဘက်သို့ထွက်၍ သွားပြီးလျှင် ခြေရင်းအိမ်မှ လူငယ်တစ်ဦးနှင့်စကားပြောလေ၏။ စကားပြောသည် ဆိုခြင်းထက် ထိုနေ့နံနက်စာချက်ပြုတ်ရန်အတွက် ပိုက်ဆံချေးသည်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ ထိုလူငယ်သည် အဒေါ်ကြီးအား

"မာမီကြီးရေ. . . လကုန်ခါနီးဆိုတော့ ကျွန်တော်လည်း ပြတ်နေတယ်၊ အဒေါ်ကြီးပြောတဲ့ ငွေတစ်ဆယ်တော့ မရှိဘူး၊ ငါးကျပ်ပဲရမယ်. . . "ဟုဆိုကာ ၎င်း၏ဒိုင်ယာရီစာအုပ်အတွင်းမှ ငါးကျပ်တန်တစ်ရွက်ကိုထုတ်၍ အဒေါ်ကြီးအားပေး လိုက်၏။ အဒေါ်ကြီးလည်း ထိုငွေငါးကျပ်ကိုရလျှင် မိမိအိမ်ဘက်သို့ ပြန်၍ကူးလာပြီးနောက် အိမ်ရှေ့လူသွားပလက်ဖောင်းပေါ်သို့ ထွက်လေ၏။ ပြီးလျှင် မျက်လုံးဖြင့် တစ်စုံတစ်ယောက်ကိုရှာလေ၏။ ထိုသို့ရှာစဉ် ခေါင်းရင်း ၃အိမ်ကျော်ခန့်တွင်ရှိသော မော် တော်ကားဝပ်ရှော့မှ သာဂေါင်ဆိုသည့် ၉ နှစ် ၁၀ နှစ်အရွယ်ကလေးတစ်ဦးကိုတွေ့လျှင်

"သာဂေါင်ရေ. . . မာမီကြီးဆီ ခဏလာခဲ့ ပါဦး " ဟုဆိုကာ သာဂေါင့်အနီးသို့ကပ်ကာ တိုး တိုး တိုးတိုးဖြင့်ပြောလေ၏။ သာဂေါင် လည်း ခေါင်းကို တွင်တွင်ညိတ်နေလေ၏။ ထို့နောက် သာဂေါင်လည်း ငါးကျပ်တန်ကိုကိုင်၍ အဒေါ်ကြီးအနီးမှ ပြေးထွက်သွားလေ၏။ အဒေါ်ကြီးလည်း မိမိအိမ်အတွင်းသို့ ပြန်၍ဝင်လာလေ၏။

အချိန်အနည်းငယ်ကြာသောအခါ သာဂေါင်ကလေးပြန်၍ ရောက်လာ၏။ သာဂေါင်၏လက်ထဲတွင် ကတော့ဖြင့်ထည့်ထားသော ကုလားပဲထုပ်တစ်ထုပ်၊ ငရုပ်သီးတောင့် အနည်းငယ်၊ ကြက်သွန် ဖြူ

www.burmeseclassic.com


ကြက်သွန်နီအနည်းငယ်ထုပ်ထားသော အထုပ် တစ်ထုပ်၊ စက္ကူလေးဖြင့် ထုပ်ထားသောကော်ဖီမှုန့်အချို့ပါ၍လာလေ၏။

မာမီကြီးသည် သာဂေါင်ပေးသောအထုပ် များကို လှမ်း၍ယူလိုက်ပြီးနောက် သာဂေါင့်အား မတ်စေ့တစ်စေ့ပေးရင်း

"နင်စားဖို့. . ." ဟုပြောလိုက်လေ၏။ ထို့နောက် မာမီကြီး သည် သာဂေါင်ယူလာသော တစ်ခါဖျော်စာ ကော်ဖီမှုန့်ကလေးကို လူကြီးအတွက် ဖျော်၍ပေးလေ၏။ လူကြီးလည်း ယနေ့နံနက်အဖို့ ကော်ဖီသောက်ရန် မျှော်လင့်ချက်မရှိတော့ဟု စိတ်လျှော့ထားရာမှ ကော် ဖီပူပူနွေးနွေးတစ်ခွက်ကို မြင်လိုက်ရလျှင်

"အိုး. . . ဂွတ်. . ဒ်၊ ကောင်းလေစွ. . . ကောင်းလေစွ. . ."ဟု ရေရွတ်လိုက်လေ၏။ အဒေါ် ကြီးလည်း သာဂေါင်ဝယ်လာသော ကုလားပဲနှင့် ငရုတ်သီး ကြက်သွန်တို့ကို နံနက်နှင့် ညနေစာအတွက်ရည် ရွယ်ကာ ပဲဟင်းချဉ်စပ်တစ်ခွက်ချက်ရင်း

"ဆင်းရဲတွင်းက နက်လိုက်တာ. . . ဘယ်တော့များ တွင်း နှုတ်ခမ်းပေါ် ရောက်ပါ့မလဲ. . ." ဟု တွေးတောရင်း မျက်လုံးအိမ်၌ မျက်ရည်များ စို့လာလေတော့သတည်း . . .။ ။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၂ )

**မိုးရေထဲမှ မညီမြ**

မိသားစုလေးဦးသည် နံနက်စာ ထမင်းစားသောက်ကြလေ၏။ တစ်ခါက ထိုအိမ်ကြီး၌ မီး ဖိုခန်းနှင့်တွဲလျက် ထမင်းစားခန်းရှိခဲ့သော်လည်း ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် ထမင်းစားသော အခါ၌ အိမ်ရှေ့ခန်း၌ပင် ထမင်းစားပွဲဝိုင်းအပု ကလေးကိုချ၍ ဝိုင်းဖွဲ့စားသောက်ကြလေ၏။

၎င်းတို့ ထမင်းစားနေစဉ်အတွင်း၌ပင် မိုးသည် သည်းသည်း မည်းမည်းကြီး ရွာချလိုက်လေ၏။ ပြတင်းပေါက်မှ မိုးများပက်သဖြင့် တက်တက်သည် ပြတင်းပေါက်များကို လိုက်၍ပိတ်ရလေ၏။ ထို့နောက် ထမင်းဝိုင်း၌ ပြန်၍ထိုင်ကာ ထမင်းဆက်၍စားလျှင် ၎င်း၏မိခင်က

“ဟဲ့. . . တက်တက်ရဲ့၊ အပေါ်ထပ်မှာလည်း သွပ်ပြာ

www.burmeseclassic.com


ပေါက်ပြီး မိုးရေတွေကျနေတာ၊ ဇလုံတွေ၊ ခွက်တွေတက်ပြီးခံထားဦး လေ၊ မိုးရေတွေက ကြမ်းပြင်ကနေတစ်ဆင့် အောက်ကို ကျလာလိမ့်မယ်. . .” ဟု ပြောလိုက်လျှင် တက်တက်က-

“မာမီကလည်း တစ်အိမ်လုံး ယိုနေတာ၊ ဘယ်ကခွက်တွေ၊ ဇလုံတွေနဲ့လိုက်ခံရမှာလဲ၊ အဲဒါတွေပြီးအောင်လုပ်ရမယ်ဆိုရင် သမီး ထမင်းစားရမှာမဟုတ်တော့ဘူး၊ ယိုပေ့စေ၊ ပြီးမှလိုက်သုတ်မယ်၊ နောက်တစ်နှစ်ဆိုရင် သမီးတို့ဒီအိမ်ကြီးမှာနေလို့ မရတော့ဘူး။ ဟောဟိုပလက်ဖောင်းပေါ်က သစ်ပင်အောက် မှာသွားပြီးနေရတော့မယ်”ဟု ပြောကာ ထမင်းကို ဆက်၍စားနေလေ၏။

ထိုအချိန်၌ ၎င်းတို့၏အခန်းဝသို့ အသက်အစိတ်အရွယ်ခန့်ရှိသော မိန်းကလေးတစ်ဦး မိုးရေများရွှဲလျက် ရောက်ရှိလာ၏။ ထိုမိန်းကလေး၌ ထီးပါသော်လည်း ထိုထီးသည် ဤမျှသည်းသော မိုးအတွက် အကာအကွယ်မပေးနိုင်သောကြောင့် ဤမျှ ရွှဲရွှဲစိုနေခြင်းဖြစ်၏။ သူသည် ထီးကလေးကို တံခါးထောင့်၌ ထောင်၏။ လုံချည်ကို ရေညှစ်ချ၏။ ဆံပင်များသပ်လိုက်၏။ ထမင်းဝိုင်းမှ လူလေးယောက်သည် ထိုမိန်းကလေးအား လှမ်း၍ ကြည့်နေလေ၏။ ထို့နောက်မှ မာမီကြီးက-

“ဘာကိစ္စလဲ မိန်းကလေး”ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက-

“ဟုတ်ကဲ့. . . ကျွန်မလာပါ့မယ်”ဟု ဆို ကာ အိမ်ခန်းတွင်းသို့ သိမ်မွေ့စွာဝင်လာပြီးလျှင် ပိုက်ဆံအိတ်အတွင်းမှ စာအိတ်တစ်အိတ်ကို ထုတ်ပြီးနောက် မာမီကြီးအားလှမ်း၍ပေးကာထမင်းဝိုင်းနှင့် မလှမ်းမကမ်း နေရာလောက်တွင် ကျုံ့ကျုံ့ကလေးထိုင်နေလေ၏။ မာမီကြီးလည်း

www.burmeseclassic.com


စာအိတ်ကို လှမ်းယူပြီးနောက် ဒယ်ဒီကြီးလက်သို့ပေးကာ

"ဖတ်ပါဦး ဒယ်ဒီကြီးရယ်"ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးက

"မျက်မှန်. . . မျက်မှန်" ဟု အသံနက်ကြီးဖြင့် အော်လိုက်လေ၏။ ထိုအခါ ခက်ခက်ကလေးသည် ဒယ်ဒီကြီး၏ကုတင်ဘေး၊ စားပွဲဝိုင်းပေါ်ရှိမျက်မှန်ကိုပြေး၍ ယူပေးလေ၏။ မျက်မှန်မှာ ကိုင်းကျိုးနေသောကြောင့် တုတ်ချောင်းဖြင့်ကပ်၍ သားရေကြိုးဖြင့် တုပ်ထားရလေ၏။

ဒယ်ဒီကြီးသည် စာအိတ်အတွင်းမှ စာကိုတက်တက်အားထုတ်ခိုင်းပြီးလျှင်ဖတ်ရှုလေ၏။ ထိုသို့ ဖတ်ရှုပြီးနောက်

"မာမီကြီးရေ. . . ဒီမိန်းကလေးက ကျုပ်တို့သား ဖိုးကျော်နဲ့ ကျုပ်တို့မသိအောင် တရားရုံးတစ်ခုမှာ လက်ထပ်ထားတဲ့ ဇနီးမယားတစ်ဦးဖြစ်တယ်"ဟု အစချီလိုက်သည်နှင့်ပင် မာမီကြီး၏ မျက်နှာသည် ကွက်ကနဲပျက်သွားပြီးလျှင် 'ဟော့ တော်"ဟု ရေရွတ်လိုက်လေ၏။ တက်တက်ကလည်း ပါးစပ်ထဲသွင်းလုဆဲဆဲ ထမင်းလုပ်ကို မသွင်းဖြစ်သေးဘဲ ထိုမိန်းကလေး၏ မျက်နှာကို ကြည့်နေလေ၏။ ခက်ခက်ကလည်း ၎င်း၏နောက်တွင်ရောက်နေသော ထိုမိန်းကလေးကို ကိုယ်တစ်ပတ်လည်သည်အထိလှမ်း၍ အားမနာပါးမနာ ခြေဆုံးခေါင်းဆုံးကြည့်လေတော့၏။

မာမီကြီးသည် ဣန္ဒြေဆည်လိုက်ပြီးနောက်

"တို့မှာကလည်း ဝင်ငွေရှိတာမဟုတ်ဘူး၊ ကျပ်တည်းနေတာ. . ."ဟု ပြောလိုက်သည့်အခါ၌ ဒယ်ဒီကြီးက-

"အရမ်းတွေ လျှောက်ပြောမနေနဲ့ မာမီကြီးရေ. . . ခင်ဗျားသားရေးထားတဲ့စာကိုလည်း ဆုံးအောင် နားထောင်ဦး၊ ဒီမိန်းကလေးနာမည်က ညိုမတဲ့၊ ညိုမကို ဒီအိမ်မှာ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ခံရမယ်တဲ့. . .၊


BURMESE CLASSIC .com

www.burmeseclassic.com


ညိုမကိုလက်မခံရင် ဒီတစ်သက်သူ ပြန်မလာတော့ဘူး. . . တဲ့၊ မေ့လိုက်ပါ တော့တဲ့၊ အဲဒီတော့. . . ခင်ဗျားသားကို ခင်ဗျားပြတ်နိုင်သလား၊ မပြတ်နိုင် ရင်တော့ အပိုတွေ ပြောမနေနဲ့၊ လက်ခံရမှာပဲ. . . ”ဟု ပြောလိုက်လေ၏။ ထိုအခါ ညိုမဆိုသော မိန်းကလေးက-

“ကျွန်မလည်း အလုပ်လုပ်မှာပါ၊ လုပ်လို့ရသမျှငွေကိုလည်း မာမီတို့ကိုအပ်မှာပါ၊ ကိုကျော်က ဘယ်မှာမှမနေရဘူး၊ ဒီအိမ်မှာပဲ နေရမယ်လို့ ပြောသွားလို့ပါ. . . ”ဟု တည်ငြိမ်သောလေသံဖြင့် ပြန်၍ပြောလိုက်၏။ ထိုအခါ၌ မာမီကြီးက

“ဒီလိုဆိုတော့လည်း နေရမှာပေါ့၊ ဘယ်တတ်နိုင်မလဲ. . . ”ဟု ပြန်၍ဖြေလိုက်လျှင် ညိုမက-

“ညိုမရဲ့ပစ္စည်းလေးတွေပြန်ပြီး သယ်လိုက်ဦးမယ်. . . ”ဟု ဆိုကာ ဒယ်ဒီကြီးနှင့် မာမီကြီးအား ကန်တော့၍ ထွက်သွားလေ၏။

မိုးမှာလည်း သည်းသည်းမည်းမည်း ရွာနေဆဲဖြစ်၏။

မိသားစုလေးယောက်သည် ထမင်းစားပြီးသော်လည်း ထမင်းဝိုင်းကို မသိမ်းသေးဘဲ ညိုမနှင့် ပတ်သက်သောအကြောင်းကို ၎င်းတို့အသီးသီး၏ အလို၊ အထင်၊ အယူများဖြင့် ပြောဆိုနေကြလေတော့သတည်း။

မိုးစဲသွားသောအခါ၌ မာမီကြီးသည် ခြေ ရင်းအိမ်သို့ ကူးသွားပြီးလျှင် ချွေးမအသစ်ကြပ်ချွတ် ညိုမ၏အတင်းကို ပြောလေတော့၏။ ခြေရင်းအိမ်မှ မိန်းမကလည်း

“တစ်ခါမှ မတွေ့ဖူးတဲ့ ယောက္ခမအိမ်ကို မျက်နှာပြောင်တိုက်ပြီး လာရဲတယ်ဆိုတာ အာဂသတ္တိပဲ မာမီကြီးရေ. . . ”ဟု မဲ့ကာရွဲ့ကာ ပြောလေ၏။ မာမီကြီးသည် ခြေရင်းအိမ်သို့သွား၍ ပြောပြီးလျှင် ခေါင်းရင်း


BURMESE CLASSIC .com

www.burmeseclassic.com


အိမ်သို့ကူးကာညိုမအကြောင်းကိုပြောပြန်၏ခေါင်းရင်းအိမ်မှလည်း မိမိတို့ကိုယ်တိုင်မြင်တွေ့ဖူးခြင်းမရှိသေးသော မိန်းမတစ်ဦး၏အဖြစ်ကို ပယ်ပယ်နယ်နယ် ပြောကြပြန်လေ၏။

ထိုအိမ်မှ လူငယ်တစ်ဦးကမူ

"ဖိုးကျော်တို့ကတော့ နိုင်ငံခြားသွားခါနီးတောင် သပွတ်အူကို အိမ်ပေါ်တင်သွားသေးတယ်" ဟု ပြောဆိုကာ ရယ်မောနေလေ၏။ မာမီကြီးသည် ခြေရင်းခေါင်းရင်းသို့ လှည့်လည်၍ ချွေးမအသစ်ကြပ်ချွတ်၏ အကြောင်းကို ဖောက် သည်ချပြီးနောက် မိမိအိမ်သို့ ပြန်လာကာ မိသားစု ဝိုင်းဖွဲ့၍ အတင်းပြောပြန်လေ၏။ ထိုအခါ ဒယ်ဒီကြီးက-

"အရမ်းလည်း မပြောပါနဲ့ မာမီကြီးရယ်၊ မင်းသားငကျော်ရဲ့ အသားအရောင်က မုန့်ကွဲ သည်းရောင်၊ မည်းမည်းညစ်ညစ် ညိုပုပ်ပုပ်နဲ့၊ ဟိုကလေးမရဲ့ အသားအရောင်က ဝင်းဝင်းဝါဝါ စိုစိုပြည်ပြည်၊ မင်းသားက တစ်စက္ကန့်မှာ မျက်တောင် သုံးခါခတ်တဲ့ မျက်စခုတ်ကောင်. . .၊ ဟိုကလေးမရဲ့ မျက်လုံးက အရောင်တောက်ပြီး စူးရဲတဲ့လင်းယုန်မရဲ့ မျက်လုံးမျိုး၊ မင်းသားက အပေါ်နှုတ်ခမ်းတိုပြီး ပစောက် ဖဦးထုပ် ဗထက် ချိုင့် ဘကုန်းမဆိုတဲ့ အသံတွေကို ပီအောင် မဆိုနိုင်တဲ့ကောင်၊ ပြီးတော့ အသံကလည်း ဘဲအုပ်ထဲကို ပြာပက်ပြီး ထားတဲ့အတိုင်း ရှတတ၊ ပြာတာတာနဲ့ ဩဇာခတ် မရှိတဲ့အသံ၊ ဟိုကလေးမရဲ့ အသံကို နားထောင်ကြည့် စမ်း. . . ပြောတဲ့စကားကို အားလုံးပီတယ်၊ ဥပမိရုပ်လည်း သန့်ပြန့်တယ်၊ လက်ဆံခြေဆံ ခြေချောင်းလက်ချောင်း ပြေပြစ်တယ်၊ ဝတ်ပုံစားပုံလည်း ကြန့်ငြရတယ်၊ ကျုပ်စဉ်းစားနေတာက ကျုပ်သားမိုးကျော်လို ရုပနိကါယ်၊ သတ္တနိကါယ် ညံ့ဖျင်းပြီး ဖစ်ဂါမလှ ပုံမကျတဲ့ငတိက ဒီမိန်းကလေးမျိုးကို


BURMESE CLASSIC .com

ဘယ်လိုနည်းနဲ့ ရအောင်ယူခဲ့တယ်ဆိုတာကို အံ့ဩနေတာ မာမီကြီး ရေ့. . .”ဟု ပြောလိုက်လျှင် မာမီကြီး၏မျက်နှာသည် စက္ကူလုံးထွေးပြီး တစ်ဖန်ပြန်၍ ဖြန့်ကြည့်သကဲ့သို့ ရှုံ့တွ၍နေလေ၏။

“အလိုလေးတော်၊ ကျွန်မသားလေးကို နှိမ်နှိမ်ချချ ချိုးချိုးဖွဲ့ဖွဲ့ ပြောတဲ့နေရာမှာတော့ ဒယ် ဒီကြီးထက်သာတဲ့လူ ရှိမယ်မထင်ပါဘူး”ဟု ပြောလိုက်လျှင် ခက်ခက်ကလေးက

“ဟုတ်တယ် မာမီရဲ့. . .၊ ကိုကိုက အလကားနေရင်း မျက် တောင်ခတ်နေတာ၊ သူ့ မျက်လုံးက မီးပွိုင့်လိုပဲ မှိတ်လိုက်ဖွင့်လိုက်နဲ့. . .” ဟု ဝင်၍ပြောလျှင် တက်တက်က ရယ်လေ၏။ မာမီကြီးကမူ

“ဒီလိုမပြောရဘူး သမီးရဲ့. . .၊ ကိုကိုက သမီးထက်ကြီးတယ် လေ၊ သမီး ငရဲကြီးမှာပေါ့”ဟု ဟန့်တားလိုက်လျှင် ခက်ခက်ကလေးက

“သမီးက နောက်မှပြောတာ၊ ဒယ်ဒီကြီးက အရင်ပြောတာ၊ ငရဲကြီးမယ်ဆိုရင် ဒယ်ဒီကြီးက အရင်ကြီးမှာပေါ့ . . .”ဟု ပြောလိုက်လျှင် မာမီကြီးက-

“ဟဲ့ . . . ဒယ်ဒီကြီးက သူ့အဖေ၊ အဖေပြောလို့ ငရဲမကြီးဘူး၊ သမီးက သူ့ညီမ၊ သမီးပြော ရင်တော့ ငရဲကြီးမှာပေါ့. . .”ဟု ရှင်းပြလိုက် လေ၏။ ခက်ခက်သည် မျက်လုံးအကြောင်သားဖြင့် သူ၏မိခင်မျက်နှာသို့ ငေး၍ကြည့်နေလေ၏။ ထို့နောက်မှ အစ်မဖြစ်သူ တက်တက်ဘက်သို့ လှည့်ကာ-

“မမ. . . မမပြောတော့ မကောင်းတာဆိုရင် အပြစ်ဆို၊ အပြစ် ဆိုရင် အတူတူဖြစ်ရမှာပေါ့၊ အဲဒီအပြစ်ကိုပဲ ဒယ်ဒီကြီးကျတော့ အပြစ် မဖြစ်ဘဲ ခက်ခက်ကျမှ အပြစ်ဖြစ်သလား. . .၊ ခက်ခက်ကို ပြောပြပါ. . .”


BURMESE CLASSIC .com

www.burmeseclassic.com


ဟု ပူဆာလေတော့၏။ ထိုအခါ တက်တက်က လက်ဝါးနှစ်ဖက်ကို ပက်လက်လှန်၍

"အဲဒါတော့ တပည့်တော်မလည်း မလျှောက်တတ်ပါဘူး ဆရာလေးရယ်. . ."ဟုဆိုကာ ခက်ခက်အား ပြောင်ပြ၍ ပါးနှစ်ဖက်ကို လိမ်ဆွဲပြီးလျှင် အိမ်ပေါ်ထပ်သို့ တက်ပြေးသွားလေ တော့၏။

* * *

**'လျှပ်စစ်ဆရာမ မညှို့မ'**

ညနေသို့ရောက်လျှင် ညိုမသည် သားရေသေတ္တာတစ်လုံး၊ ကြိမ်ခြင်းတောင်းတစ်လုံးဖြင့် အိမ်သို့ရောက်လာလေ၏။ မာမီကြီးသည် မီးဖိုနှင့် ကပ်လျှက် ပစ္စည်းဟောင်းများထားသောနေရာကို ညိုမနေထိုင်ရန် အတွက်ပေးလေ၏။ ညိုမလည်း ရောက်လျှင်ရောက်ချင်း အမောမျှပင် မဖြေရသေးဘဲ ထိုအခန်းကို ခက်ခဲစွာရှင်းရလေတော့၏။

ထိုသို့ ရှင်းနေချိန်၌ပင် ခြေရင်းအိမ်၊ ခေါင်းရင်းအိမ်မှ မိန်းမကြီး၊ မိန်းမလတ်၊ မိန်းမငယ်တို့သည် ညိုမအား ကြည့်ရှုရန်အတွက် ရောက်ရှိလာကြသည်။ ထိုသို့ရောက်ရှိလာရုံမျှမကအချင်းချင်းလည်း ညိုမ၏ အကြောင်းကို တီးတိုးဝေဖန် ပြောဆိုကြလေတော့၏။

ညိုမရှင်းလင်းနေသောအခါ အတွင်းမှ ကင်းမြီးကောက်တစ်ကောင် ထွက်လာသဖြင့် ခက်ခက်က အော်လေ၏။ တက်တက်ကလည်း 'ကင်းကြီး၊ ကင်းကြီး' ဟုပြော၍ ခုန်နေလေ၏။ ညိုမသည် အနီးရှိ ပျဉ်ချောင်းတစ်ချောင်းကို ကောက်ယူပြီးလျှင် ထိုကင်းမြီးကောက်အား 'ဂွပ်' ကနဲ တစ်ချက်တည်း ရိုက်သတ်လိုက်ပြီးနောက် ကောက်ယူပြီး ပြတင်းပေါက်မှပစ်လိုက်လေတော့၏။ ထိုအပြုအမူကိုမြင်ရသော မိန်းမတစ်


BURMESE CLASSIC .com

www.burmeseclassic.com


ယောက်က

"လက်ရဲဇက်ရဲတော့. . . အကုသိုလ်ကိုလည်း ကြောက်မယ့်ဟာ မဟုတ်ဘူး"ဟု ပြောလိုက်ရာ ကျန်သောမိန်းမတစ်ဦးကလည်း

"ဟုတ်ပ့ါ . . ."ဟု ထောက်ခံလိုက်လေ၏။ ညိုမသည် ထိုအခန်းကို ရှင်းပြီးနောက် ပျဥ်ပြားအချို့ကို ဖုန်ခါပြီးလျှင် တမံသလင်းတွင် ခင်းကာ ၎င်းအိပ်စက်ရန် အိပ်ရာကလေးကို ပြင် ဆင်လေတော့၏။ တက်တက်သည် ညိုမထံသို့ ရောက်လာပြီးလျှင်

"မီးလုံးတော့ရှိတယ်၊ ကျွမ်းနေတာလား၊ ကားရင့် မလာတော့တာလားမသိဘူး. . ."ဟု ပြောလိုက်ရာ ညိုမက-

"ရပါတယ်ကွယ်. . ."ဟု ဆိုကာ ၎င်း၏ သေတ္တာအတွင်းမှ ဝက်အူလှည့်ကလေးကိုယူ၍ ဝါယာကြိုး၌ လျှပ်စစ်ဓာတ်အား လာမလာ ထောက် ကြည့်လိုက်လေ၏။ ပြီးလျှင် ကုလားထိုင်တစ်လုံးကိုယူ၍ မီးသီးကိုဖြုတ်ယူကာကြည့်လေ၏။

"မီးသီးကျွမ်းနေတာကွယ့်. . ."ဟုဆိုကာ မီးသီးဝယ်ရန်အတွက် အပြင်သို့ ထွက်သွားလေ၏။

ညိုမထွက်သွားသောအခါ၌ တက်တက်က ၎င်း၏မိခင်နှင့် ဖခင်တို့ ထိုင်နေရာသို့ ရောက်လာပြီးလျှင်

"ဟိုအခန်းထဲက ဓာတ်ကြိုးတွေကို ကားရင့် လာမလာ မညိုမက သူ့မှာပါလာတဲ့ တက်စ်တာနဲ့ စမ်းတယ်၊ သူကိုယ်တိုင် မီးသီးကိုဖြုတ်ကြည့်ပြီး အခုမီးသီးထွက်ဝယ်တာ. . . အတော်ရဲတယ်" ဟု ပြောလိုက်လေ၏။

"အမယ်လေးတော်. . . လျှပ်စစ်များ၊ တို့ဖြင့်မကိုင်ဝံ့ပေါင်. . ." ဟု မာမီကြီးက ပြောလိုက်လျှင် ဒယ်ဒီကြီးက-


BURMESE CLASSIC .com

www.burmeseclassic.com


"ကိုယ်က မကိုင်ဝံ့လို့ မီးမလင်းပေမဲ့ ကိုင်ဝံ့တဲ့လူက ကိုင်ဝံ့လို့ မီးလင်းသွားပြီဆိုရင်တော့ ကိုင်ဝံ့တဲ့လူကို အပြစ်မပြောရဘူး မာမီကြီးရဲ့၊ ဒါဟာ ကဲ့ရဲ့ရမှာ မဟုတ်ဘူး၊ ချီးမွမ်းရမှာ၊ ခင်ဗျားတို့ မိန်းမတွေဟာ ဘယ်ကိစ္စကို ကဲ့ရဲ့ရမယ်၊ ဘယ်ကိစ္စကို ချီးမွမ်းရမယ်၊ ဘယ်ကိစ္စကို အားမကျရဘူး၊ ဘယ်ကိစ္စကို အားကျရမယ်ဆိုတာကို ကွဲကွဲပြားပြား သိတဲ့လူက နည်းတယ်၊ အဲဒီနည်းတဲ့အထဲမှာ မာမီကြီးတို့ မိသားစုက အဆိုးဆုံး ဖြစ်နေတယ်၊ ပြင်စမ်းပါ. . . "ဟု ပြောလိုက်ရာ မာမီကြီးသည် နှုတ်ခမ်းကို ဟန်ပါပါမဲ့လိုက်လေတော့သတည်း။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၃ )

## ‘ တရားထိုင်တဲ့ မညိုမြ’

များမကြာမီ၌ မညိုမ ပြန်ရောက်လာလေ၏။ လက်ထဲတွင်လည်း ဝါယာကြိုးများ မီးလုံးမီးခေါင်းများနှင့် လက်ကိုင်တွင် ဝါယာစွပ်ထားသော ပလိုင်ယာလေးတစ်လက်ပါ ပါလာလေ၏။

ထို့နောက် ကျွမ်းနေသော မီးသီးနေရာတွင် မီးသီးအသစ် တပ်လိုက်၏။ ၎င်း၌ပါလာသော စာကြည့်မှန်အိမ်ကလေးကိုလည်း ပလပ်ပေါက်နှင့်ဆက်ကာ မီးထွန်းကြည့်လိုက်၏။ မီးလင်းသွားသောအခါ၌ ထိုမီးအိမ်ကလေး၏အနီးတွင် စာအုပ်အချို့ကိုထပ်၍ ပုံလိုက်လေ၏။ ပြီးလျှင် အိမ်ရှေ့ခန်းသို့ ထွက်လာပြီးနောက်. . . .

ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com


"မီတာခ မဆောင်ရသေးတဲ့ ဘီလ်တွေရှိရင် ညိုမကိုပေးပါ၊ ညိုမ ဆောင်ပေးမယ် . . ." ဟု ပြောကာ တောင်းယူလိုက်လေ၏။

ထိုအခါ မာမီကြီးက အိမ်တိုင်ရှိ သံတွင် ချိတ်ထားသော မီတာ စာရွက်များအား မေးငေါ့ပြလိုက်လေ၏။ ညိုမသည် ထိုစာရွက်များကို ယူ၍ လအစဉ်လိုက်ဖြစ်အောင် ထပ်လိုက်ပြီးနောက် ပေးဆောင်ရမည့် ငွေများကို ပေါင်းကြည့်လိုက်လေ၏။ ထို့နောက်

"သိပ်မများသေးပါဘူး. . .၊သုံးဆယ်ကျော် လောက်ပဲရှိသေး တယ်၊ ညိုမပဲဆောင်မယ်. . . ." ဟု ပြောလေ၏။ ထို့နောက်တွင်ကား ဒယ်ဒီကြီး၏ ကျန်းမာရေးအခြေအနေကို မေးလေ၏။ ထိုအခါ ဒယ်ဒီကြီး က . . .

"အောက်ပိုင်းသေသွားတာတော့ နှစ်တောင် အတော်ကြာသွား ပြီ. . . .၊ သေသွားတယ်ဆိုတာက လမ်းမလျှောက်နိုင်တာကို ပြောတာ ပါ. . .၊ ခြေထောက်နှစ်ဖက်လုံးကတော့ အထိအတွေ့ကိုသိသေး တယ်. . ."ဟု ပြောလေ၏။ အိပ်ချိန်သို့ရောက် လျှင် အသီးသီး အိပ်ရာသို့ ဝင်ကြလေ၏။ ညိုမသည် အိပ်ရာသို့ မဝင်မီ၌ ဒယ်ဒီကြီး၏ အနီးသို့လာ ပြီးလျှင်-

"ဒယ်ဒီကြီး. . . ဘာလုပ်ပေးရဦးမလဲ. . ."ဟု မေးလေ၏။ ဒယ်ဒီကြီးက ဘာမျှ လုပ်စရာ မရှိကြောင်းပြောလျှင် ထွေးခံနှင့်သေးအိုး ကိုယူ၍ ဆေးကြောပြီးလာ၍ချပေးလေ၏။ပြီးလျှင် မာမီကြီး၏အိပ်ရာအနီး သို့သွားကာ. . .

"မာမီကြီး. . . ဘာလုပ်ပေးရဦးမလဲ. . ."ဟုမေးလေ၏။ ထိုအခါမာမီကြီးက. . . .


BURMESE CLASSIC .com

www.burmeseclassic.com


"ဘာမှ လုပ်ပေးစရာမရှိပါဘူးတော်ရေ့. ." ဟု ပြောလိုက်ရာ ညိုမသည် မာမီကြီးအား စောင်ခြုံပေး၍ မိမိအခန်းဆီသို့ပြန်လာလေ၏။ တစ်နာရီ ခန့်ကြာသောအခါ၌ မာမီကြီးအား တက်တက်ကလာ၍နှိုးလေ၏။ မာမီကြီး က. . . .

"ဘာလဲ. . ."ဟု တိုးတိုးမေးလေ၏။ ထိုအခါ တက်တက် က. . .

"ဒီမှာလာကြည့်. . ."ဟု ဆိုလေ၏။ မာမီကြီးလည်း တက်တက် ခေါ် ရာနောက်သို့လိုက်သွားလေ၏။ ထို့နောက် ညိုမ၏ အခန်းအပြင်မှနေ၍ အခန်းတွင်းသို့ချောင်းကြည့်ခိုင်း၏။ မာမီကြီးလည်း အပေါက်ငယ် တစ်ခုမှ ချောင်းကြည့်လိုက်၏။ ညိုမသည် အညာစောင်ပါးလေးတစ်ခုကို ခေါက်ကာခင်း၍ထိုင်နေ၏။ ခြေထောက်များမှာ ယောဂီများ ထိုင်သကဲ့သို့ တင်ပလ္လင် အနေအထားဖြစ်၏။ လက်နှစ်ဖက်မှာ ခြေထောက်များပေါ် တွင်တင်ထား၏။ လက်ဝဲလက်ပေါ်တွင် လက်ယာလက်ကို တင်ထားပြီး လက်မထိပ်ချင်းထိထား၏။ ထို့ကြောင့် လက်ပုံစံကလေးမှာ ဘဲဥပုံသဏ္ဍာန် ရှည်မျော့မျော့ ခပ်ဝိုင်းဝိုင်း ကလေးဖြစ်နေလေ၏။ ကိုယ်မှာ ဆန့်ဆန့်ဖြစ်၏။ ညိုမ ကမ္မဋ္ဌာန်းထိုင်နေခြင်းဖြစ်၏။

မာမီကြီးသည် ချောင်းကြည့်ရာမှ ခွါလိုက်ပြီးလျှင် တက်တက်ကို ခေါ်၍ထွက်လာလေ၏။ လှေကား အတက်အဆင်းအနီးသို့ ရောက်သော အခါ ၌. . .

"တရားထိုင်နေတာ. . ."ဟု ပြောလိုက်လေ၏။

"သမီး ကြည့်နေတာ ၁ နာရီလောက်ရှိပြီ၊ နည်းနည်းမှ မလှုပ်ဘူး၊ ဘဲရီးဂွတ် သမာဓိ. . ." ဟု တက်တက်ပြောလျှင် မာမီကြီးက. . . .


BURMESE CLASSIC .com

www.burmeseclassic.com


"မိန်းမကတော့ခပ်ဆန်းဆန်းပဲ သမီးရဲ့. . .၊ အိပ်တော့အိပ်တော့. . ." ဟု ပြော၍ အိပ်ရာသို့ အသီးသီးဝင်ခဲ့ကြလေတော့သတည်း။

* * *

**ထမင်းကြော်ကောင်းတဲ့ မညိုမ**

နံနက် ၄ နာရီထိုးသောအခါ၌ ညိုမသည် အိပ်ရာမှ ထပြီးလျှင် ရေနွေးအိုးတည်၍ မီးဖိုခန်းကို သိမ်းဆည်းလေ၏။ ညက မဆေးကြောဘဲ ထားခဲ့သော ပန်းကန်ခွက်ယောက်များကို ကျနစွာဆေးကြောလေ၏။ပြီးလျှင် ထမင်းကြမ်းကို ဇလုံအတွင်းသို့ထည့်ကာ ချေလေ၏။ ထို့နောက် ငါးပိစိမ်းစားအနည်းငယ်ရှာပြီးလျှင်ဖျော်၍ ထိုထမင်းကြမ်းပေါ်တွင် ဆမ်းကာ ပဲငံပြာရည်နှင့် နယ်လေ၏။ ထို့နောက်ဆီသင့်ရုံထည့်၍ ထမင်းကြော်လေတော့၏။

ရေနွေးအိုးဆူလျှင် လက်ဖက်ရည် အချိုဖျော်သော လက်ဖက်ခြောက်အနည်းငယ်၊ အကြမ်းခြောက်အနည်းငယ်ခတ်၍နှပ်လေ၏။

၅ နာရီထိုးသောအခါ၌ ပဲပြုတ်သည်လာသဖြင့် ပဲပြုတ်ဝယ်ပြီးလျှင် ထမင်းကြော်၌ထည့်လေ၏။ လက်ဖက်ခြောက်ကျလျှင် လက်ဖက်ရည်ဖျော်လေ၏။

အိမ်သူအိမ်သားများ အိပ်ရာမှနိုးလာသောအခါ၌ ထမင်းကြော်နှင့် လက်ဖက်ရည်ကို ခူးခပ်ပြင်ဆင်ပေးလေ၏။ ကော်ဖီတစ်ခွက်လည်းဖျော်ထား၏။ ပြီးလျှင် ဒယ်ဒီကြီးအနီးသို့ သွားပြီးလျှင်. . . .

"ဒယ်ဒီကြီး. . . ကော်ဖီသောက်ချင်ရင်လည်းရှိပါတယ်. . . . .၊ ဒါပေမဲ့ လက်ဖက်ရည်လည်း ဖျော်ထားတယ်၊ ညိုမဖျော်တဲ့ လက်ဖက်ရည်ကိုလည်းသောက်ကြည့်ပါဦး"ဟုပြောကာ စားပွဲပေါ်သို့ ချပေးလိုက်ရာ


BURMESE CLASSIC .com

www.burmeseclassic.com


ဒယ်ဒီကြီး က. .

"အိုး. . ဂွတ်ဒ်. . "ဟု ပြောလေ၏။ ထို့နောက် လက်ဖက်ရည်ကို တစ်ငုံခန့်မျှ သောက်ကြည့်လေ၏။ ထိုသို့ သောက်ကြည့်ပြီးနောက် မာမီကြီး ဆီသို့လှမ်းကာ. . . .

"မာမီကြီးရေ. . . ဟောဒီလက်ဖက်ရည်ဟာ ရိုးရိုးအိမ်ဖျော်မျိုး မဟုတ်ဘူး၊ ဆိုင်ဖွင့်ပြီး ရောင်းစားလို့ရတဲ့ လက်ရာမျိုး၊ အချိုခြောက်ထဲကို အကြမ်းခြောက်ထည့်ပြီး နှပ်ထားတာ၊ သောက်တဲ့လူရဲ့ လျှာရင်းကို စွဲစေတယ်. . .၊ ပြီးတော့ နို့ဆီထည့်ထားတဲ့ နှုန်းကလည်း ရမ်းထည့်ထား တာမဟုတ်ဘူး၊ စနစ်တကျတွက်ပြီးထည့်ထားတာ၊ နို့ဆီ ၁ဘူးကို လက်ဖက် ရည်၁၆ခွက်ရအောင်တွက်ပြီး ဖျော်တဲ့နည်းနဲ့ ဖျော်ထားတာ. . ." ဟု ပြောလိုက်လေ၏။ ခက်ခက်ကလည်း ထမင်းကြော်ကိုစားရင်း. . .

"ဒီအစ်မ ကြော်ထားတဲ့ ထမင်းကြော်က တက်တက်ကြော်တဲ့ ထမင်းကြော်မျိုးမဟုတ်ဘူး၊ သိပ်ပြီးစားလို့ကောင်းတာ. . . "ဟု ပြော လိုက်လျှင်တက်တက်က ခက်ခက်၏ခေါင်းကိုလက်ဖြင့် ခေါက်လိုက်ရင်း-

"နောက်တစ်ခါငါကြော်တဲ့ ထမင်းကြော်ကို စားရဲစားကြည့်. . ." ဟု ကြိမ်းလိုက်လေ၏။ ထိုအခါ မာမီကြီးက-

"ဒါကတော့ ငါ့သမီးလေးက အမှန်ပြောတာပဲ မိတက်ရဲ့. . .၊ ညည်း အနေနဲ့ နာစရာမဟုတ်ပါဘူး၊ ဒီမနက် ထမင်းကြော်ဟာ ခါတိုင်း ငါတို့ကြော်တဲ့ ထမင်းကြော်နဲ့ မတူတာကတော့ အမှန်ပဲ၊ ဘယ်လိုကြော် သလဲဆိုတာမေးရမှာပဲ. . ." ဟု ပြောလိုက်လျှင် ညိုမက-

"ငါးပိစိမ်းစား နည်းနည်းကိုရေဖျော်ပြီး ထမင်းကြမ်းခဲပေါ်မှာ ပဲငံပြာ ရည်အနောက်နဲ့အတူရောပြီး ဆမ်းတယ်၊ အဲဒါကို နှံ့အောင်နယ်ပြီးမှ

ပြုံးပန်းတစ်ရာစာပေ
BURMESE CLASSIC .com

www.burmeseclassic.com


လက်တစ်ဆုပ်စာချင်းကြော်တာ၊ အားလုံးကြော်ပြီးမှ ပြန်ပေါင်းပြီး ဒယ်အိုးဖုံးကိုအုပ်ထားလိုက်တာ၊ ပဲပြုတ်ကနောက်မှ ရောထည့်ပေးတာပါ. .၊ ဒီ့ထက်စားလို့ ကောင်းချင်ရင်တော့ လက်ဖက်အသား နည်းနည်းထည့်ပြီး ကြော်ရင်ပိုကောင်းတာပေါ့. . .”ဟု ပြောလိုက်လျှင် တက်တက်သည် ညိုမမကြားစေရန်တိုးတိုးကလေး. . . .

“တော်တော်တတ်တဲ့. . . မတတ်ပဲ့”ဟု ရေရွတ်လိုက်လေတော့သတည်း။

* * *

**“ဝဲလ်ကမ်း မညိုမ”**

ထို့နောက် မညိုမသည် ဒယ်ဒီကြီးအား နေရာရွှေ့ပြီးလျှင် ကုတင်ကို ဖြုတ်၍ ကုတင်တိုင်ကြားမှ ကြမ်းပိုးများကိုရှာလေ၏။ ပြီးလျှင် စောင်၊ ခြင် ထောင်များကို ဆပ်ပြာဖြင့်ပြုတ်၍လျှော်လေ၏။ ဒယ်ဒီကြီး၏ အဝတ်အစား များကိုလည်း လျှော်လေ၏။ ပေါက်ပြဲနေသော အဝတ်များကို ဖာထေးပေး၏။

ထို့နောက် ဈေးသို့သွား၍ ဟင်းချက်စရာများဝယ်ပြီးလျှင် ဟင်းချက်လေ၏။ ဟင်းချက်စရာ ဝယ်ရာ၌လည်း တို့စရာကို စုံအောင်ဝယ်၏။ ငါးပိရည်ကို ဟင်းလောက်နီးနီး ကောင်းအောင်ဖျော်၏။ အလုံးစုံ ကျက်သောအခါ၌ နံနက်စာတည်ခင်းကျွေးမွေးလေတော့၏။

အငွေ့တထောင်းထောင်းထနေသော ငါးပိရည်ခွက်နှင့် တို့စရာ အစုံတို့ကိုမြင်လျှင် ဒယ်ဒီကြီးက-

“ငါးပိရည်နဲ့ ဒီတို့စရာတွေ မြင်တာနဲ့ကို ထမင်းက စားချင်နေပါပြီ. . . .”ဟုပြောလေ၏။ မိသားစု ၄ ယောက်သည် ထိုနေ့နံနက်စာကို

www.burmeseclassic.com


မြိန်ယှက်စွာ စားသောက်ကြလေ၏။ ဒယ်ဒီကြီးသည် ထမင်းစားရင်းနှင့်လည်း ငါးပိရည်၏ကောင်းကြောင်းကို ချီးကျူးလေ၏။ အခါတိုင်း၌ မိသားစု ၄ ဦး ထမင်းစားသောအခါ ဟင်းသည်လောက်သည်ဟူ၍မရှိပေ။ ယခုအခါ၌မူ စားသောထမင်းလုတ်၏ လေးပုံသုံးပုံမှာ ငါးပိရည်အား ဦးဆောင်ဦးရွက်ပြု၍ စားသောကြောင့်ဟင်းပိုနေ၏။

အားလုံးစားပြီးသောအခါ၌ ညိုမတစ်ယောက်တည်း ပန်းကန်ခွက်ယောက်များကိုဆေးကြော၏။ သိမ်းဆည်းစရာရှိသည်ကို သိမ်းဆည်း၏။ နေ့လယ် ၁ချက် ထိုးခါနီးမှပင် ညိုမထမင်းစားလေ၏။

ညနေပိုင်းသို့ ရောက်သောအခါ၌ ဒယ်ဒီကြီးအနားတွင် အားလုံးစုမိကြလေ၏။ ညိုမလည်း ထိုအနီးတွင်ရှိနေ၏။ ထို့နောက် ညိုမသည်အနီးမှ ထသွားပြီးလျှင် ညနေစာအတွက် ပြင်ဆင်ချက်ပြုတ်လေ၏။ ညနေအတွက်မူ ဟင်းခါးနှင့်အသုတ်ကို ဦးစားပေး၍ စီစဉ်လေ၏။ အသုပ်မှာ သင်္ဘောသီးသုပ်ဖြစ်၏။ ည ၇ နာရီလောက်တွင် ညစာစားသောက်ကြလေ၏။ ထိုအခါ၌လည်း မိသားစု ၄ယောက်သည် မြိန်ယှက်စွာ စားသောက်ကြလေ၏။ ဒယ်ဒီကြီးသည် ညိုမချက်သော ဘူးသီးဟင်းခါးကို ခံတွင်းတွေ့နေပုံရ၏။ မာမီကြီးမှာမူ သင်္ဘောသီးသုပ်ကို အားရပါးရစားနေ၏။ ညိုမမှာမူဝင်၍မစားဘဲ ထမင်းပွဲအတွက် လိုအပ်သည်များကို လုပ်ကိုင်ပေးနေလေ၏။

တက်တက်သည် ထမင်းစားသောအခါ၌ ပြတ်ပြတ်ပြက်ပြက်နှင့် မြည်အောင် စားသောကြောင့် ညိုမက ထိုသို့ပြတ်ပြတ်ပြက်ပြက်နှင့် မြည်အောင်မစားကောင်းကြောင်း ပြောဆိုဆုံးမလေ၏။ သို့ရာတွင် တက်တက်သည် ဆုံးမသည်ကို မခံယူသည့်အပြင် ညိုမအားတစ်ချက် မျက်စောင်းထိုး


BURMESE CLASSIC .com

www.burmeseclassic.com


၍ ကြည့်လိုက်၏။ ထိုအခါ ဒယ်ဒီကြီးက. .

"မျက်စောင်း မထိုးနဲ့သမီး. . . ညိုမ ပြောတာမှန်တယ်၊ အဲဒီလို မစားရဘူးလို့ ဒယ်ဒီကြီးလည်း ပြောခဲ့ဖူးပါတယ်၊ သမီးမလိုက်နာခဲ့ဘူး၊ သူပြောတာမှန်တယ်၊ ဒါပေမဲ့ ကိုယ်ကအကျင့်ပါနေလို့မပြင်နိုင်ဘူးဆိုရင် ကိုယ့်ဘက်ကည့်တာပဲ၊ ဒီလိုနားလည်ရမယ်. . .၊ ယောက်မဆိုတဲ့ စာလုံးကို 'ယပက်လက်'နဲ့ ပေါင်းနေကြတယ်၊ ဒါပေမယ့် 'ရကောက်' နဲ့ပေါင်းတယ်လို့ သဘောထားလိုက်ပါ၊ 'ရကောက်'နဲ့ ပေါင်းလိုက်ရင် ကိုယ့်အိမ်ကို 'ရောက်' လာတဲ့ အစ်မတစ်ယောက်လို့ သဘောထားနိုင်ရမှာပေါ့. . .၊ သူကတော့ သူ့ကိုယ်သူ အစ်မတစ်ယောက်လိုခံယူပြီး သူ့ကိုယ်သူ ဆုံးမပြီး၊ ပြုပြင်ပြီး၊ သမီးက ညီမတစ်ယောက်လိုခံယူပြီး သူပြောတဲ့အတိုင်း ပြုပြင်လိုက်ရုံပဲ. .၊ အဲဒီလိုဆိုရင်အဆင်ပြေသွားပြီ. . ." ဟု ပြောလေ၏။ ထိုအခါ တက်တက်က-

"မှားတာပဲဖြစ်ဖြစ်၊ မှန်တာပဲဖြစ်ဖြစ် ထမင်းစားနေတုန်း ပြောတာတော့ တက်တက် မကြိုက်ဘူး. . ." ဟုပြောလိုက်ရာ ဒယ်ဒီကြီးက မျက်လုံးပြူးသွား၏၊ မာမီကြီးကလည်း 'ဟဲ့ - ဟဲ့. . .'ဟု ဟန့်တားလိုက်၏၊ သို့ရာတွင် ညိုမက ရယ်လေ၏။ စိတ်ဆိုးပုံလည်းမရပေ။

"ကောင်းပြီ တက်တက်ရေ. . .၊ အခုလို ရှင်းရှင်းသိရတော့ ပိုပြီးကောင်းတာပေါ့. . .၊ မကြိုက်တာကို မကြိုက်ဘူးလို့ပြောတာဟာ မှန်တာပဲ၊ မမဘက်ကလည်းပဲ ပြောရမယ့်ကိစ္စကိုတော့နောက် ဆုတ်မှာမဟုတ်ဘူး၊ စားတုန်းသောက်တုန်းမှာ ပြောတာမကြိုက်ရင်တော့ စားပြီးရင်ပြောရမယ်၊ ပြောတဲ့ ကိစ္စမှာလည်း စေတနာပါတယ်၊ ကောင်းစေချင်တဲ့ စေတနာဟာ အဓိကပါတယ်၊ နောက်ပြီးတော့ ဒီအိမ်ကြီးမှာ နေမယ်လို့ မမဆုံးဖြတ်ပြီး


BURMESE CLASSIC .com

www.burmeseclassic.com


လာကတည်းက ဒယ်ဒီကြီးကို အဖေအရင်းလို၊ မာမီကြီးကို အမေအရင်းလို၊ တက်တက်တို့ ခက်ခက်တို့ကို ညီမအရင်းတွေလို သဘောထားပြီးနေမလို့ ဆုံးဖြတ်ပြီးလာခဲ့တာ. . .၊ အဲဒီတော့ ညီမတွေ ပြုပြင်ရမယ့်ကိစ္စတွေကို အစ်မတစ်ယောက်အနေနဲ့ ပြောရမှာပဲ. . .၊ ဒါပေမဲ့ အစ်မဖြစ်လေတော့ ညီမတွေနဲ့ ဘယ်တော့မှ ရန်မဖြစ်ဘူး၊ ပြောစရာရှိတာကိုပြောမယ်၊ ရန်မဖြစ်ရုံမဟုတ်ဘူး၊ စိတ်ထဲမှာလည်း တေးမှတ်မထားဘူး၊ အစ်မဟာ တက်တက်တို့ အစ်ကို ကိုကျော်ကျော်လှိုင်ရဲ့မိန်းမတစ်ယောက်အနေနဲ့ ပြောတာမဟုတ်ဘူး၊ တကယ့်ကို အစ်မရင်းလိုသဘောထားပြီး ပြောတယ်လို့ နားလည်ပါ" ဟု ညိုမက ပြောလိုက်လျှင် ဒယ်ဒီကြီးက တဟားဟား ရယ်ရင်း. . . .

"ကဲ. . . မာမီကြီး. . . ခင်ဗျား ဝမ်းမနာဘဲနဲ့ သမီးကြီးတစ်ယောက်ရပြီ၊ ဘယ်လောက်ဝမ်းသာ ဖို့ကောင်းသလဲ၊ ဒါကို ကြိုဆိုရမယ်၊ ဘယ်လောက် ဝမ်းသာဖို့ကောင်းသလဲ၊ ကျုပ်ကတော့ ဝမ်းသာတယ်၊ ပြီးတော့ ကြိုလည်း ကြိုဆို တယ်. . . ဝဲလ်ကမ်း မညိုမ" ဟု စိတ်ပါလက်ပါ ပြောလိုက်လေတော့သတည်း။

❑


BURMESE CLASSIC .com

www.burmeseclassic.com



## အခန်း ( ၄ )

## လက်သမားလုပ်တဲ့မညိုမြ

တစ်နေ့တွင် မိသားစုစကားဝိုင်း၌ ညိုမက အောက်ပါအတိုင်း ပြောလေ၏။

"ညိုမတစ်ခုပြောချင်တယ်. . .၊ အိမ်ရှေ့တည့်တည့်မှာ ကားမှတ်တိုင်ရှိနေတယ်၊ အဲဒီ မှတ်တိုင်မှာ လူပေါင်းတစ်ထောင် ထက်မနည်း တစ်နေ့တစ်နေ့ကို အတက်အ ဆင်းလုပ်နေကြတယ်၊ မိုးရွာတဲ့အခါ ဒီအိမ်အောက်ကိုတောင်လာပြီး မိုးခိုကြတယ်၊ အဲဒီတော့. . . ဟောဟို ကော်ရစ်ဒါလေးမှာ ခုံလေးရိုက်ပြီး ဆေးလိပ်ကွမ်းယာရတဲ့ ဆိုင်ကလေး တစ်ဆိုင်ဖွင့်လိုက်ရင်ကိုပဲ ခရီးသည်တွေအတွက်လည်း အဆင်ပြေသွား



BURMESE CLASSIC .com

www.burmeseclassic.com


မယ်၊ အိမ်အတွက်လည်း နေ့စဉ်စားစရိတ်၊ သောက်စရိတ် မပူရတော့ဘူး ပေါ့. . .”

ညိုမစကားဆုံးသည်နှင့်တက်တက်က. . .

“အခုကတည်းကပြောမယ်နော်. . .၊ ဆိုင်ဖွင့်ချင်ဖွင့်၊ မဖွင့်ချင်နေ၊ တက်တက်ကိုတော့ ဆိုင်ထိုင်ခိုင်းဖို့ စိတ်မကူးနဲ့. . .” ဟု ပြင်းပြင်းထန်ထန်ဟန့်တားကန့်ကွက်လေတော့၏။ မာမီကြီးကလည်း. . .

“ဈေးတော့ မရောင်းဝံ့ပါဘူး၊ မျိုးရိုးကလည်း ဈေးသည်မျိုးရိုး မဟုတ်ဘူး. . .၊ တို့အဖေက ဘီအိုစီ ကိုယ်စားလှယ်၊ အမေက ကျောင်းဆရာမ. . .၊ တို့ကိုယ်တိုင်လည်း အေဘီအမ်ကျောင်းထွက်၊ အဲဒီအဆင့်အတန်းမျိုးကလာတာ. . .၊ ကွမ်းယာ ဆေးလိပ်မရောင်းနိုင်ပါဘူး တော်. . .”ဟုပြောလေ၏။ ညိုမသည် စိတ်ဆိုးခြင်းမရှိ၊ ပကတိအေးချမ်းသော မျက်နှာနှင့်ပြုံး၍နေ၏။

“ညိုမပြောတာက ဒီလိုပါ. . .၊ မာမီကြီးလည်း ဆိုင်မထိုင်နဲ့. . .၊ တက်တက်လည်း အနားတောင်မလာနဲ့. . .၊ ညိုမတစ်ယောက်တည်း ရောင်းမယ်. . .၊ အဲဒါကော သဘောတူသလား. . .” ဟု ပြောလိုက်ရာ

“ဒါကတော့. . . ညည်းရောင်းနိုင်ရင် ရောင်းပေါ့. . .၊ တို့နဲ့တော့ မပတ်သက်ဘူး. . .” ဟု မာမီကြီးက ပြောလေ၏။ ညိုမသည် ပြုံးမြဲပြုံးနေ၏။ ပြီးလျှင်. . .

“မပတ်သက်လို့တော့မရဘူး မာမီကြီး၊ အဲဒီဆိုင်ကရတဲ့ဝင်ငွေနဲ့ တစ်အိမ်လုံးကိုချက်ကျွေးမှာ. . .၊ အဲဒါလေးတော့ စားရမယ်နော်. . .” ဟု ပြောလိုက်ရာ မာမီကြီး၏မျက်နှာသည် မဲ့၍သွားလေ၏။ တက်တက်က မူ မျက်စောင်းတစ်ချက်လှမ်း၍ ထိုးလိုက်၏။ ဒယ်ဒီကြီးက ဆေးတံပိုက်မှ


BURMESE CLASSIC .com

www.burmeseclassic.com


ဆေးချေးများ ကို စက္ကူဖြင့်သုတ်ရင်း. . .

"ဒီလိုညိုမရဲ့. . .၊ ဆန်မရှိဘဲ အစားကြီး တယ်ဆိုတဲ့ စကားဟာ တို့မိသားစုအတွက် သီးသန့် ဖြစ်နေတဲ့ စကားပဲ. . .၊ တို့အိမ်ရဲ့ စီးပွားရေး အခြေအနေဟာ. . . သုညအောက်ကိုရောက်နေပြီ. . .၊ ခေါင်းရင်းအိမ် ခြေရင်းအိမ်၊ နောက်ဖက်ကတရုတ်ဆိုင်က ကြွေးတွေလည်း ပွနေပြီ. . .၊ အိမ်မှာရှိတာလေးတွေ၊ ရောင်းလို့ရတာလေးတွေ၊ ပေါင်လို့ ရတာလေးတွေ လည်း တက်တက်ပြောင်နေပြီ. . .၊ မနက်စာစားပြီးရင် ညစာစားဖို့ မသေချာတဲ့ဘဝ၊ တက်တက်ရှုံးသွားခါနီး လမ်းစရိတ်မရှိလို့ ခေါင်းရင်း အိမ်သွားပြီး တစ်ကျပ်ချေးရ၊ ငါးမူးချေးရဆိုတာတွေလည်း နေ့တိုင်းလိုလိုပဲ၊ ပြီးတော့ တရုတ်ဆိုင်ကိုသိပ်ပြီးအားကိုးကြတယ်၊ ဟိုက အလကားပေးတာ မဟုတ်ဘူး၊ ကြွေးပေးတာ တစ်နေ့မဆပ်ဘဲ နေလို့ မရဘူး. . .၊ အဲဒီလို မပြည့်စုံတဲ့ အိမ်ထောင်စုဟာ ကြွေးတွေဝိုင်းလာရင် ကိုယ့်ရဲ့အိမ်တွင်းရေး ကို ဒုက္ခပေးနိုင်တယ်. . .၊ အခု ညိုမလုပ်မယ်ဆိုတဲ့အလုပ်ကို ဒယ်ဒီကြီး သဘောတူတယ်. . ." ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ညိုမ သည် အပြင်သို့ ထွက်သွားပြီးလျှင် ပြန်လာသောအခါ၌ သစ်သားများကို ဆိုက်ကားနှင့်တင်ကာ ပြန်၍ရောက်လာ၏။ လွှတစ်လက်နှင့်လက်သမား ပစ္စည်းအချို့လည်းပါလာ၏။ လက်သမားသုံး ခေါက်ပေတံတစ်ချောင်းနှင့် ခဲတံပြားကြီးတစ်ချောင်းလည်းပါလာ၏။

ပြီးလျှင် အိမ်ရှေ့သမံတလင်း ကော်ရစ်တာလေးကို တိုင်းထွာ၏။ သစ်သားများကို ရွေးဘော်ထိုး၏။ ဖြတ်တောက်၏။ တဒိုင်းဒိုင်း တဒုန်းဒုန်း နှင့် ရိုက်နှက်၏။

ညနေပိုင်းသို့ရောက်သွားသောအခါ၌ ထိုအိမ်ကြီး၏ရှေ့တွင်


BURMESE CLASSIC .com

www.burmeseclassic.com


သေသပ်ကျနသော သစ်သားဆိုင်ခုံကလေးသည် ပြီးစီးသွားလေတော့၏။ တက်တက်သည်ထွက်၍ကြည့်ပြီးနောက်. . .

"မာမီကြီး. . .၊ ထွက်ကြည့်ပါဦး၊ မတတ်ပဲ့ ရိုက်ထားတဲ့ ခုံကလေးက အတော့်ကိုသပ်ရပ်တယ်၊ မိန်းမတန်မဲ့ လက်သမားလည်းလုပ်တတ်တယ်. . .၊ အံ့ရော. . အံ့ရော. . ." ဟု ပြောသဖြင့် မာမီကြီး လည်း ထွက်၍ကြည့်ပြီးလျှင် တက်တက်၏နားအနီးသို့ကပ်ကာ တစ်စုံတစ်ခု တီးတိုးပြောလေ၏။ ထိုအခြင်းအရာကိုကြည့်နေသော ဒယ်ဒီကြီးက. . .

"ဟိုသားအမိ. . . ဒီကိစ္စဟာ အတင်းပြောမယ့် ကိစ္စမဟုတ်ဘူး. . .၊ စံနမူနာထားရမယ့်ကိစ္စဖြစ်တယ်၊ မိန်းမတစ်ယောက်ဟာ လက်သမားမလုပ်တတ်ရဘူးလို့ ဥပဒေမရှိဘူး၊ အဲဒီတော့ ညိုမ လက်သမားတတ်တာဟာ ကဲ့ရဲ့ရမယ့်ကိစ္စမဟုတ်ဘူး၊ ချီးမွမ်းရမယ့်ကိစ္စ၊ အဲဒါကိုကဲ့ရဲ့ရင် လောကငရဲကြီးသွားလိမ့်မယ်. . ." ဟု လှမ်း၍ဟန့်တားလိုက်လျှင် မာမီကြီးက. . .

"ဒယ်ဒီကြီးရဲ့ ရွှေချွေးမကို မကဲ့ရဲ့ပါဘူး ရှင်. . ." ဟု ခပ်ငေါ့ငေါ့ပြန်၍ပြောလိုက်လေတော့သတည်း။

**ကွမ်းယာဆေးလိပ်ရောင်းတဲ့ မညိုမ**

ညိုမသည် ဆိုင်ခုံကလေးကိုရိုက်ပြီးသော အခါ၌ အပြင်သို့ပြန်၍ ထွက်သွားပြန်၏။ မိုးချုပ်စပြုမှပင် ပြန်၍ရောက်လာ၏။ သူနှင့်အတူ ဝပ်ရှော့မှ သာဂေါင်ကြီးဆိုသောကလေးလည်းပါလာ၏။ တောင်းကြီး ၂ လုံးအပြည့် ပစ္စည်းများလည်းပါလာ၏။ တစ်တောင်းကိုသူကရွက်၏။ ကျန်တစ်တောင်းကို သာဂေါင်ကြီးကထမ်းရ၏။ တောင်းများချပြီးသော အခါ၌. . .


BURMESE CLASSIC .com

www.burmeseclassic.com


"သာဂေါင်ကြီး မောနေပြီလား။ မမောပါနဲ့ မောင်လေးရယ် . . . မမ လက်ဖက်ရည်ဖျော်တိုက်ပါ့မယ်။ . . " ဟု ဆိုကာ လက်ဖက်ရည်ဖျော်၍ သူလည်းသောက်၏။ သာဂေါင်ကြီးကိုလည်း တစ်ခွက်တိုက်၏။ ထို့နောက် တောင်းအတွင်းမှ ပစ္စည်းများကိုထုတ်ကာ ပုလင်းများအတွင်းသို့ ထည့်သည်ကထည့် ၏။ဆေးလိပ်စည်းများကိုကြိုးဖြည်၍ရေတွက်၏။ ရေတွက်ပြီးသောအခါ၌ ဖလားအတွင်းသို့ ရေထည့်ကာ ဆေးလိပ်အစီခံများကို ရေတွင်နှစ်၍ ဆေးလိပ်၏ ထိပ်ဖက်မှပါးစပ်ဖြင့်မှုတ်ထုတ်၏။ ဖုန်မှုန်များ သန့်စင်သွားရန်ဖြစ်၏။

ကွမ်းရွက်များကို အညှာများဖြတ်ပစ်၏။ ရေဆေးပြီး ဗန်းထဲတွင် ထည့်ကာ ရေစိုအဝတ်ကလေးဖြင့် အုပ်ထား၏။ ထုံးကိုအိုးအတွင်းသို့ ထည့်ကာ ရေထည့်ပြီးမွှေထား၏။ အချိန်အတန်ကြာသောအခါ ထိုရေကို သွန်ပစ်၏။ ရေအသစ်ထည့်၏။ ဤသို့လျှင် အကြိမ်ကြိမ်အဖန်ဖန်လုပ်ကာ ထုံးအခိုးကို သတ်ပစ်၏။ရှားဆေးကိုလည်း အိုးတွင်ထည့်၍ အစာကြေအောင်ချေ၏။ ထို့နောက် ကွမ်းယာတွင် ထည့်မည့်ပစ္စည်းများကို ဘူးများဖြင့်ထည့်၍ အသင့်ပြုလုပ်၏။

မိုးချုပ်သွားပြီဖြစ်၏။ သို့ရာတွင် ညိုမနှင့် သာဂေါင်ကြီးဆိုသော သူငယ်ကလေးသည် ဆိုင်ကို အစမ်းတည်ခင်းကြည့်ကြ၏။ အချိုးကျလျှင် ပစ္စည်းများကို ပြန်၍သိမ်းကြ၏။ ထို့နောက်မှ ၎င်းတို့နှစ်ဦး ထမင်းစားကြ၏။ ပြီးလျှင် စာအုပ်ရှည်တစ်ခု၌ ဝယ်လာသော ပစ္စည်းစာရင်းကို ညိုမက ပြုလုပ်၏။ သာဂေါင်ကြီးကိုလည်း သင်ပြပေး၏။

သာဂေါင်ကြီးသည် ညအိပ်ခါနီးမှ ဝပ်ရှော့သို့ ပြန်သွားရ၏။ နံနက်မိုးလင်းသောအခါ ရောက်လာပြီးလျှင် ညိုမ၏ကွမ်းယာ ဆေးလိပ်ဆိုင်

www.burmeseclassic.com


ကလေးရှေ့သို့ ရောက်လာပြီးလျှင် တံမြက်စည်း လှည်းပေးထား၏။ ရေဖျန်း ပေးထား၏။

ညိုမသည် ၄နာရီခန့်တွင်ထ၍ လက်ဖက်ရည်ဖျော်ခြင်း၊ ထမင်း ကြော်ခြင်းများကိုပြုလုပ်၍ ဆိုင်ကိုဖွင့်လေတော့၏။ ဆိုင်တွင် တစ်နေကုန် ထိုင်ကာ ရောင်းပေးနေ၏။

လူပါးသွားသောအခါ၌ အိမ်မှုကိစ္စများကို ထ၍လုပ်ပေးသေး၏။ ထမင်း ဟင်းချက်စရာရှိသည်များကို ချက်ပေး၏။

နောက်တစ်နေ့ နံနက်စာတွင် ကြက်သားဟင်းဆီပြန်၊ ပဲနီလေး ဟင်းချို၊ သခွားသီးသုပ် စသည်တို့ဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ အိမ်သူ အိမ်သားများကို ကျွေးလေ၏။ နေ့စဉ် ဝင်ငွေစာရင်းများကို အတိအကျ ရေးမှတ်ထားခဲ့၏။ သာဂေါင်ကြီးကိုလည်း မုန့်ဖိုးပေး၏။

တစ်လခန့်ရောင်းပြီးသောအခါ၌ ညိုမ၏ ဆိုင်ကလေးသည် တွင်တွင်ကျယ်ကျယ်ရောင်းရသော ဆိုင်ကလေးတစ်ဆိုင် ဖြစ်လာလေ တော့၏။ ထိုဆိုင်မှရသောငွေဖြင့်ပင် တစ်အိမ်သားလုံးကို ကျွေး၏။ ဆိုင်ပစ္စည်းများကိုလည်း ပြည့်စုံစွာဝယ်၍ ထည့်ထား၏။

ညိုမသည် သာဂေါင်ကြီးအား ဈေးရောင်း တတ်ရန်သင်ပေး၏။ ညိုမ၏ ကွမ်းယာဆိုင်ကလေးသည် အထည်ကြီးပျက်အိမ်တစ်အိမ်၏ စားဝတ် နေရေးကို ကောင်းစွာထိန်းနိုင်ပြီ ဖြစ်လေတော့သတည်း။

**ဆံပင်ညှပ်ကောင်းတဲ့ မ "တတ်ပ့ါ"**

ကားမှတ်တိုင်သို့ ရောက်လာကြကုန်သော ခရီးသည်တို့သည် ညိုမဆိုင်ထွက်ခြင်းအတွက် လွန်စွာမှအဆင်ပြေကြလေ၏။ ညိုမ၏ဆိုင်


BURMESE CLASSIC .com

www.burmeseclassic.com


တွင် ကွမ်းယာဆေးလိပ်သာမက ပရုပ်ဆီ၊ တံဆိပ်ခေါင်း၊ စာအိတ်၊ တွယ်ချိတ်၊ ခေါင်းကိုက်ပျောက်ဆေး၊ ဝမ်းပိတ်ဆေး. . . စသည်တို့ပင် ရှိနေပြီဖြစ်၏။

ညိုမသည် ဒယ်ဒီကြီး၏ ဝှီးချဲလေး ပျက်နေသည်ကို ပလိုင်ယာတစ်ချောင်းဖြင့် ပြင်၍ပေးနေ၏။

"ဒယ်ဒီကြီးရဲ့ဝှီးချဲက အခြေအနေ တော်တော်ဆိုးနေပြီ. . .၊ ညိုမပြင်တာကို ၃ခါလောက်ရှိနေပြီ၊ အသစ်ဝယ်မှဖြစ်မှာ. . "ဟု ပြောလိုက်လေ၏။ ပြောသည့်အတိုင်းလည်း နောက်နေ့ ဆိုင်ပစ္စည်းများ ဝယ်ရာတွင် ဝှီးချဲအသစ်တစ်စီးပါဝယ်လာခဲ့လေ၏။ ဒယ်ဒီကြီးလည်း ဝှီးချဲအသစ်ကို စီးရင်း ပျော်နေ၏။

"ပေါ့လိုက်တာ မပြောပါနဲ့တော့ ကွာ. . .၊ ဘီးကိုကိုင်ပြီး နည်းနည်းလေးတွန်းလိုက်တာနဲ့ ဝေါကနဲထွက်သွားတယ်. . .၊ ဟို အဟောင်းကြီးကတော့ အားကုန်တွန်းလည်း မရဘူးဟေ့. . .၊ ရွှေ့ကို မရွှေ့တာ. . .၊ ဟိုဟာကြီး ကြာကြာစီးရရင်တော့ အသက်တိုမှာပဲ. . "

ဒယ်ဒီကြီးသည် ပျော်နေ၏။ ကလေးငယ်တစ်ဦး စက်ဘီး အသစ်စီးရသကဲ့သို့ဖြစ်နေ၏။ နေ့ခင်း စျေးဝယ်ပါးသောအချိန်၌ ညိုမသည် ဒယ်ဒီကြီးအား ဆံပင်ညှပ်ပေးလေ၏။ ညိုမက ဘီးနှင့်ကတ်ကျေးကို သုံး၍ တချပ်ချပ်ညှပ်၏။ ဒယ်ဒီကြီးက မှန်ဝိုင်းလေးတစ်ချပ်ကိုကိုင်၍ သူ၏ ဆံပင်ပုံကိုကြည့်နေ၏။

တက်တက်က မာမီကြီးအနီးသို့ ကပ်ကာ. . .

"ဟိုမှာ မညိုမ ဆံပင်ညှပ်နေတာ တကယ့် ဆံပင်ညှပ်သမားကျနေတာပဲ. . .၊ ဒယ်ဒီကြီးကလည်း သဘောတွေကျလို့. . .၊ တော်တော်


BURMESE CLASSIC .com

www.burmeseclassic.com


တတ်တဲ့ မတတ်ပ့ါ” ဟု ပြောကာ မဲ့လိုက်လေ၏။ ညိုမသည် ဆံပင်ညှပ်ရင်း

“ဒယ်ဒီကြီး. . . လူဟာ အသက်ကြီးလို့ တစ်ခေါင်းလုံးဖြူသွားရင် လည်းကြည့်လို့ကောင်းတယ်၊ အဲဒီလိုမဖြူဘဲ ပျောက်တိပျောက်ကျားဖြူရင် တော်တော်ကြည့်ရဆိုးတယ်၊ ဘာပဲဖြစ်ဖြစ် ညိုမဆေးဆိုး ပေးမယ်. . .” ဟု ပြောလိုက်ရာ ဒယ်ဒီကြီးက ရယ်လေ၏။

“ဆေးဆိုးတာတော့ ဟုတ်ပါပြီ ညိုမရယ်၊ ဆေးဆိုးပြီး ဂိုက်တွေ ဆိုက်တွေနဲ့ ဒယ်ဒီကြီး ဘယ်နေရာသွားပြီး ရှိုးပြရမှာလဲ. . .၊ ဒယ်ဒီကြီး ကတော့ ကုတင်ပေါ်ကနေဝှီးချဲ၊ ဝှီးချဲပေါ်ကနေကုတင်. . . ဒါပဲ ဒယ်ဒီကြီးရဲ့ကမ္ဘာလေ. . .” ဟု စိတ်ပျက် အားငယ်သောလေသံဖြင့် ပြောလိုက်လေ၏။

“ရှိုးပြဖို့မဟုတ်ဘူး ဒယ်ဒီကြီးရဲ့၊ ကျန်းမာခြင်းနှင့်အတူ နုပျိုခြင်း ဆိုတာ လိုအပ်တယ်မို့လား၊ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုပြန်ကြည့်တဲ့အခါ နုပျိုခြင်းတွေကိုတွေ့ရမယ်၊ ဒါမှ ငါမအိုသေးဘူး. . . ဆိုပြီး အားတွေတက် လာမှာ. . .”ဟုဆိုကာ ညိုမသည် အိန္ဒိယမှလာသော ဟင်းမလီးယား ခေါင်းဆိုးဆေးဖြင့် ဒယ်ဒီကြီး၏ခေါင်းကို ဆိုးပေးလေတော့၏။

မုတ်ဆိတ်များ၊ နှုတ်ခမ်းမွေးများကိုလည်း ဘလိတ်ဒါးကို လက်ဖြင့်ကိုင်၍ ရိတ်ပေးလေ၏။ အလုံးစုံပြီးသောအခါ၌ ဒယ်ဒီကြီးအား ခေါင်းလျှော်ပေးပြီး ခေါင်းကို ခြောက်အောင်လုပ်ပေး၏။ ပြီးလျှင် ချယ်ရီ ခေါင်းလိမ်းဆီ အနည်းငယ်ထည့်၍ ခေါင်းဖြီးပေးပြီး ထို့နောက် ဝှီးချဲကို မှန်ရှေ့သို့ တွန်းသွားပြီးလျှင်. . .

“ကဲ. . . ကြည့်ပါဦး. . .” ဟု ဆိုကာမှန်ကြည့်ခိုင်း၏။ ဒယ်ဒီကြီး သည် မှန်ထဲတွင်မြင်ရသော မိမိ၏ရုပ်ရည်ကိုကြည့်ကာ ကျေနပ်သွား၏။

ပြုံးပန်းတစ်ရာစာပေ
BURMESE CLASSIC .com

www.burmeseclassic.com


မာမီကြီးနှင့် တက်တက်ကမူ. . .

"မတတ်ပါ့လုပ်လို့. . . ဒယ်ဒီကြီး ကတော့ မြောက်ပြီးတာဝတီ သာရောက်နေပြီ. . .၊ ဘယ်တော့ ပြုတ်ကျမလဲ မသိဘူး. . ."ဟု ကဲ့ရဲ့ကြကုန်၏။ သို့ရာတွင် ဒယ်ဒီကြီး သပ်သပ်ယပ်ယပ် သန့်သန့်ရှင်း ရှင်းဖြစ်သွားသည်ကိုမူ သဘောကျကြလေတော့သတည်း။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၅ )

## အထည်ချုပ်တတ်တဲ့မညိုမြ

ညိုမြသည် ဈေးသို့သွား၍ ဟင်းချက်စရာများဝယ်ပြီး ပြန်လာသောအခါ၌ ၎င်း၏လက်ထဲတွင် အဝတ်ထုပ်ကြီးတစ်ထုပ်ပါလာ၏။ အိမ်သို့ ရောက်သောအခါ၌ ထိုအထုပ် အတွင်းမှ အဝတ်များကိုထုတ်လိုက်သောအခါ အပွင့်ရိုက်စပန်စများ ထွက်လာ၏။

ညိုမြသည် ပေကြိုးတစ်ချောင်းဖြင့် ဒယ်ဒီကြီး၏ ကိုယ်ကိုတိုင်း၏။ အလုံးစုံတိုင်းပြီးသောအခါ၌ အထည်ချုပ်သောကတ်ကြေးတစ်လက်ဖြင့်ညှပ်၍ ပိတ်ကြိုးများဖြင့်စည်းကာ အထုပ်များထုပ်ထားလိုက်လေ၏။

www.burmeseclassic.com


နောက်တစ်နေ့တွင် တစ်ပတ်ရစ် ဆင့်ဂါးစက် တစ်လုံးဝယ်လာ၏။ ညအချိန်သို့ရောက်သောအခါ၌ ယမန်နေ့ကညှပ်ထားသော စပန့်အစများကို ကိုယ်တိုင်ချုပ်လေတော့၏။ ထိုသို့ချုပ်နေစဉ်အတွင်း မှန်ပေါင်ဆိုင်မှ ကုလားတစ်ယောက်ကို ခေါ်ခိုင်းပြီးလျှင်ကွဲနေသော ကိုယ်လုံးပေါ်မှန်ကြီးအားဖြုတ်၍ မှန်အသစ်လဲခိုင်းလေ၏။

ည ၈ နာရီထိုးသောအခါ၌ ဒယ်ဒီကြီးဝတ်ရန်အတွက် စပန့်အင်္ကျီဖားဖားကြီး ၃ထည်နှင့် ဘောင်းဘီဖားဖားကြီး ၃ ထည် ရရှိလေတော့၏။ ညိုမသည် ဒယ်ဒီကြီး၏ အင်္ကျီဟောင်းများနှင့် ဘောင်းဘီများကို ချွတ်ခိုင်းပြီးလျှင် အင်္ကျီသစ်၊ ဘောင်းဘီသစ်များ ကိုယ်တိုင်လဲပေး၏။ မာမီကြီးနှင့်တက်တက်၊ ခက်ခက်တို့လည်းထွက်၍ကြည့်ကြ၏။ တက်တက် ကိုယ်တိုင်က-

"ဒယ်ဒီကြီးနဲ့ သိပ်လိုက်တာပဲ၊ သိပ်ပြီးတော့လည်းကြည့်လို့ကောင်းတာပဲ၊ မညိုမက အဆင်လည်းရွေးတတ်တယ်၊ ချုပ်လည်းချုပ်တတ်တာကိုး. ."

"တက်တက်အတွက်လည်း ချုပ်ပေးရမယ်နော်. ."ဟု ပြောလိုက်လေ၏။

"ချုပ်ပေးမယ်. . တစ်အိမ်လုံးအတွက်ချုပ်ပေးမယ်၊ ဒါပေမယ့်ကြီးစဉ် ငယ်လိုက်ပေါ့. .၊ ဒယ်ဒီကြီးပြီးတော့ မာမီကြီး၊ မာမီကြီးပြီးမှ တက်တက်၊ တက်တက်ပြီးမှ ခက်ခက်ပေါ့. .၊ ခက်ခက်ပြီးရင် သာဂေါင်ကြီးအတွက်လည်း ချုပ်ပေးရမယ်၊ သာဂေါင် ကြီးအတွက်တော့ ရိုးရိုးမချုပ်ဘူး၊ ဆပ်ကပ်ထဲက ကလောင်းတွေလို ဘောင်းဘီအောက်က အစည်းပါရ မယ်၊ လည်ပင်းမှာ ကော်လာအဖွင့်နဲ့ ချုပ်ပေးရ မယ်. ." ဟု ပြောလိုက်လေ၏။

ဒယ်ဒီကြီးသည် ဝိုးခဲ့လေးကိုတွန်း၍ ကိုယ်လုံးပေါ်မှန်ရှေ့တွင်


BURMESE CLASSIC .com

www.burmeseclassic.com


ကြည့်ကာ. .

"ဘဲရီးနိုက်စ်. . " ဟု ချီးမွမ်းလေ၏။

ထိုအချိန်မှစ၍ ဒယ်ဒီကြီး၏စိတ်သည် နုပျို လန်းဆန်းလာ၏။ ကျန်းမာရေးလည်း ပို၍ကောင်းလာ၏။ ညိုမသည် ကြုံလျှင်ကြုံသလို အထည်စများ ဝယ်လာပြီးလျှင် မာမီကြီးအတွက်လည်းကောင်း၊ တက်တက်အတွက်လည်းကောင်း၊ ခက်ခက်အတွက်လည်းကောင်း ချုပ်ပေးလေတော့၏။ နောက်ဆုံးတွင် သာဂေါင်ကြီးအတွက် ကလောင်းလှူရှင်တော်ကဲ့သို့ ချုပ်လုပ်၍ ဆင်မြန်းပေးလိုက်လေတော့သတည်း။

**"ဗန်တို့တတ်တဲ့မညိုမ"**

သာဂေါင်ကြီးအား ဝပ်ရှော့ရှင်က မောင်းထုတ်လိုက်ပြီဖြစ်၏။ ညိုမသည် ဒယ်ဒီကြီးနှင့် မာမီကြီးတို့ အား-

"သာဂေါင်ကြီးက ဒီဆိုင်လေးအတွက် အလွန်အသုံးဝင်တာ. . သူ့ကို ဝပ်ရှော့ပိုင်ရှင်က မောင်းထုတ်လိုက်ပြီဆိုတော့ သူ့ကို ဒီအိမ်မှာ လက်ခံထားမှ ဖြစ်မယ်. . "ဟုပြောကာ သာဂေါင်ကြီးအား ခေါ်ထားလိုက်ပြီဖြစ်၏။

ညဆိုင်သိမ်းချိန်တွင် ညိုမသည် သာဂေါင်ကြီးအား စာသင်ပေး၏။ ပုံတိုပတ်စများပြောပြ၏။ ဘဝကို မည်သို့မည်ပုံတိုးတက်အောင် ကြိုးစားရမည်ကို အစဉ်သဖြင့်သွန်သင်၏။ သာဂေါင်ကြီးလည်း ညိုမကို အစ်မအရင်းကဲ့သို့ အလွန်အားကိုး၏။ အလုပ်လည်း အလွန်လုပ်၏။ အလုပ်အားသည်နှင့် ဒယ်ဒီကြီးအား သွား၍နှိပ်ပေး၏။ မာမီကြီးလိမ်းရန် သနပ်ခါးသွေးပေး၏။

တက်တက်နှင့်ခက်ခက်တို့ခိုင်းသည်ကို လုပ်ပေး၏။ ညိုမတို့ ကွမ်းယာဆိုင်ထွက်လာသည်မှာ အချိန်အတော်ကြာလာပြီဖြစ်၏။ အသက်


BURMESE CLASSIC .com

www.burmeseclassic.com

၄၀ကျော် အရွယ် ယောက်ျားတစ်ဦးသည် ညိုမ၏ဆိုင်တွင် ကွမ်းယာဝယ်၍စား၏။ ကွမ်းယာကို ပါးစပ်တွင်းသို့ သွင်းပြီးနောက် လက်ဝါးဖြန့်ကာ စမုံစပါး နည်းနည်းတောင်းတတ်၏။

တစ်နေ့တွင် ထိုသူသည် ခပ်ထွေထွေဖြစ်လာ၏။ ကွမ်းယာဝယ်ရင်း ညိုမအား အောက်ပါအတိုင်းပြောလေ၏။

"ကျုပ်က ကွမ်းယာမကြိုက်ပါဘူး၊ ညိုမကို ကြိုက်လို့လာစားနေတာ. . " ဟုပြောလျှင် ညိုမက-

"ရှင်. . ဆက်ပြီးမပြောရင်ကောင်းမယ်" ဟု ခပ်ဆတ်ဆတ်ပြန်၍ ပြောပြီးနောက်ယာပြီးသော ကွမ်းယာကို ထိုသူအားလှမ်း၍ပေးလိုက်ရာ ထိုသူက ညိုမ၏လက်ကိုဖမ်း၍ဆွဲထား၏။

ညိုမသည် လက်ကိုဆတ်ကနဲ ရုန်းလိုက်ပြီး နောက် ထိုသူ၏မျက်နှာကို လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်ချလိုက်၏။ ပြီးလျှင် ကော်ရစ်ဒါပေါ်မှ ရှေ့ပလက်ဖောင်းပေါ်သို့ လွှားကနဲခုန်ဆင်းလိုက်၏။ ထိုသူလည်း လူအများကြည့်နေသဖြင့် အရှက်ရသွားသောကြောင့် ညိုမ၏ဆံပင်ကို လှမ်း၍ဆွဲ၏။ ညိုမသည် ငုံ့၍ရှောင်လိုက်ပြီးနောက် ထိုသူ၏ ရင်ဝကို တံတောင်ဖြင့်နောက်ပြန်တွက်ကာ တံတောင်ဆစ်အောက်မှလျှိုဝင်ပြီး ထမ်းလိုက်ရာထိုလူသည်နာသဖြင့် ခြေဖျားများကြွသွား၏။

ထိုသို့ အကြွတွင် ညိုမက ကိုယ်ကိုစောင်း၍အားထည့်ကာ လွှဲပစ်လိုက်ရာ ထိုသူသည် မြောင်းအတွင်းသို့ အပြီးအပိုင် ကျသွားလေတော့၏။

ထိုအချင်းအရာအဖြစ်အပျက်ကို ဘတ်စ်ကား စောင့်နေကြသော ခရီးသည်အားလုံးတွေ့နေကြရ၏။ ဟာကနဲ ဟင်ကနဲဖြစ်နေကြရ၏။ မိန်းမတစ်ယောက်ကမူ-

"မှတ်ထား. . မိန်းမဆိုပြီး သွားစမ်းတာ. . ဟိုက ကိုင်ပေါက်


BURMESE CLASSIC .com

www.burmeseclassic.com


လိုက်တာ. . မသာဖြစ်သွားပြီ. . ” ဟု အားရပါးရပြောလေ၏။ ကျန်သော သူများကလည်း-

“မိန်းမကနေ ယောကျ်ားကိုကိုင်ပေါက်တာ ဒီတစ်ခါပဲတွေ့သေး တယ်ဗျာ” ဟူ၍လည်းကောင်း၊

“မြောင်းက ရေမရှိလို့သာပေါ့ဗျာ. . ရေရှိရင် ရေပါနစ်သေဦး မှာ. . ” ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံပြောဆိုကြလေ၏။ ဆိုင်သိမ်း သောအခါ၌ ဒယ်ဒီကြီးက “နေစမ်းပါဦး ညိုမရယ်. . အသက် ၄၀ လောက် သန်သန်မာမာ ယောကျ်ားကြီးတစ်ယောက်လုံးကို မြောင်းထဲကို ဘယ်လို လုပ်ပြီးပစ်ချလိုက်တာလဲ” ဟု မေးလိုက်ရာ ညိုမက

“ညိုမ ဗန်တိုတတ်တယ်၊ လေ့လည်း လေ့ကျင့်ထားတယ် ဒယ်ဒီကြီးရဲ့၊ နောက်ပြီးတော့ ရန်ဖြစ်ရင်လည်း ညိုမက မပျာဘူး၊ နိုင်ကွက် ကိုတွက်ပြီးမှလုပ်တာ. . ” ဟု ပြောလိုက်လေတော့သတည်း။

**“ပန်းချီဆွဲတတ်တဲ့ မညိုမ”**

တစ်နေ့သ၌ ဒယ်ဒီကြီးသည် ၎င်း အသက် ၄၀အရွယ်က နိုင်ငံ ကျော်ပန်းချီ ဆရာတစ်ဦးရေးပေးထားသည့် ဆီဆေးပုံတူပန်းချီကားကို ကြည့်နေ၏။ ထိုသို့ကြည့်နေစဉ် ညိုမသည် အနီးသို့ရောက်လာ၏။ ဒယ်ဒီကြီးသည် ညိုမအား-

“ညိုမရေ ဟောဒါ နိုင်ငံကျော်ပန်းချီဆရာ တစ်ယောက် ရေးပေး ထားတဲ့ ဒယ်ဒီကြီးရဲ့ ဆီဆေး ပုံတူပန်းချီကားပဲ၊ အဲဒီတုန်းက ဒယ်ဒီကြီးက ပိုက်ဆံတတ်နိုင်လို့ ရေးခိုင်းနိုင်တာ အခုတော့ ဒီပန်းချီကားကြီးဟာ ဖုန်တွေ တက်ပြီးဟောင်းနေပြီ၊ ရေဆေးလို့လည်းမဖြစ်ဘူး၊ ဘရတ်နဲ့တိုက်ချရင် လည်း ဆေးတွေပျက်ကုန်မယ်၊ ဘယ်လိုလုပ်ရမှန်းကို မ သိပါဘူး ကွယ်” ဟု ညည်းငြူစွာပြောလေ၏။ ထိုအခါ၌ ညိုမက-


BURMESE CLASSIC .com

www.burmeseclassic.com


"မပူပါနဲ့ . ဒယ်ဒီကြီးရယ် ညီမ လုပ်ပေးပါ့မယ်၊ မပျက်စေရပါဘူး" ဟုဆိုကာ ပန်းချီကားကို ဖြုတ်၍အောက်သို့ချလေ၏။

ပြီးလျှင် သာဂေါင်ကြီးအား ပေါင်မုန့်တစ်လုံးဝယ်ခိုင်းလေ၏။ သာဂေါင်ကြီး ပြန်ရောက်လာလျှင် ပေါင်မုန့်ဖြင့် ပန်းချီကား မျက်နှာပြင်ကို ခပ်ဖွဖွလေးပွတ်လေ၏။ ဖုန်မှုန့်များ အတော်အတန်ကင်းစင်သွားလျှင် ဆေးရောင်များပေါ်လာလေ၏။

ထိုအခါ၌ ကြက်သွန်နီများကို ထက်ခြမ်းခွဲကာ ပွတ်လေ၏။ ထိုသို့ ပွတ်လိုက်သောအခါ ဆေးရောင်များဝင်း၍ တက်လာလေတော့၏။ ထိုအခါ ဒယ်ဒီကြီးသည် အားရဝမ်းသာဖြစ်ကာ-

"အတော်တော်တဲ့ ညီမပဲ . ငါ့ပုံ တူပန်းချီ ကားလေးကို ငါပြန်ကြည့်ခွင့်ရပြီ" ဟုပြောလေ၏။

"ဆီဆေးပန်းချီကားတွေ ဖုန်တက်နေလျှင် ဒီနည်းနဲ့ ဖုန်ခါတာဟာ အကောင်းဆုံးပါဘဲ၊ နိုင်ငံခြားက ပန်းချီပြခန်းတွေမှာတောင် ခေတ်မှီတဲ့ ကိရိယာတွေမပေါ်ခင်က ဒီနည်းကိုအသုံးပြုခဲ့ရတယ်လို့ ကြားဖူးတယ်၊ ဒီပန်းချီကားဟာ သိပ်ပြီးကောင်းတာပဲ၊ ဒယ်ဒီကြီးရဲ့ ဆံပင်အကွေ့လေး နေရာကနေဖြတ်ပြီးကျနေတဲ့ အပြာရောင်လေးဟာ ဒီပန်းချီကားရဲ့ အသက်ပဲ၊ ကိုဖော့ဘလူးခေါ်တဲ့ အပြာရောင်လေးကိုသုံးထားတယ်၊ သိပ်ပြီးလည်းမတောက်ဘူး၊ သိပ်ပြီးလည်း မမှိန်ဘူး။ နှာခေါင်းအရိပ်ကလေး ကျနေတဲ့နေရာကိုလည်း အရမ်းကြီးရင့်မထားဘဲ ဗန်ဒိုက်ဘရောင်လို့ခေါ်တဲ့ အုတ်ခဲမီးကျွမ်းရောင်လေးလောက်ကိုဘဲ သုံးထားတယ်၊ တော်တော်ကို အသက်ဝင်တာပဲ" ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးသည် ပါးစပ်အဟောင်းသားဖြင့် ညီမအားကြည့်နေ၏။ ထို့နောက်မှ-

"ညီမက ပန်းချီရေးတဲ့ ဆေးတွေ အကြောင်း လည်း သိတာကို"


BURMESE CLASSIC .com

www.burmeseclassic.com


ဟု ပြောလိုက်ရာ-

" ပန်းချီပညာကို အတတ်ကြီးမဟုတ်ပေယ့် တီးမိခေါက်မိအောင် ညိုမသင်ထားပါတယ်" ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးက-

"ပါးစပ်နဲ့ ပြောတတ်ရုံဘဲလား၊ ကိုယ်တိုင်ရော ရေးဆိုရင် ရေးတတ်သလား" ဟု မေးလိုက်ရာ ညိုမပြုံး၍-

"တစ်နေ့ကျရင်တော့ ဒယ်ဒီကြီးကို ရေးပြပါဦးမယ်၊ ညိုမ တတ်သလောက်ပေ့ါ" ဟု ပြောလိုက်လေ၏။ ဒယ်ဒီကြီးက

"တစ်နေ့ကျရင် ပန်းချီရေးတတ်တယ်ဆိုတဲ့ စကားရော ညိုမ ရေးပြမယ်ဆိုတဲ့စကားရော ယုံပါတယ်ဗျာ"ဟု ပြောလိုက်လေတော့သတည်း။

**"ဗေဒင်လိုက်စားတဲ့ ညိုမ"**

တစ်နေ့တွင် ညိုမ၏ဆိုင်သို့ အသက် ၅၀ အရွယ် လူတစ်ယောက်သည် ကွမ်းယာလာ၍ဝယ်၏။ ညိုမသည် ကွမ်းယာ ယာရင်း ထိုသူ၏ လက်တွင်းမှစာအုပ်ကိုလှမ်း၍ကြည့်လိုက်လေ၏။ ထို့နောက်

"ဒီမှာရှင့် . . . အဲဒီစာအုပ်ကလေးကို ကျွန်မကို ခဏလောက် ကြည့်ခွင့်ပေးပါလား. . . "ဟု ဆိုသဖြင့် ထိုသူက စာအုပ်ကိုလှမ်း၍ပေးလိုက်၏။ ညိုမသည် ထိုစာအုပ်ကို လှမ်းယူ၍ အဖုံးကိုသေချာစွာ ဖတ်ကြည့်လိုက်၏။ စာအုပ်မှာ ခပ်ပါးပါးဖြစ်၏။ စာအုပ်အဖုံးပေါ်တွင် 'မဟာသုမိတ္တကဆန်းကျမ်း'ဟုရေးထား၏။ ကျမ်းပြုဆရာ၏အမည်မှာ 'ပခုက္ကူ ဆရာသိန်း' ဟူ၍ ဖော်ပြထား၏။

ညိုမသည် ဟိုလှန်ဒီလှန် ဖတ်ရှုနေ၏။ ထို့နောက်မှ

"ကျွန်မကလည်း စိတ်ဝင်စားပြီး ဖတ်နေမိလိုက်တာ . . . အားနာစရာရှင်. . . "ဟု ပြောလိုက်လေ၏။ ထိုသူက ပြုံး၍


BURMESE CLASSIC .com

www.burmeseclassic.com


"ဗေဒင်ဝါသနာပါလို့လား. . . "ဟု မေး၏။

"အင်္ဂလိပ်ဇာတ်တို့. . . သုံးတန်ပေါ်နီစ်တို့တော့ လိုက်စားဖူးပါတယ်၊ ဒီဟာမျိုးတော့မလိုက်စားဖူးပါဘူး၊ ဒီစာအုပ်ရဲ့နာမည်ကိုတော့ ကြားဖူးပါတယ်၊ ရှာလို့မတွေ့လို့ မဖတ်ဖြစ်တာပါ. . . "ဟု ညိုမက ပြောလိုက်လျှင် ထိုလူကြီးက

"ကျုပ်တူမကြီး ဖတ်ချင်ရင်တော့ ယူထား လိုက်လေ၊ ဦးလေးက ဒီမှတ်တိုင်က အမြဲတမ်း ကားစီးတာပဲ၊ ပြီးတော့ ပြန်ပေးပေါ့"ဟု ပြောလျှင် ညိုမက

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ညိုမပြီးတာနဲ့ ပြန်ပေးပါမယ်၊ မပျောက်စေရပါဘူး၊ မပြဲ စေရပါဘူး"ဟု ကတိပြုလိုက်လေ၏။ ညိုမသည် ဆိုင်သိမ်းသည့်အချိန်၌ စာမျက်နှာ၁၂ဝပါသော ကတ်ထူဗလာ စာအုပ်တစ်အုပ်ကိုယူ၍ ဗေဒင်စာအုပ်တစ်အုပ်လုံးကို လက်ရေးဖြင့် ကူးရေးလေတော့၏။

ည နာရီပြန်နှစ်ချက်ထိုးလောက်တွင် မာမီကြီးသည် ညိုမ၏ အခန်းမှ မီးရောင်ကို မြင်သဖြင့် အတွင်းသို့ ချောင်းကြည့်ရာ ညိုမစာကူး နေသည်ကို တွေ့ရလေ၏။

နံနက်မိုးလင်းသောအခါ၌ ထမင်းကြော်နှင့် လက်ဖက်ရည်စား ရင်း မာမီကြီးက

"ဒယ်ဒီကြီးရေ . . . . ရှင့်ချွေးမ မတတ်ပဲ့က ညက တစ်ညလုံး မအိပ်ဘူး။ စာအုပ်တစ်အုပ်ကို ကူးရေးနေတယ်။ အခုလည်း မအိပ်ဘူး၊ ဆိုင်ခင်းနေတယ်။ မိန်းမကတော့ အတော်ကို အလုပ်လုပ်နိုင်တဲ့ မိန်းမ" ဟု ပြောလေ၏။ ထိုအခါ ဒယ်ဒီကြီးက

"တစ်ယောက်ယောက်ဆီက စာအုပ်ကိုငှားပြီး သူအမြဲဖတ်ချင်


BURMESE CLASSIC .com

www.burmeseclassic.com


လို့ ကူးနေတာဖြစ်မှာပေါ့၊ ဒီမိန်းကလေးဟာ ဇွဲလုံ့လကြီးမားတဲ့ မိန်းကလေး ကွယ့်၊ ငါ့သား ပေျင်းကို ကြိုက်တာတော့ ငါအံ့သြတယ်"ဟု ပြောကာ အားရပါးရရယ်လေတော့၏။

နောက်တစ်နေ့တွင် စာအုပ်ပိုင်ရှင်လူကြီး ဘတ်စ်ကား လာ၍ စောင့်သောအခါ၌ ညိုမသည် စာအုပ်ကို တရိုတသေပြန်၍ပေးရင်း

"ကျေးဇူးတင်ပါတယ်ဦးလေး၊ ညိုမဖတ်ကြည့်ဦးမယ်၊ မရှင်းတဲ့နေရာကျရင် ညိုမကို ရှင်းပြပါနော်"ဟု ပြောရာ ထိုလူကြီးက

"ကျုပ်ကလည်း အတတ်ကြီးမဟုတ်သေးပါဘူးဗျာ. . ကျုပ်က ရုံးသမားပါ ဟောက်ဆင်းဘုတ်မှာ လုပ်တယ်။ ဗေဒင်ကို ဝါသနာပါလို့ ဟိုဟာလေးဝယ်ဖတ်၊ ဒီဟာလေးဝယ်ဖတ်၊ တတ်တဲ့လူဆီမှာမေး လုပ်နေရတုန်းပါ။ တစ်ခုတော့ ရှိတာပေါ့လေ၊ ပင်စင်ယူရင်တော့ ဗေဒင်လေးဘာလေး ဟောစားမလားလို့ပါ. . ."ဟု ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ်လေ ညိုမထက်တော့ တတ်မှာပါပဲ၊ ဦးလေးတတ်သလောက်တော့ ရှင်းပြပါ"ဟု ညိုမက တောင်းပန်သောလေသံဖြင့် ပြောလိုက်ရာ ထိုလူကြီးကခေါင်းကိုညိတ်ပြလေတော့၏။

ထို့နောက်

"တစ်ညတည်းဖတ်ရုံနဲ့ လုံလောက်ပြီလား၊ ဖတ်ချင်ရင် ယူထားဦးလေ"ဟု ထိုလူကြီးက ပြောလေ၏။

"ကျွန်မ စာအုပ်တစ်အုပ်လုံး ကူးထားလိုက်ပြီးပါပြီ၊ ဒါ့ကြောင့် ဦးလေးကို စာအုပ်ပြန်ပေးတာပေါ့"ဟု ညိုမကပြောလျှင် ထိုလူကြီးက

"စာအုပ်တစ်အုပ်လုံး ကူးပြီးပြီဆိုတော့ စာအုပ်တစ်အုပ်လုံးကို တစ်ခေါက်ဖတ်ပြီးပြီပေါ့၊ အတော်လာတဲ့ မိန်းကလေးပါလား"ဟု ချီးကျူး၍ ထွက်သွားလေတော့သတည်း။ ❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၆ )

## ပြစ်မှားလို့မရတဲ့ မညိုမြ

ညိုမြသည် အိမ်မှုကိစ္စများကိုလုပ်ရင်း၊ ဆိုင်ထိုင်ရင်း၊ စျေးရောင်းရင်း ဗေဒင်စာအုပ်များကို သဲသဲမဲမဲကြီး ဖတ်နေလေတော့၏။ ၎င်းအား 'သုမိတ္တက ဆန်းကျမ်း'ကို ငှားရမ်းခဲ့ဖူးသောလူကြီးလာလျှင်လည်း ပညာရပ်နှင့်ပတ်သက်သောကိစ္စများကို ဆွေးနွေးလေ၏။

များမကြာမီအချိန်၌မှာပင် ညိုမြသည် လူတို့မှည့်ထားသော နာမည်ကိုကြည့်၍ နာမည်ဆိုး၊ နာမည်ကောင်းဆုံးဖြတ်ခြင်း၊ ထိုနာမည်ကြောင့် ဘဝတွင်ချမ်းသာခြင်းရှိမရှိ၊ ပင်ပန်းခြင်းရှိမရှိကြည့်ခြင်း၊ ကျော်ဇောကိတ္တိရှိမရှိ၊ ဘာသာရေးလိုက်စားခြင်း ရှိမရှိမှအစ နာမည်ကို

www.burmeseclassic.com


အကြောင်းပြု၍ဟောရသော ဗေဒင်ပညာကို ကောင်းစွာတတ်ကျွမ်းခဲ့ပြီ ဖြစ်၏။

ထို့ပြင် ကိုက်ညီသောနာမည်ကိုလည်း မှည့်တတ်ပြီဖြစ်၏။ ကံဇာတာညံ့နေသူများအား သဘာဝယတြာ၊ ယေဘုယျယတြာ၊ ဓါတ်ယတြာတို့ကို ကောင်းစွာချေပေးတတ်နေပြီဖြစ်၏။

မွေးသက္ကရာဇ်ကိုတွက်စစ်၍ ထိုသူအတွက်သင့်တော်သော အလုပ်အကိုင် ရွေးချယ်ပေးခြင်း၊ ထိုသူအတွက် နှစ်အလိုက်၊ လ,အလိုက် ကံဆိုးကံကောင်း ဟောပေးခြင်းမှအစ ကုမ္ပဏီအမည်မှည့်ခြင်း၊ လုပ်ငန်းအမည်မှည့်ခြင်း၊ သင်္ဘောအမည်မှည့်ခြင်းတို့ကိုပါ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီဖြစ်၏။

ညိုမသည် ၎င်း၏အသိမိတ်ဆွေများအား ဗေဒင်ဟောစမ်းကြည့်နေပြီဖြစ်၏။ အိမ်နီးနားချင်းများကလည်း ၎င်းထံတွင် သိလိုသည်များကို မေးမြန်း နေကြပြီဖြစ်၏။ ထိုသို့ပြုလုပ်လာခဲ့ရာ အချိန်များစွာ မကြာဘဲ ညိုမအား ဗေဒင်ဆရာမကြီးအဖြစ် အသိအမှတ်ပြုသွားကြလေတော့၏။

ဆောင်ရွက်ပေးလိုက်သော ယတြာများကြောင့် အဆင်ပြေသွားသည်ဟုဆိုကာ နို့ဆီဘူးများ၊ သကြားများ၊ လက်ဖက်ခြောက်များ၊ အဝတ်အထည်များ၊ ငှက်ပျောသီးများ၊ မုန့်ထုပ်များလာရောက်၍ လက်ဆောင်ပေးကြ၏။ သို့မဟုတ် ကျေးဇူးဆပ်ကြ၏။ ထို့ကြောင့် မာမီကြီးက-

"ဒယ်ဒီကြီးရေ. . . ရှင့်ချွေးမ မတတ်ပါ့ကတော့ ဗေဒင်ဆရာမကြီးတစ်ဆူ ဖြစ်သွားပြန်ပြီ၊ နို့ဆီတွေ၊ သကြားတွေ၊ အချိုခြောက်တွေ မီးဖိုထဲမှာ အောတိုက်နေတာပဲ. . .၊ ငါးခြောက်တွေလည်း မနည်းဘူး၊ အဝတ်အထည်တွေလည်း လာလာပြီး လက်ဆောင်ပေးလိုက်ကြတာ


BURMESE CLASSIC .com

www.burmeseclassic.com


တစ်အိမ်လုံး ဖောဖောသီသီဖြစ်ကုန်ပြီ. .၊ မတတ်ပဲ့ ကတော့ တကယ့်ကို မတတ်ပဲ့ ပါပဲ. . .” ဟုပြောလေ၏။ ထိုအခါ ဒယ်ဒီကြီးက-

“ဖွဲလုံ့လကြီးမားတဲ့ မိန်းကလေး၊ တို့သားနဲ့ တန်တောင် မတန်ဘူး. . .၊ အဲဒီတော့ မာမီကြီးရဲ့ သမီးနှစ်ယောက်ကိုလည်း ညိုမရဲ့အတုကို ခိုးခိုင်းရ မယ်၊ အခုကြည့်စမ်း၊ ဆိုင်ကဝင်တဲ့ငွေနဲ့ ကျုပ်တို့မှာ ဘယ်လောက် စားရေးသောက်ရေး အဆင်ပြေသွားပြီလဲ. .၊ ကျုက်တို့အိမ်ရဲ့ လိုအပ် ချက်ကွက်လပ်တွေကိုလည်း ညိုမက တစ်ကွက်ပြီးတစ်ကွက် ဖြည့်နေတာ နော. . .၊ ချွေးမ မဟုတ်ဘူး၊ ကျေးဇူးရှင်မ. . .၊ သူ့ကိုပြစ်မှားလို့မဖြစ်ဘူး၊ လောကငရဲကြီးသွားမယ်. .” ဟု လေးလေးနက်နက် ပြောလိုက်လေ၏။

“အမယ်လေး ဒယ်ဒီကြီးရယ်၊ သူ့ချွေးမကို လှပါတယ်ဆိုမှ ရေမချိုးရသေးဘူး လုပ်နေတယ်” ဟု ပြောဆိုကာ မာမီကြီးသည် မေးငေါ့ ၍ ထိုင်ရာမှ ထ, သွားလေတော့သတည်း။

ညိုမသည် ဘုရားခန်းလေးကို ပြင်ဆင်လိုက်လေ၏။ ဘုရားစင် ကို သားသားနားနားဖြစ်အောင် ဆောင်ရွက်လိုက်လေ၏။ ရွှေများကွာ၍နေ သော ဒယ်ဒီကြီး၏ ဆင်စီးမြင်းရံဘုရားကြီးကိုလည်း ညိုမ၏ ဗေဒင် ပရိသတ်တစ်ဦးက ရွှေပိန်းချပေးလိုက်ပြီဖြစ်၏။

ညိုမသည် ဘုရားစင်ရှေ့တွင် ဗေဒင်ဟော သော ခုံကလေးတစ်ခုံ ချ၍ထားပြီးလျှင် တွင်တွင် ကျယ်ကျယ်ကြီးဟောနေပြီဖြစ်၏။ အိမ်ရှေ့တွင် ဖွင့်ထားသော ဆိုင်ကလေးကိုမူ သာဂေါင်ကြီးက ရောင်းပေး၏။ သာဂေါင် ကြီးလည်း စျေးကိုကျွမ်းကျင်စွာရောင်းတတ်နေပြီဖြစ်၏။ ကွမ်းသမားများ သည်သာဂေါင်ကြီးယာပေးသော ကွမ်းယာကိုသာလျှင် နှစ်သက်ကျေနပ်ကြ ကုန်၏။ သာဂေါင်ကြီးသည် ကွမ်းယာ ယာခြင်းအတတ်ကို မွတ်မွတ်ကြေ


BURMESE CLASSIC .com

www.burmeseclassic.com


အောင်တတ်သွားပြီဖြစ်၏။

ညိုမ၏ခိုင်းစေချက်ကြောင့် ဈေးရောင်းရင်းနှင့်လည်းစာများ ကျက်ရသေး၏။ ဂဏန်းသင်္ချာများ တွက်ရသေး၏။ ညပိုင်းသို့ရောက်လျှင် ညိုမက ဆိုင်ထိုင်ပေး၏။ သာဂေါင်ကြီးက အလွတ်ပညာသင်ကျောင်းသို့ တက်ရ၏။ သာဂေါင်ကြီးသည် စတုတ္ထတန်းကို အောင်မြင်သွားပြီဖြစ်၏။ ကျောင်းကိုမူ ဆက်၍တက်ရ၏။ ညိုမကလည်း ညတိုင်းစာသင်ပေး၏။

ထို့နောက်တွင်ကား သာဂေါင်ကြီး သတ္တမတန်းကို ဝင်ဖြေလေ ၏။ သတ္တမတန်းကိုလည်းကောင်းစွာအောင်မြင်သွားပြီဖြစ်၏။

နေ့ဘက်တွင်မူ ဈေးရောင်းမြဲရောင်းရ၏။ ဈေးရောင်းရင်းနှင့် စာကျက်မြဲကျက်ရ၏။ ဤနေရာ၌သာဂေါင်ကြီး၏ ဝတ်စားဆင်ယင်ပုံကို အနည်းငယ်ဖော်ပြရန်လို၏။

ညိုမသည် သာဂေါင်ကြီးအား မီးခိုးရောင် ဖျင်ကြမ်းအင်္ကျီပွပွကြီး နှင့် ဘောင်းဘီပွပွကြီးချုပ်ပေးထား၏။ လွယ်အိတ်မှာလည်း ဖျင်ကြမ်း လွယ်အိတ်ကြီးဖြစ်၏။ ဖိနပ်မှာ တာယာဖြင့်ချုပ်ထားသော ကြိုးသိုင်းဖိနပ် ဖြစ်၏။ ခေါင်းတုံးကိုပြောင်နေအောင်တုံးပေးထား၏။ အရွယ်လေး အနည်းငယ်ရောက်လာပြီဖြစ်သဖြင့် လှချင်ပချင်စိတ်များ မဝင်ရန်၊ ပိုးချင် ပန်းချင်စိတ်များ မဝင်ရန် ညိုမက စနစ်တကျပုံသွင်းထားခြင်းဖြစ်၏။

မနက်အိပ်ယာထသည်နှင့် ဘုရား စင်ရှေ့တွင် ခါးကိုဆန့်၍ ထိုင် ခိုင်း၏။ ဘုရားဝတ်ပြုပြီးသည်နှင့် ထိုသို့ထိုင်ခိုင်းပြီးလျှင် တစ်စုံတစ်ခုကို ရွတ်ဆိုခိုင်း၏။ ထိုသို့ထိုင်ပြီးထခါနီးတွင်-

"ငါရဲ့ အနာဂါတ်ကို ငါပိုင်တယ်" ဟု ရင်ခေါင်းသံဖြင့် ဆိုရသေး ၏။ ထို့ကြောင့် တက်တက်က-


BURMESE CLASSIC .com

www.burmeseclassic.com


"ဟဲ့. . သာဂေါင်ကြီး၊ နင်ဆိုတာ မှားနေပြီ. . ။ နင့်ရဲ့အနာဂါတ်ကို နင်မပိုင်ဘူး၊ မညိုမ ပိုင်တာ. . " ဟု လှောင်ပြောင်လေ၏။

ညိုမ၏ဗေဒင်ပညာကို အားကိုးသောသူ များထဲတွင် လုပ်ငန်းရှင်များ၊ ချမ်းသာသူများပါလာ၏။ ထိုအထဲတွင် ဟောင်ကောင်သူ တရုတ်အမျိုးသမီး နန်စီကွမ်ဆိုသော မိန်းမတစ်ဦးလည်းပါ၏။ နန်စီကွမ်သည် လွန်စွာကြီးမားသော ကုန်သည်ကြီးဖြစ်၏။ လုပ်ငန်းများလည်း အောင်မြင်၏။ သို့ရာတွင် သူ၏အခက်အခဲမှာ အိမ်ထောင်ရေး အခက်အခဲပင်ဖြစ်၏။ သူက မေတ္တာရှိသောသူမှာ သူကယိမ်းသော်လည်း သူ့ဘက်သို့ မတိမ်းဘဲရှိနေခြင်းအတွက်များစွာ စိတ်ဆင်းရဲနေရ၏။ ထိုကိစ္စအတွက် ညိုမထံသို့ မကြာခဏလာရောက်၍ မေးမြန်းနေရခြင်းဖြစ်၏။

ညိုမသည် နန်စီကွမ်အား ဗေဒင်ဟောသောအခါ၌ အင်္ဂလိပ်ဘာသာဖြင့်ဟောရ၏။ နန်စီကွမ်မှာ မြန်မာစကား လုံးဝမတတ်ပေ။ ထို့ကြောင့် တက်တက်က ဒယ်ဒီကြီးအား-

"ဒယ်ဒီကြီး. . မညိုမ အင်္ဂလိပ်လိုပြောတာ မှတ်နေတာပဲ၊ ဘယ်တုန်းကများတတ်နေသလဲ မသိပါဘူး. . "ဟု ပြောရာ ဒယ်ဒီကြီးက-

"အင်္ဂလိပ်စကားတော့ တို့မြန်မာတွေ တော်တော်များများ ပြောတတ်ကြပါတယ်၊ ပရိုနောင်စီရေးရှင်းလို့ခေါ်တဲ့ အသံထွက်မှန်အောင်ပြောဖို့ကလည်းခက်တယ်၊ ပြီးတော့ အက်ဆန့်လို့ခေါ်တဲ့ လေယူလေသိမ်းကလည်းကောင်းဖို့လိုသေးတယ်. . ။ နောက်တစ်ခုက အင်္ဂလိပ်လိုပြောတဲ့အခါ အသံအနိမ့်အမြင့်ခေါ်တဲ့ အင်ဒိုနေရှင်းလည်း အရေးကြီးတယ် သမီးရဲ့. . ။ အဲဒါတွေ အပြင်စကားနဲ့ကိုက်ညီအောင် မျက်နှာမူ မျက်နှာမောင်းလည်းပါရသေးတာမဟုတ်လား. . ။ ညိုမ စကားပြောတာကို ဒယ်ဒီကြီး


BURMESE CLASSIC .com

www.burmeseclassic.com


သေသေချာချာ နားထောင်တယ်၊ အကုန်လုံးပြည့်စုံတယ်၊ တစ်နေ့က နန်စီကွမ်လာလို့ သူက မင်းကုသနဲ့ ပပဝတီဇာတ်ထုပ်ကို အင်္ဂလိပ်လို ပြောပြနေတာ. .၊ အတော့်ကိုနားထောင်လို့ကောင်းတယ် သမီးရေ့. .၊ နန်စီကွမ်ဆိုတာ သဘောကျလွန်းလို့ ခွက်ထိုးခွက်လန် ရယ်လိုက်တာ. .၊ သူဝတ်ထားတဲ့စကပ်ကြိုးလန်သွားလို့ သူ့ဟာသူ မနည်းပြန်ဖုံးရသေးတယ်. . ” ဟုပြောဆိုကာ ဒယ်ဒီကြီးသည် တဟဲဟဲရယ်၍နေလေတော့၏။

**“အိမ်သစ်ဆောက်ပေးမယ့် မတတ်ပါ့”**

ညိုမသည် တက်တက်အား နေ့စား အကူစာရေးလုပ်၍ နေရသောနေရာမှအလုပ်ထွက်ခိုင်းပြီး လျှင် နန်စီကွမ်၏ကုမ္ပဏီတွင် လက်နှိပ်စက်စာရေးမအဖြစ်ထည့်သွင်းပေးလိုက်လေ၏။

လစာကောင်းရသောကြောင့် တက်တက်လည်း များစွာကျေနပ်နေလေ၏။ ခက်ခက်ကိုမူ ကွန်ဗင့်ကျောင်းတစ်ကျောင်းတွင် ပြောင်း၍ အပ်နှံထားပြီးဖြစ်၏။ ညိုမ၏ ဗေဒင်ပရိသတ်ထဲတွင် ဘင်္ဂါလီအမျိုးသမီး မာယာဆိုသူလည်းပါ၏။ မာယာမှာ ရတနာကုန်သည်ဖြစ်၏။ လွန်စွာမှ ချမ်းသာ၏။ ညိုမ၏ ဗေဒင်ပညာကို လွန်စွာမှစိတ်ဝင်စား၏။ လွန်စွာမှ လည်းယုံကြည်၏။

မာယာမှာ အပျိုကြီးဖြစ်၏။ အသုံးအစွဲလည်း လွန်စွာလက်ဖွာ၍ အပေးအကမ်းလည်း လွန်စွာရက်ရော၏။ တစ်နေ့တွင် မာယာသည် လွန်စွာအဖိုးထိုက်သော ရတနာတွဲတစ်တွဲကို ရောင်းချရန် ကြိုးပမ်းနေသည်ဟုဆို၏။ ထိုပစ္စည်းကို ရောင်းချ၍ရအောင် လုပ်ပေးနိုင်လျှင် ညိုမသည် ယခုနေနေရသော အိမ်ဟောင်းကြီးကိုဖျက်၍ အိမ်သစ် ၁၀လုံးပင် ဆောက်ပေးနိုင်သည်ဟုဆို၏။ ထို့ကြောင့် ညိုမက အောက်ပါအဓိပ္ပါယ်ရသော


BURMESE CLASSIC .com

www.burmeseclassic.com


စကားကို အင်္ဂလိပ်ဘာသာဖြင့် ပြော၏။

"ချစ်စရာကောင်းသော မာယာရယ်၊ မင်းပြောတာကိုကြားရတာ ငါ့ရင်ထဲမှာ အေးသွားတာပဲ၊ ငါဒီအိမ်ကြီးကိုဖျက်ပြီး အသစ်ဆောက်လုပ်ချင်တာ. . .၊ အဲဒီအလုပ်ဟာ မင်းအတွက် ဘာမှအရေးမကြီးပေမယ့် ငါ့ဘဝအတွက် ဘဝမျှော်လင့် ချက်တောင်ပြောနိုင်တယ်၊ မင်းရောင်းချင်တဲ့ ပစ္စည်းကို ၁၀ ရက်အတွင်း ရောင်းရအောင် ငါ့ရဲ့ပညာနဲ့ ကြိုးစားပေးပါ့မယ်၊ ရောင်းပြီးတဲ့အခါမှာတော့ မင်းရဲ့ကတိဟာ ခိုင်မာလိမ့်မယ်လို့လည်း ငါမျှော်လင့်ပါတယ်. . ." ဟု ပြောလိုက်လေ၏။ ထိုအခါ မာယာ က အောက်ပါ အင်္ဂလိပ်စကားကိုပြောလေ၏။

"Goodness of Pudding is in eating. ပူတင်းတကယ် ကောင်း မကောင်းဆိုတာ စားကြည့်ပြီးမှ လက်ခံရမယ့်စကားဖြစ်ပါတယ်. . ."

"မာယာက တကယ်လုပ်ပေးမပေး စောင့်ကြည့်ပါဦး. . ." ဟု ပြောလေ၏။ ညိုမသည် ပညာရပ်ဆိုင်ရာများနှင့်လည်းလုပ်၏။ ညစဉ် ညတိုင်းလည်း မာယာ၏ကိစ္စအောင်မြင်စေကြောင်း ဆုတောင်းခြင်း၊ အာရုံပြုခြင်းများပြုလုပ်ပေး၏။

၅ ရက်ခန့်ကြာပြီး နံနက်ခင်းတွင် မာယာသည် မော်တော်ကား ဖြင့်ရောက်လာ၏။ ညိုမကို တွေ့လျှင်တွေ့ခြင်း

"ဝမ်းသာတော့. . . ရတနာတွဲကြီး ထွက်သွားပြီ. . .၊ ဒီအိမ်ကြီး ကို ဖျက်ချပြီး အသစ်ဆောက်ပါ၊ ကုန်ကျမယ့်ခန့်မှန်းငွေကို တွက်ပြီးပြောပါ၊ အခုပြောရင် အခုထုတ်ပေးမယ်. . ." ဟု ပြောလေတော့၏။

ညိုမလည်း လွန်စွာဝမ်းသာသွား၏။ မာယာ ပြန်သွားသောအခါ၌ ညိုမသည် ဒယ်ဒီကြီးနှင့်မာမီကြီးအား ဤအိမ်ကြီးကို ဖျက်ချ၍ အသစ်


BURMESE CLASSIC .com

www.burmeseclassic.com


ပြန်လည်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ပြောလိုက်ရာ မာမီကြီး၏ မျက်နှာသည် နေရောင်တွင် လက်လိုက်သော မှန်ကဲ့သို့ လင်းကနဲဖြစ်သွားလေ၏။ ဒယ်ဒီကြီးကမူ

"ငါထင်တယ်. . . ဒီအိမ်ဟောင်းကြီးကို အသစ်ဖြစ်အောင် လုပ်ပေးနိုင်တာ ညိုမတစ်ယောက်ပဲဖြစ်မယ်ဆိုတာ အစကတည်းက ငါထင်ပြီးသား. . .၊ ဟန်ကျတာပဲဟေ့. . .၊ မသေခင် ငါ့ဆန္ဒပြည့်ပြီ" ဟုပြောလေ၏။

ညိုမသည် အိမ်ကြီး၏အလျားအ ရှည်ပမာဏနှင့် အနံအရှည် ပမာဏကို ပေကြိုးဖြင့်တိုင်းတာလေ၏။ ထိုသို့တိုင်းတာရာ အနံမှာ ပေ၃၀ ရှိ၍ အလျားမှာ ပေ ၄၀ ရှိ၏။ ထို့ကြောင့် စတုရန်းပေ ၁၂၀၀ ရလေ၏။ ညိုမသည် စာရွက်တစ်ရွက်ပေါ် တွင် အတိုင်းအရှည်ပမာဏနှင့် စတုရန်းပေများကိုရေးမှတ်လေ၏။ ထိုအခါ ဒယ်ဒီကြီးက -

"နေစမ်းပါဦးညိုမရဲ့. . .၊ ဒီအိမ်ကြီးကို ပြန်ဆောက်ရင် အခု ကာလဈေးနဲ့ ငွေဘယ်လောက်ကုန် မယ်လို့များ ခန့်မှန်းလို့တုံး. . ." ဟု မေးလေ၏။ ထိုအခါ ညိုမက

"ဒါက ဒီလိုတွက်ရတယ်ဒယ်ဒီကြီးရဲ့၊ အလျားနဲ့အနံကို မြှောက် ရင် စတုရန်းပေထွက်တယ် မို့လား၊ အခုခေတ်ကာလ ပစ္စည်းဈေးနဲ့တွက်ရင် တစ်စတုရန်းပေကို ၅၀၀ နှုန်းထားပြီး တွက်ရတယ်၊ အဲဒီတော့ ၆ သိန်းကျ တာပေါ့. . .၊ နှစ်ထပ်ဆိုတော့ ၂နဲ့ မြှောက်လိုက်ရင် ဆယ့်နှစ်သိန်းကျ တာပေါ့. . .၊ အတွင်းဘက်ကို ပတ်ကားအလှပြင်တယ်ဆိုရင် ၃ သိန်း လောက်တော့ ကုန်လိမ့်မယ်၊ အဲဒီတော့ ၁၅ သိန်းလောက်ထွက်တာ ပေါ့. . .၊ဒါဆိုရင် အိမ်သစ်ကြီးရပြီ. .၊ ဒယ်ဒီကြီး စိတ်ချမ်းသာပေ

www.burmeseclassic.com


ရော့. . .” ဟုပြောလေ၏။

“အတော် တော်တဲ့ ညိုမပဲ” ဟု ဒယ်ဒီကြီးက ချီးမွမ်းလေ၏။ ထို့နောက်မှ ဒယ်ဒီကြီးက

“ပုံစံက ဘယ်လိုပုံစံမျိုးဆောက်မှာတုံး. . .” ဟု မေးလေ၏။

“ပုံစံကတော့ မူလအိမ်ဟောင်းကြီးရဲ့ပုံစံအတိုင်း တိမ်းသွေ့မတိမ်းတူအောင် ဆောက်မယ်၊ ဒါကြီးကို ဖျက်မချခင်မှာ ဘက်ပေါင်းစုံကနေ ဓာတ်ပုံရိုက်ထားဦးမယ်၊ အဲဒီ ဓာတ်ပုံပေါ်မှာ အခြေခံပြီး အိမ်ပုံစံ ဆွဲမယ်၊ အောက်က အခုအတိုင်းပဲ အုတ်နဲ့ဆောက်မယ်၊ ဒါပေမယ့် အနီရောင်အုတ်ကွက်ဖော်မယ်၊ အပေါ်က သစ်နဲ့ဆောက်မယ်၊ ရေနံပျစ်နေအောင်သုတ်မယ်၊ ပြတင်းပေါက်တွေကိုချန်ထားပြီး အဖြူရောင်သုတ်မယ်၊ ဝရံတာပွတ်လုံးတွေကိုလည်း အဖြူရောင်သုတ်မယ်။ ပြတင်းပေါက်မှန်တွေကို ရောင်စုံတပ်မယ်၊ အတွင်းလှေခါးနဲ့ လက်ရမ်းကိုလည်း အိမ်ဟောင်းကြီးတုန်းက ပုံစံအတိုင်း အသစ်ပြန်လုပ်ပေးမယ်. . .” ဟု ညိုမက ပြောလိုက်လျှင် ဒယ်ဒီကြီးက အနီးရှိစားပွဲကို လက်ဝါးဖြင့် ဗျန်းကနဲပုတ်လိုက်ပြီးလျှင်

“ဟေး. . . ကြိုက်ပြီ. . .” ဟု အော်လိုက်လေတော့သတည်း။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၇ )

## အိမ်သစ်ဆောက်ပေးတဲ့မဟာတော်ပါ့

ညိုမသည် အိမ်ဟောင်းကြီးကို ထောင့်စုံမှ ဓာတ်ပုံရိုက်ကူး၍ထားလေ၏။ ထို့နောက် အိမ်ပုံစံဆွဲသော အင်ဂျင်နီ ယာတစ်ဦးထံတွင် ထိုဓာတ်ပုံကိုပြ၍ အိမ်ပုံစံကို အပ်နှံခဲ့လေ၏။ အိမ်ပုံစံရသောအခါ၌ အိမ်ဆောက်လုပ်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာသို့ တင်ပြလျှောက်ထားခဲ့လေ၏။ ခွင်ပြုမိန့်ကျသောအခါ၌ ဒယ်ဒီကြီး၊ မာမီကြီးမိသားစုတို့အား ကျောက်မြောင်း ရပ်ကွက်ရှိ သီတာလမ်းတွင် လုံးချင်းအိမ်တစ်လုံး ခေတ္တငှားရမ်း၍ ရွှေ့ပြောင်းပေးထားလိုက်လေ၏။

အထက်ပါအတိုင်း ရွှေ့ပြောင်းပြီးနောက် အိမ်ဟောင်း

www.burmeseclassic.com


၍ ဝယ်သော ကုလားကိုခေါ်ကာ အိမ်ဟောင်းကြီးကို ပုတ်ပြတ်ရောင်းချ လိုက်လေတော့၏။ ထို့နောက် 'ကြံကြည်' ဆိုသည့် တရုတ်လက်သမား တစ်ဦးအား အိမ်ပုံစံကိုပေး၍ ပုတ်ပြတ်ငှားရမ်း လိုက်လေတော့၏။ တရုတ်လက်သမား 'ကြံကြည်' သည် အသေးစိတ် တိုင်းတာတွက်ချက်၍ သစ်များကို ရွေဘော်ထိုးခြင်း၊ စရွေးဖောက်ခြင်း၊ ကျည်းဘောင်ခွေခြင်း အလုပ်တို့ကို သေသပ်ကျနစွာလုပ်လေ၏။ ထို တရုတ်လက်သမားသည် မြန်မာပန်းရံဆရာ ကျော်မြိုင်ဆိုသူအား ထပ်ဆင့်ငှားရမ်းကာ ဖေါင်ဒေးရှင်းနှင့်တကွ အောက်ထပ်အုပ်ပတ်ကားတက်ရန် စေခိုင်းလေတော့၏။ ၎င်းပန်းရံဆရာကျော်မြိုင်သည် ပန်းရံအလုပ်ကို လွန်စွာတတ်ကျွမ်းသည့် အပြင် စေ့စပ်သေချာ၏။ စေတနာလည်းထား၍ လုပ်ကိုင်၏။ ၎င်း ပန်းရံဆရာကျော်မြိုင်သည် လူပျိုကြီးဖြစ်၏။ အသက်ကြီးကာမှ မိန်းမတစ်ဦးနှင့် ရည်ငံနေသည်ဖြစ်ရာ အလုပ်ကိုကောင်းစွာမလုပ်နိုင်ဘဲ ၎င်းမိန်းမရှိရာ ရှစ်မိုင်ဘက်ဆီသို့ မကြာခဏသွားရောက်နေသောကြောင့် အလုပ်များသည် ပြီးရမည့်အချိန်၌ မပြီးဘဲရှိလေ၏။ ထို့ကြောင့် ညိုမသည် လက်သမားကြံကြည်အား ဆူပူလေ၏။ ကြံကြည်က ကျော်မြိုင်အား ထပ်ဆင့်ဆူပူပြန်လေ၏။ ဤသို့လျှင် သုံးဦးသုံးဖလှယ် ထပ်ဆင့်ဆူပူရင်းနှင့်ပင် အိမ်ကြီး၏အောက်ထပ်သည် လုံးဝပြီးစီးသွားတော့၏။

အောက်ထပ်ပြီးစီးသောအခါ ကြံကြည်တို့ လူစုသည် လက်သမားအလုပ်များဝင်ကြရပြန်၏။ လှေကားများတပ်ရ၏။ ပွတ်လုံးများ ထည့်ရ၏။ အပေါ်ထပ်အတွက် လျှာထိုးများခင်းပြီးသော်လည်း အကာများပြုလုပ်ရပြန်၏။ ပြတင်းပေါက်များတပ်ရ၏။ ရောင်စုံမှန်များထည့်ရ၏။ အလုံးစုံပြီးသောအခါ၌ မီးကြိုးများရိုက်ခြင်း၊ ရေချိုးခန်း၊ အိမ်သာ၊


BURMESE CLASSIC .com

www.burmeseclassic.com


မီးဖိုချောင် အတွက် ဘုံဘိုင်ခေါင်းများ တပ်ဆင်ခြင်းများ ပြုလုပ်ရပြန်၏။ ထို့နောက် ညိုမသည် အိမ်ဟောင်းကြီးတွင် အသုံးပြုခဲ့သော ကုတင်၊ ဘီရို၊ ကုလားထိုင် စသည်များကိုဓာတ်ပုံရိုက်၍ ထိုပုံစံအတိုင်း အိမ်ထောင်ပရိဘောဂအသစ်များကို ပြုလုပ်ခိုင်း၏။ အိမ်ထောင်ပရိဘောဂအဟောင်းများကိုမူ အဟောင်းဆိုင်တွင် အပြီးရောင်းလိုက်ပြီဖြစ်၏။

ထို့နောက် အိမ်ထောင်ပရိဘောဂအသစ်များကို သူ့နေရာနှင့်သူ ထားသိုလိုက်၏။ အခန်းစီးများ ကိုတပ်၏။ ဖန်ပဒိုင်းများပါသောမီးများကို မျက်နှာကျက်တွင် ချိတ်ဆွဲ၏။ ယုန်နားရွက်ပုံစံ မီးအိမ်များကို နံရံတွင် ချိတ်၏။ အိမ်ကြီး၏အပေါ်ထပ်အတွင်းခန်းကို ဖြူနစ်နေသော ဆေးများ သုတ်၏။ အိမ်ကြီး၏ အပေါ်ထပ်အပြင်နံရံကိုမူ ရေနံချေးများ အထပ်ထပ် သုတ်၏။ အပြင်မှမြင်ရသော ပြတင်းပေါက်ဘောင်များကို အဖြူရောင်ပင် သုတ်၏။ ဒယ်ဒီကြီးအတွက် သီးသန့်ထားသော ဘီရိုကြီးထဲတွင် ဒယ်ဒီကြီး ဝတ်ရန် အဝတ်စားများကို အသစ်ချုပ်လုပ်၍ အပြည့်ထည့် ပေးထားပြီး ဖြစ်၏။ မာမီကြီးအတွက်ထားသော ဘီရို၌လည်း ထဘီများ၊ အင်္ကျီများ ချုပ်လုပ်ထည့်ပေးထား၏။ တက်တက်နှင့် ခက်ခက်တို့အတွက်မူ အထည်စများ ဝယ်၍ထည့်ပေးထား၏။ ချုပ်လုပ်ခြင်းမပြုပေ။ ၎င်းတို့ နှစ်သက်သောပုံစံ ချုပ်လုပ်နိုင်ရန် အတွက်ဖြစ်၏။ ဘုရားခန်းနှင့် ဘုရားစင်မှာမူ စိတ်တိုင်းကျပြုပြင်စီမံထား၏။ ထို့အပြင် မျက်နှာကျက် ပန်ကာများ၊ မတ်တတ်ပန်ကာများ ပြည့်စုံစွာထည့်ထား၏။ အလုံးစုံပြီးသောအခါ၌ အိမ်တက်လုပ်ရန် ရက်ကို ကိုယ်တိုင်တွက်ချက်၍ ရွေးချယ်ပြီးလျှင် ဖိတ်စာရိုက်ထား၏။ သံဃာတော်များပင့်ဆောင်ထား၏။ ကျွေးမွေးရန် အစီအစဉ်များ အလုံးစုံပြုလုပ်ပြီးခါမှ ဒယ်ဒီကြီးတို့ မိသားစုလေးဦးအား


BURMESE CLASSIC .com

www.burmeseclassic.com


အိမ်ပေါ်သို့ခေါ်၍ တင်လိုက်လေတော့၏။ ၎င်းတို့၏ အဝတ်အစား အဟောင်းများ အသုံးဆောင်များကိုမူ ခေတ္တငှားရမ်းသော အိမ်၌ပင်ထား စေခဲ့လေ၏။

ဒယ်ဒီကြီးတို့မိသားစုအား ညိုမက တိုင်စီ ကားငှားရမ်း၍ ခေါ် လာခဲ့ခြင်းဖြစ်၏။ ကားပေါ်မှဆင်းသည်နှင့် မာမီကြီးသည် ၎င်းအိမ်ဟောင်း ကြီး နေရာတွင် အိမ်ဟောင်းကြီးပုံစံအတိုင်း အိမ်သစ်ကြီး ဖြစ်နေသည်ကို ကြည့်ရင်း ၎င်း၏ရင်ဘတ်ပေါ်သို့ လက်ကိုတင်၍ ဖိထားလိုက်လေ၏။ ပါးစပ်မှာလည်း အဟောင်းသားဖြစ်နေလေ၏။ ဒယ်ဒီကြီးအား ကားပေါ်မှ ပွေ့ချ၍ ဝှီးချဲပေါ်သို့တင်ပေးလိုက်ပြီး ညိုမက ဝှီးချဲကိုတွန်း၏။ ဒယ်ဒီကြီး သည် အိမ်သစ်ကြီးကို ကြည့်ပြီးနောက် ပါးစပ်ဟနေ၏။ သို့မဟုတ် ကြက် သေသေနေ၏။

ထို့နောက်မှ-

"အောင်မယ်လေး. . ဝိသကြုံနတ်သားဆင်းပြီး ဆောက်တာ များလားအောက်မေ့ရတယ်၊ အရင်ပုံစံအတိုင်းပဲ. .၊ ဒါပေမဲ့ အားလုံး အသစ်. .၊ ဟော့. . ဟော့. . ဒီတစ်သက် လှဖေတို့ အိမ်သစ်နဲ့ မနေနိုင် တော့ဘူး အောက်မေ့တာ. . ဟော့. . ဟော့. . "ဟု ဟော့ ဟော့ချင်းထပ် အောင်ပျော်၍နေရှာ၏။ မာမီကြီးက-

"ဟုတ်ပါတယ်. . ဒယ်ဒီကြီးရယ်၊ ရှင့်ချွေးမကတော့. . ဝိဇ္ဇာမကြီးပါပဲ. .၊ သူလုပ်ရင် ဘာမဆို ဖြစ်နေတာဘဲ. . "ဟုပြောလေ၏။ ထို့နောက် ၎င်းတို့မိသားစုသည် အိမ်ပေါ်သို့တက်ကြပြီးနောက် အိမ်ထောင် ပရိဘောဂများကို ကိုင်စမ်းကြည့်ကြ၏။ ထို့နောက် တက်တက်က-

"တက်တက်တို့ အဟောင်းကြီးတွေကို အသစ်ဖြစ်အောင်


BURMESE CLASSIC .com

www.burmeseclassic.com


ဘယ်လိုလုပ်လိုက်တာလဲ မညိုမ. . ” ဟု မေးလိုက်ရာ ညိုမက-

“အဟောင်းတွေကို ပရိဘောဂအဟောင်း ရောင်းတဲ့ဆိုင်မှာ အပြီး ရောင်းပစ်လိုက်တယ်၊ ပြီး တော့မှ အဲဒီ. . အဟောင်းပုံစံတွေအတိုင်း ပရိဘောဂလုပ်တဲ့ဆီမှာ အသစ်ပြန်ပြီးလုပ်ခိုင်းလိုက်တာပေါ့ တက်တက် ရယ်. . . ” ဟု ပြန်၍ ပြောလိုက်လေတော့၏။

မိသားစုလေးယောက်သည် မီးခလုတ်များကို ဖွင့်၍ကြည့်ကြ၏။ ရေချိုးခန်း၊ အိမ်သာ၊ မီးဖို ခန်းများကိုဖွင့်၍ကြည့်ကြ၏။ မီးဖိုခန်းတွင် ဆီပုံး များ၊ ဆန်ပုံးများ အပြည့်ဖြစ်နေ၏။ ငရုတ်သီး၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ပုစွန်ခြောက်၊ ဆားမှအစ. . ပြည့်စုံလှ၏။

မီးဖိုတွင် ရေနံဆီမီးဖိုကိုသာသုံးရန် ပြင်ဆင်ထား၏။ ထို့နောက် မိသားစုလေးယောက်သည် ဧည့်ခန်း၌ဆုံကြ၏။ ဧည့်ခန်းတွင် ယခင်က ဒယ်ဒီကြီးအိပ်ခဲ့သော ကုတင်အဟောင်းကြီးလည်း မရှိတော့ပေ။ ဧည့်ခန်း တွင် လူစုံသောအခါ၌ ညိုမက-

“နက်ဖြန်ကို အိမ်တက်လုပ်ရမှာ” ဟု ပြောလိုက်လျှင် မာမီကြီးက-

“ဘုန်းကြီးတွေဘာတွေ ပင့်ရဦးမှာပေါ့” ဟု ပြန်၍မေးလေ၏။

“ဘုန်းကြီးကိုပါ ပင့်ထားပြီးပါပြီ မာမီကြီးရဲ့. . ” ဟု ညိုမက ပြန်၍ဖြေလေ၏။ ထိုအခါ၌ ဒယ်ဒီကြီးက-

“လမ်းထဲက လူတွေကိုဖိတ်ဦးမှာလား. . ” ဟု မေးလေ၏။

“ဖိတ်ထားပြီးပါပြီ ဒယ်ဒီကြီးရဲ့၊ ဖိတ်စာတွေ ကမ်းထားပြီးပါပြီ၊ ဟောဒီမှာ ဖိတ်စာတွေချန်ထားသေးတယ်၊ ဒယ်ဒီကြီးတို့ မာမီကြီးတို့ မိတ်ဆွေတွေ၊ တက်တက်ရဲ့ မိတ်ဆွေတွေကို ဖိတ်ဖို့လေ. . ၊ ကား တစ်စီး ငှားပြီး အခုလိုက်ဖိတ်ရင် အတော်ပဲ. . ” ဟု ညိုမကပြောရာ ဒယ်ဒီကြီးက-


BURMESE CLASSIC .com

www.burmeseclassic.com


"မွဲလွန်းလို့ အလျှုအတန်းလုပ်ဖို့ မပြောနဲ့. . ၊ ကိုယ်တောင် အနိုင်နိုင်စားနေရတာ. . ၊ အခုလို လှူရတန်းရမယ်ဆိုတော့ ကြားရတော့ ဒယ်ဒီကြီးဖြင့် ဝမ်းနည်းသလိုလိုတောင်ဖြစ်မိတယ် ညိုမရဲ့. . " ဟု ငိုသံပါကြီးဖြင့်ပြောလေ၏။ ထိုအခါ၌ တက်တက်က-

"မညိုမ ဘာကျွေးမှာလဲ. . " ဟု မေးရာ ညိုမက-

"ဒံပေါက်စီစဉ်ထားတယ် တက်တက်ရဲ့" ဟု ပြန်၍ပြောလျှင် တက်တက်၏မျက်နှာသည် ဝင်းပသွားလေ၏။

"ဒံပေါက်ကျွေးနိုင်တယ်ဆိုတော့ ဂုဏ်ရှိတာပေ့ါ မညိုမရဲ့၊ မညိုမက အရမ်းတော်တာပဲ. . ၊ အားလုံးစီစဉ်ထားတယ်၊ ကဲ. . . ဒယ်ဒီကြီးပြောဘယ်သူတွေ ဖိတ်ရမလဲ. . "ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးသည် စာရွက်တစ်ရွက်ကိုယူ၍ ဖိတ်ရမည့် သူများစာရင်းကို သွက်လက်စွာ ရေးချလိုက်လေတော့သတည်း. . ။ ။

**နဖာချေးကော်ပေးတတ်တဲ့ မတတ်ပါ**

ညိုမသည် အိမ်တက်အခမ်းအနားလုပ်ပေးပြီးနောက် သူမ၏ဗေဒင်ဟော ပေးခြင်းအလုပ်ကိုလည်းဆက်၍လုပ်၏။ အိမ်ရှေ့တွင်ရှိသော ကွမ်းယာဆိုင်လေးကိုလည်း ထွက်မြဲပြန်၍ထွက်၏။ သူ၏ တပည့်သာဂေါင်ကြီးကိုလည်း ဆိုင်ထိုင်ခိုင်းမြဲထိုင်ခိုင်း၏။ ညိုမသည် ဗေဒင်ဟောခြင်းဖြင့် လောကီပညာ စာအုပ်အမြောက်အများကို ဆက်လက်၍ ဖက်ရှု လေ့လာမြဲလေ့လာ၏။ ထိုသို့လေ့လာရာတွင် မြန်မာ စာအုပ်များသာမက အင်္ဂလိပ်စာအုပ်များလည်းပါ၏။ ညအချိန်သို့ရောက်လျှင် သာဂေါင်ကြီးအား စာသင်ပေးမြဲသင်ပေး၏။ ထိုသို့အလုပ်များနေသည့် အချိန်မှာလည်း အိမ်မှုကိစ္စများ ဝတ္တရားမပျက်ပေ။ ထမင်းချက်ရမည့်


BURMESE CLASSIC .com

www.burmeseclassic.com


အချိန်တွင် ထမင်းဝင်၍ ချက်လိုက်၏။ ဒယ်ဒီကြီးကိုလည်း ဆေးတိုက်ခြင်း၊ အဝတ်အစားလဲပေးခြင်း၊ ညနေစောင်းလျှင် ဝှီးချဲဖြင့် ဒယ်ဒီကြီးအား တစ်လမ်းဝင်တစ်လမ်းထွက် တွန်းပေးခြင်းများ ပြုလုပ်တတ်၏။ ဒယ်ဒီကြီး သည် ဝှီးချဲကိုစီး၍လိုက်ရင်း ဆန်ပြုတ်ဆိုင်တွေ့လျှင်ရပ်ခိုင်းတတ်၏။ တစ်ခါတရံ၌လည်း ဘယာကြော်ဆိုင်တွေ့လျှင် ရပ်ခိုင်းတတ်ပြန်၏။ တစ်ခါတရံ၌ မုန့်ဟင်းခါးဆိုင်တွေ့လျှင် ရပ်ပေးရပြန်၏။ ညိုမသည် ဒယ်ဒီကြီးအား ဝှီးချဲကိုတွန်း၍ ညနေတိုင်း လမ်းထွက်ပေးရ၏။ ဒယ်ဒီကြီးသည် ဝှီးချဲစီးရင်း ၎င်းဖတ်ထားသော တရားစာအုပ်များထဲမှ အကြောင်းများအား ညိုမကိုပြောပြ၏။ ညိုမသည် တစ်စုံတရာမပြောဘဲ ငြိမ်၍နားထောင် တတ်မြဲဖြစ်၏။

ဒယ်ဒီကြီးသည် ညနေတိုင်း ညိုမတွန်းသော ဝှီးချဲကိုစီးကာ လမ်းထွက်ရသည်ကို လွန်စွာသဘောကျ၏။ လွန်စွာမှလည်း စိတ်ပြေလက်ပျောက်ရှိလှတော့၏။ ၎င်းပြောချင်သော တရားစကားများကို ပြောခွင့်ရ၍လည်းကြည်နူးမိ၏။ ညိုမသည် ညနေ လမ်းထွက်လျှင် ဒယ်ဒီကြီး ကြည့်ရန်အတွက် ရွှေရောင်ဒိုင်ခွက်ဖြင့် ပြုလုပ်ထားသော ရိုးမားနာရီလေးတစ်လုံး ဝယ်၍ ပတ်ပေးတတ်၏။ ဒယ်ဒီကြီးသည် တစ်နေ့လုံးလုံး တရားစာအုပ်များကိုဖတ်၏။ ခဲတံနီပြာတံဖြင့် မှတ်၏။ ညနေလမ်းထွက်လျှင် ညိုမအား ပြောပြ၏။

ညိုမသည် ဒယ်ဒီကြီး၏ဝတ္တရားများကို ကျေပွန်သကဲ့သို့ မာမီကြီး၏ ဝတ္တရားများကိုလည်း ကျေပွန်လှ၏။ တစ်ပတ်တစ်ခါ ခေါင်းလျှော်ပေး၏။ ဆံပင်ဆိုးပေး၏။ လက်သည်း၊ ခြေသည်းညှပ်ပေး၏။ ညို မကျွမ်းကျင်သော အလုပ်ထဲတွင် နားကော်ခြင်းအလုပ်လည်းပါ၏။ သူ့ထံတွင် နား


BURMESE CLASSIC .com

ကော်သော သံချိတ်နားဖာကလော်၊ ဇာကနာဂွမ်းတပ်၍ ကျပ်ရန် ဝါးချွန်၊ နားတွင်ထည့်ရန်ဆူ ဆေး၊ နားကော်ပြီးလျှင် နားဖာချေးမခြောက်ရန်ထည့်သောဆီ စသည်တို့ ပြည့်ပြည့်စုံစုံရှိ၏။ နားတွင်းမှ ကပ်နေသော နားဖာချေးကို သံချိတ်ဖြင့်ခွါ၏။ အနည်းငယ်ထောင်လာသောအစကို ဇာကနာဖြင့် ညှပ်၍ဆွဲထုတ်၍ရသော နားဖာချေးကို ဝါးဒုတ်ကလေးတွင် သုတ်ထား၏။

ပြီးလျှင် ဂွမ်းဖြင့်ကျပ်ပေး၏။ နာဖာချေးခြောက်၍ ကျောက်ကဲ့သို့ဖြစ်နေလျှင် ဆူဆေးကိုအသုံးပြု၏။ ညိုမသည် မာမီကြီးကို တစ်လတစ်ကြိမ် နားဖာချေးကော်ပေး၏။ ခြေသည်း၊ လက်သည်းညှပ်ပေး၏။ ဒယ်ဒီကြီးကိုလည်းပြုလုပ်ပေး၏။ မာမီကြီးအား ကြာသပတေးနေ့တိုင်း ရွှေတိဂုံဘုရားသို့ ပို့ပေးလေ၏။ တက်တက်၊ ခက်ခက်နဲ့ သာဂေါင်ကြီးအား တစ်လတစ်ကြိမ် ရုပ်ရှင်လိုက်ပြ၏။ နေ့ကြီး၊ ရက်ကြီး များတွင် ပန်းခြံများ၊ တိရစ္ဆာန်ရုံများသို့ တစ်အိမ်လုံးကိုခေါ်သွား၏။ ထမင်းဟင်းများ ချက်ပြုတ်ကာ ပန်ခြံအတွင်း သို့မဟုတ် တိရစ္ဆာန်ရုံအတွင်း၌ တစ်အိမ်လုံး ပျော်ပျော်ပါးပါးစားကြ၏။ ထမင်းစားပြီးလျှင် ရေခဲမုန့်များကျွေးတတ်သေး၏။ ထို့ကြောင့် မပြည့်မစုံ မလောက်မငှ မဝရေစာ စားသောက်နေရသော ဒယ်ဒီကြီးတို့၏ ဘဝသည် ပြည့်ပြည့်စုံစုံ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာတော့၏။ တက်တက်၏ လခကိုလည်း ညိုမက စုဆောင်းခိုင်း၏။ အတော်အတန်ရလျှင် လက်ဝတ်လက်စားဝယ်ပေး၏။ ငွေလိုလျှင် ဝင်းကပင်စိုက်၍ လုပ်ပေး၏။ ထို့ကြောင့် တက်တက်၏နားတွင် စိန်ခြယ်နားကပ်ကလေးရှိနေပြီဖြစ်၏။ လည်ပင်း၌လည်း အမ်-စီကြိုးလေးနှင့် အသဲပုံနီလာဆွဲပြားလေးတစ်ပြားရောက်နေပြီဖြစ်၏။

www.burmeseclassic.com


လက်ဝဲဘက် လက်သူကြွယ်၌ တန်းကွင်းလက်စွပ်ကလေးများ ရှိ၏။ လက်ကောက်ရင်း၌မူ ဆောက်ဖြတ် လက်ကောက်သုံးကွင်းစွပ်ထား နိုင်ပြီဖြစ်၏။ အဝတ်အစားမှာလည်း (၄-၅)ရက်မထပ် အောင်ဝတ်နိုင်ပြီ ဖြစ်၏။ တက်တက်၏ အခန်းထဲတွင် ဖိနပ်စင်ကလေး သီးခြားရှိ၏။ ထိုဖိနပ်စင်ကလေးတွင် ဖိနပ်အမျိုးမျိုးရှိနေပြီဖြစ်၏။ အလှဆောင်းသော ထီးကလေးများလည်း ရောင်စုံရှိနေပြီဖြစ်၏။ ညိုမသည် တက်တက်အား ဘယ်ခရီးတွင် ဘယ်ထီးဆောင်းရမည်၊ ဘယ်အရပ်သွားလျှင် ဘယ်ဖိနပ်စီး ရမည် စသည်တို့ မသိမသာသင်ပြပေး၏။ လက်ကိုင် ပဝါလေးများ ရောင်စုံ ရှိနေပြီဖြစ်၏။ ပိုက်ဆံအိတ်ကလည်း အမျိုးမျိုးကိုင်နိုင်ပြီဖြစ်၏။ ထို့ပြင် တက်တက်အား ငွေစုစာအုပ်လုပ်ရန် သင်ပြပေးထား၏။ ထို့ကြောင့် တက်တက်သည် လခကိုကောင်းစွာ စုတတ်နေပြီဖြစ်၏။ အစပထမတွင် တက်တက်သည် ညိုမ အား ခပ်ကန်ကန် ဆက်ဆံခဲ့သော်လည်း ယခုအခါ ၌မူ ရိုရိုသေသေဆက်ဆံနေပြီဖြစ်၏။ ၎င်းတို့နှစ်ဦး ဆက်ဆံရေးမှာ အကြမ်း အားဖြင့် ကျောင်းသူနှင့် ဆရာမကဲ့သို့ဖြစ်၏။ တက်တက်သည် ယခင်ကဆို လျှင် ကြွေနှင့်မနေတတ်၊ ယခုမူ ညိုမ၏ အတုကို ခိုးကာ ပြောစရာရှိလျှင် ရဲရဲတင်းတင်း တည်တည်တန့်တန့်ပြော၍ ရယ်စရာရှိလျှင် ရယ်တတ်သော် လည်း ယခင်ကရှိသော ပေါ့ပျက်ပျက် အမူအရာများ လုံးဝလောက်နီးနီး ပျောက်လွင့်ကုန်ပြီ ဖြစ်လေတော့သတည်း. . ။ ။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၈ )

## ကြုံမိရိုက်ကောင်းတဲ့ မ' တာတာပါ့'

ညိုမသည် ဘုရားစင်ရှေ့တွင် ဗေဒင်ဟောသော ခုံကလေးကို ချ၍၊ ဟောပြော မြဲဟောပြောနေလေ၏။ ညိုမ၏ ဗေဒင်ပရိသတ်မှာ များပြားလှသည်မဟုတ်ပေ။ သို့ရာတွင် ဂုဏ်အားလွန်စွာယုံကြည်သော ပရိသတ်ဖြစ်၏။ ချမ်းသာကြွယ်ဝသော ပရိသတ်များလည်းဖြစ်၏။ ပရိသတ်အသစ်များမတိုးဘဲ အဟောင်းများသာလျှင် ထပ်တလဲလဲလာ ရောက်မေးမြန်းနေကြခြင်းဖြစ်၏။

ညိုမသည် လိုအပ်သောအခါများ၌ အညံ့အခိုက်များ ပြေပျောက်စေရန် ယတြာများပြုလုပ်ပေးတတ်သော်လည်း ထိုသို့ပြုလုပ်ပေး

www.burmeseclassic.com


အတွက် အဖိုးအခယူလေ့မရှိပေ။ ပြုလုပ်ရသော ယတြာများမှာလည်း များသောအားဖြင့် ဘုရားကိုလှူခိုင်းခြင်း၊ သံဃာတော်ကို လှူခိုင်းခြင်း၊ သက်ကြီးရွယ်အိုကို လှူခိုင်းခြင်း၊ ဆင်းရဲသောလူမမာများအား လှူခိုင်းခြင်း၊ ဆုတောင်းခိုင်းခြင်း၊ သက်သတ်လွတ်စားခိုင်းခြင်း၊ ပုတီးစိပ်ခိုင်းခြင်း စသော ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်းသည့်ယတြာမျိုးသာလျှင်ဖြစ်၏။

ညိုမ၏ စေတနာကြောင့်လော၊ ယတြာပြုလုပ်သော ကာယကံရှင်၏ ယုံယုံကြည်ကြည် ပြုလုပ် မှုကြောင့်လော မဆိုနိုင်ပေ။ ယတြာများသည် အောင်မြင်ထမြောက်သည်ချည်းဖြစ်၏။

တစ်ခါတွင် ငွေများဆုံးလုလုဖြစ်နေသော လူကြီးတစ်ဦးအား ညိုမသည် ဆယ်ရက်တိုင်တိုင် မုန့်လုံးရေပေါ်ဆယ်လုံး အိမ်ရှိဘုရားစင်တွင် လှူဒါန်းပြီး လေးလေးနက်နက် ဆုတောင်းစေခဲ့၏။ ၃၃ရက် မြောက်သော နေ့တွင်ဆုံးမလိုလိုဖြစ်နေသော ထိုလူကြီး၏ငွေများသည် ပြန်လည်၍ ရရှိသွားလေ၏။ ထို့ကြောင့် ထိုသူကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ညိုမအား ငွေနှင့်လက်ဆောင်ပစ္စည်းများလာ၍ပေးလေ၏။ ဤသည်ကို အကြောင်းပြု၍ ဒယ်ဒီကြီးက ညနေတိုင်းအပြင်သို့ထွက်သောအခါ၌-

“မနက်က ဦးသိန်းမောင်ဆိုတဲ့ လူကြီးက ညိုမကို ငွေတွေမဆုံးတော့ဘူး ပြန်ရပြီဆိုလား. . ၊ လက်ဆောင်တွေ လာပေးတာတွေ့ရတယ်၊ ဒီလူကြီး စပြီးလာကတည်းက ဒယ်ဒီကြီး သတိထားမိတယ်၊ မုန့်လုံးရေပေါ်လှူဒါန်းပြီး ဆုတောင်းခိုင်းတယ်၊ ဘုရားမှာ ဆုတောင်းတာတော့ ဒယ်ဒီကြီးလည်း နားလည်ပါတယ်၊ နားမလည်တာက မုန့်လုံးရေပေါ်ပဲ၊ တခြားလှူဖွယ်ကို မလှူခိုင်းဘဲဘာဖြစ်လို့ မုန့်လုံးရေပေါ်ကိုမှ လှူခိုင်းရတာလဲ. . ” ဟု မေးလေတော့၏။


BURMESE CLASSIC .com

www.burmeseclassic.com


"တခြားဟာ လျှော့ခိုင်းလည်းဖြစ်ပါတယ်၊ ဒါပေမဲ့ မုန့်လုံးရေပေါ်က တော့ မြုပ်နေရာကနေ ပေါ်လာရတဲ့ သဘာဝလေးကို ကြိုက်လို့ အဲဒါလေးကိုလျှော့ခိုင်းလိုက်တာပါ၊ အဲဒါကိုလည်း ဦးသိန်းမောင်ဆို တဲ့လူကြီးကို ပြောပြလိုက်ပြီးသားပါ၊ ဒယ်ဒီကြီး သတိမထားမိလို့ပါ၊ မုန့်လုံးရေပေါ် လှူပြီး ဆုတောင်းခိုင်းလို့ ဆုံးတော့မလိုဖြစ်နေတာတွေမဆုံးဘဲ ပြန်ရတယ်ဆိုပြီး လက်ဆောင်လာပေးကြတဲ့လူတွေ မနည်းပါဘူး၊ ဒယ်ဒီကြီး အခုဝတ်ထား တဲ့ အင်္ကျီနဲ့ဘောင်းဘီစဟာ ဒေါ်အေးလှကြီး ငွေတွေပြန်ရလို့ လက်ဆောင် လာပေးတဲ့ ပိတ်စကို ချုပ်ထားတာလေ၊ အဲဒီတုန်းကလည်း ဒယ်ဒီကြီးကို ညိုမပြောပြသားပဲ. . "ဟု ညိုမက ပြောလိုက်လျှင် ဒယ်ဒီကြီးက ရယ်လေ၏။

"အေးလေ ဘာပဲဖြစ်ဖြစ် ဆုံးမယ့်ဟာ ပြန်ရတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမဲ့လည်းဆုံးမယ့် ငွေနဲ့ မုန့်လုံးရေပေါ်နဲ့ကတော့ ဘာမှ မပတ် သက်ဘူးနော. . " ဟု ဒယ်ဒီကြီးက ပြောဆိုကာ ရယ်မောလေတော့၏။ ညိုမလည်း ရယ်မောလေတော့၏။ ဤသို့နှင့် ဒယ်ဒီကြီးနှင့် ညိုမတို့သည် စကားပြောဖြစ်တတ်ကြလေ၏။ ၎င်းတို့နှစ်ဦးသည် သမီးယောက္ခမနှင့် မတူဘဲ တကယ့်သားအဖ အရင်းကဲ့သို့ရှိလေ၏။

ညိုမ၏ ဗေဒင်ဟောပြောခြင်း လုပ်ငန်းသည် တစ်စထက်တစ်စ တိုးတက်လာလေ၏။ ညိုမ၏ ဗေဒင်ပရိသတ်မှာလည်း ခိုင်မာသည်ထက် ခိုင်မာလာ၏။ ထိုပရိသတ်သည် ညိုမအားလေးစားသည့် အလျောက် ညိုမလိုသည့် ကိစ္စများကို ငွေကြေးဖြင့် ကူညီပံ့ပိုးကြလေ၏။ အချို့သူများ သည် ညိုမအား ဘဏ်တွင်ငွေထည့်၍ စာရင်းဖွင့်ပေးထား၏။ အချို့ သည် ညိုမအားငွေကို လက်ဖြင့်မပေးတော့ဘဲ ညိုမ၏ ဘဏ်ငွေစာရင်း၌


BURMESE CLASSIC .com

www.burmeseclassic.com


ငွေထည့်ပေးကြလေ၏။ ညိုမတို့အိမ်ရှေ့တွင် အစဉ်သဖြင့် ကားသုံးလေးစီးခန့်ရပ်နေတတ်မြဲဖြစ်၏။ ထို့ကြောင့် ပေဒင်မေးသူသုံးယောက်ရှိနေလေ၏။ ညိုမသည် ရှစ်နာရီခန့်တွင် ပေဒင်စားပွဲ၌ထိုင်၏။ လေးနာရီတွင် ရပ်နားလိုက်မြဲဖြစ်၏။ ထိုသို့ ရပ်နားပြီးနောက် ထမင်းဟင်းချက်ပြီး ဒယ်ဒီကြီးအား ဗိုးချဲပေါ် သို့တင်ကာ ထွက်လေတော့၏။

တစ်နေ့တွင် ဒယ်ဒီကြီးက ညနေပိုင်း အပြင်သို့ထွက်ရင်း-

"နေစမ်းပါဦး ညိုမရဲ့..၊ အလုပ်လုပ်ဖို့ စားပွဲမှာထိုင်ရင် တစ်ခါရွတ်တယ်၊ အလုပ်သိမ်းတဲ့အခါမှာ တစ်ခါရွတ်တယ်၊ အဲဒီရွတ်တဲ့ ဂါထာဟာ ဘာဂါထာလဲ.." ဟု မေးလေ၏။

"ဂါထာမဟုတ်ပါဘူး ဒယ်ဒီကြီးရယ်..၊ ဘုရားစာရွတ်တာပါ၊ ထွေထွေထူးထူးလည်း မဟုတ်ပါဘူး.."

ဗုဒ္ဓဂုဏော အနန္တော
ဓမ္မဂုဏော အနန္တော
သံဃာဂုဏော အနန္တော
ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ
ဓမ္မောမေသရဏံ အညံနတ္ထိ
သံဃောမေသရဏံ အညံနတ္ထိ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃာ သရဏံ ဂစ္ဆာမိ
သော ဉတ္ထိ၊ ဂစ္ဆ အမုမှိ
သြကာသ တိဌာတု.. ဟု ညိုမက ရွတ်ပြလေ၏။ ထိုအခါ


BURMESE CLASSIC .com

www.burmeseclassic.com


ဒယ်ဒီကြီးက-

"ဒီလောက်တော့မမြန်ဘူး၊ ညိုမ ရွတ်တာ ဘယ်နှစ်ခေါက်လဲ. . " ဟု မေး မြန်းလေ၏။ ထိုအခါ ညိုမက-

"သက်စေ့ရွတ်တာလေ ဒယ်ဒီကြီးရဲ့ ဒါပေမဲ့အကြာကြီး မဟုတ်ပါဘူး၊ မနက်တစ်ခါ ညတစ်ခါတော့ ရွတ်ရတာပေါ့. . " ဟု ပြန်၍ ဖြေလိုက်လေ၏။ ညိုမသည် ဤ သို့လျှင် ဒယ်ဒီကြီးတို့ မိသားစုအား စောင့်ရှောက်ခဲ့လေ၏။ ဒယ်ဒီကြီး၏ ကျန်းမာရေးကိုလည်း လွန်စွာမှဂရုစိုက်ခဲ့၏။ ထို့အပြင် တစ်အိမ်လုံး၏ နေရေး၊ ထိုင်ရေး၊ စားသောက်ရေးတို့ကို မလစ်ဟင်းအောင်ဆောင်ရွက်ခဲ့လေ၏။

ဤသို့နှင့်ပင် ဒယ်ဒီကြီးတို့၏ မိသားစုသည် တိုးတက်လာခဲ့လေ၏။ တက်တက်မှာအလုပ်တွင် ရာထူး၂ဆင့်တက်သွားပြီဖြစ်၏။ လစာလည်း အတော်အတန်တိုးတက်သွားပြီဖြစ်၏။ မာမီကြီးမှာလည်း ယခင်ကကဲ့သို့ ပိန်ခြောက်ခြောက်မဟုတ်။ ဝဝဖြိုးဖြိုးနှင့် အသားအရေများပင် စိုပြေနေပြီဖြစ်၏။ ဒယ်ဒီကြီးမှာမူ ပြောစရာမလိုပေ။ အစဉ်သဖြင့် တဟဲဟဲနှင့်ရယ်နိုင်နေပြီဖြစ်၏။

ခက်ခက်ကလေးသာလျှင် စာမေးပွဲ မကြာခဏ ကျရှုံး၍နေ၏။ အတန်းတစ်တန်းကို ၂နှစ်နေမှ အောင်မြင်လေ၏။ သို့ရာတွင် ဆယ်တန်းသို့ ရောက်လာပြီဖြစ်၏။

ခက်ခက်ဆယ်တန်းသို့ ရောက်သောနှစ်တွင် သာဂေါင်ကြီးလည်း ဆယ်တန်းကျောင်းသားဖြစ်နေပြီဖြစ်၏။ ထိုနှစ်ကဆယ်တန်းတွင် မြန်မာစာအတွက် မင်းဘူးဆရာတော် ဦးဩဘာသရေးသားသော ဝေဿန္တရာဇာတ်တော်ကြီးနှင့် ကဗျာ့ပန်းကုံး စာအုပ်ပြဋ္ဌာန်း၏။ အင်္ဂလိပ်ပြဋ္ဌာန်းစာအုပ်မှာ


BURMESE CLASSIC .com

www.burmeseclassic.com

ဂိုးလ်ဒင်း ဂိတ်ခေါ် ကဗျာစာအုပ်နှင့် ပရိုစ်ခေါ် အင်္ဂလိပ်စကားပြေစာအုပ် ပြဋ္ဌာန်း၏။ ခက်ခက်မှာဆယ်တန်းအတွက် ကျူရှင်ဆရာမကိုခေါ်၍ အထူး သီးသန့်သင်ယူခဲ့လေ၏။ သာဂေါင်ကြီးမှာမူ စျေးရောင်းရင်း စာ ကျက်ရ၏။ ကျူရှင်တက်နိုင်သော အခွင့်အရေးကို မရရှာပေ။ သို့ရာတွင် ဆိုင်သိမ်း၍ စာကျက်ချိန်ရောက်သောအခါ၌ ၎င်းနားမလည်သည်ကို ညိုမက သင်ပြပေးလေ့ရှိ၏။

တစ်ညတွင် ပရိုစ်စာအုပ်တွင်ပါ သော ပါပဲဂျားခေါ် ခရမ်းရောင် ဖန်ကရားလေးအကြောင်း သင်ခန်းစာကို သာဂေါင်ကြီးက သင်ပြခိုင်း၏။ ညိုမက ထမင်းစားပွဲခုံဝိုင်းကလေးပေါ်တွင် မြေဖြူခဲဖြင့် ရေး၍ ဝါကျများ ထားသိုပုံ၊ မူရင်းဆရာ၏ အဓိကဆိုလိုချင်သောအကြောင်းအရာမှအစ အသေးစိတ်သင်ပြပေးပြီးလျှင် မိမိရေးနိုင်စွမ်းသော အင်္ဂလိပ်စာဖြင့် သာဂေါင်ကြီးအား ထိုအကြောင်းအရာကို တစ်ပုဒ်ချင်းပြန်၍ ရေးခိုင်း၏။ မှားနေသည်များကို ပြင်ပေး၏။

ဒယ်ဒီကြီးသည် ညိုမစာသင်သည်ကို စိတ်ဝင်စားစွာ နားထောင် ခဲ့လေ၏။ ထို့နောက်. .

"ညိုမက စာသင်တာ တယ်ကောင်းတာကိုး . .၊ အင်္ဂလိပ်စာ လည်း အတော်ရတာပဲ. .၊ သာဂေါင်ကြီးကတော့ ကံကောင်းတာပဲဟေ့. .၊ မင်းမှာက ဆွေမရှိ မျိုးမရှိ မိဘလည်း မရှိဘူး၊ ညိုမဟာ မင်းရဲ့ အစ်မကြီး ပဲ. .၊ မင်းရဲ့ ဘဝကတော့ ရှေ့မှာ တက် လမ်းတွေချည်းပါပဲ သာဂေါင် ကြီးရာ. . " ဟု ပြော လေ၏။ သာဂေါင်ကြီးသည် ဆယ်တန်းသို့ရောက်ပေ သည့်တိုင်အောင် ဝတ်စားဆင်ယင်ပုံများ ပြောင်းခွင့်မရသေးပေ။ ဆံပင် အရှည်ထားခွင့်မရ။ ခေါင်းတုံး ဆံတောက်သာထားရ၏။ အကျႌမှာလည်း


BURMESE CLASSIC .com

www.burmeseclassic.com


မီးခိုးရောင် ဖျင်အင်္ကျီပွပွကြီးသာဝတ်ရ၏။ ပုဆိုးဝတ်ရသည် ဟူ၍မရှိ။ မီးခိုးရောင်ဘောင်းဘီပွပွကြီးသာ ဝတ်ရ၏။ ဖိနပ်မှာလည်း မော်တော်ကားတာယာကိုချုပ်ထားသော ကြိုးကွင်းသိုင်းဖိနပ်စီးရ၏။

တစ်နေ့တွင် သာဂေါင်ကြီး စျေးရောင်းနေစဉ် ခက်ခက်ကအနီးသို့ရောက်လာပြီး-

"သာဂေါင်ကြီး. .၊ ငါရဲ့ ဂဲလ်ဖရန့် စင်သီယာက ကျောင်းကိုလာရင် ကွမ်းယာတစ်ယာအမြဲ စားလာတယ်၊ သူကပြောတော့ အချိုယာတာတဲ့. .၊ ပါးစပ်လည်း မနံဘူးတဲ့. .၊ အားမွှေးထည့်ထားတာတဲ့၊ သွားနှုတ်ခမ်းကလေးကလည်း မဆိုးဘဲနဲ့ ရဲနေတယ်၊ ငါ့ ကိုလည်း အဲဒီလို အချိုတစ်ယာယာပေးစမ်းပါ. ." ဟုပြောရာ သာဂေါင်ကြီးက-

"ကွမ်းယာစားရင် လျှာထူတယ်၊ အင်္ဂလိပ်စာဖတ်တဲ့အခါမှာ လျှာထူရင် အသံက မပီတော့ဘူးလို့ အစ်မကပြောတယ်၊ ငါတောင် မစားရဘူး. .၊ နင် လည်း မစားပါနဲ့ဟယ်. ." ဟု သာဂေါင်ကြီးကပြောလေ၏။

"ဟင့်အင်း. . ဟင့်အင်း၊ အပိုတွေမပြော နဲ့. .၊ အချိုတစ်ယာယာပေးမလား၊ မယာပေးဘူးလား. .၊ မယာပေးရင် နင့်ကို ငါတစ်သက်လုံးမုန်းသွားမယ်. ." ဟု ခက်ခက်က ခြေကလေးကို ဆောင့် ကာဆောင့်ကာလုပ်ရင်း ပြောလိုက်ရာ သာဂေါင်ကြီးသည် အောင့်၍ မနေနိုင်တော့ဘဲ-

"ကွမ်းယာ ယာမပေးတာနဲ့တစ်သက်လုံးမုန်းသွားမယ် ဟုတ်လား. .၊ ယာပေးရင်ကော. ." ဟု ပြန်၍မေးလိုက်ရာ ခက်ခက်က-

"ယာပေးရင် အော့ပို့ဇစ်. ." ဟု ပြန်၍ ပြောလေ၏။

"အော့ပို့ဇစ်ဆိုတာ ပြောင်းပြန်လို့ အဓိပ္ပါယ်ရတယ်၊ မယာပေးရင် တစ်သက်လုံးမုန်းမယ်၊ ယာပေးရင် ပြောင်းပြန်နားလည်ရမယ်ဆိုတော့


BURMESE CLASSIC .com

www.burmeseclassic.com


ယာပေးရင် တစ်သက်လုံးချစ်မယ်လို့ ပြောတာပေါ့. . ၊ လူတစ် ယောက်က လူတစ်ယောက်ကို ကွမ်းကလေး တစ်ယာယာပေးတာနဲ့ ချစ်မယ်ဆိုရင် တော့ ဒါဟာ လုပ်ပေးရ မှာပေါ့လေ. . ” ဟု ဆိုကာ ကွမ်းရွက်နုနုကလေး ၂ ရွက်ကိုထပ်၍ ထုံးနည်းနည်း ရှားစေးများများသုတ် ကာ ကွမ်းသီးစိပ် ကြီးများကိုဖယ်၍ ကွမ်းသီးမှုန့်က လေးများကို ဖြူးပေး၏။ နွယ်ချိုမှုန့်ဘူးကို ခေါက်၍ နွယ်ချိုမှုန့်များ ထည့်ပေး၏။ အနီရောင်သကြားဖြင့် စပ်ထားသော အုန်းသီးမှုန့်များပုံပေး၏။ အာမွှေးပေါ် မင်သော် ပရုပ်အနည်းငယ် ထည့် ပေး၏။

ထို့နောက် ခက်ခက်၏ လက်တွင်းသို့ ထို ကွမ်းယာကို ထည့်ပေး လိုက်၏။ ခက်ခက်က ကွမ်းယာ ကို လှမ်း၍ယူလိုက်၏။ သာဂေါင်ကြီးက ခက်ခက်၏ မျက်နှာကို ကြည့်လိုက်၏။ ခက်ခက်က ကွမ်းယာကို ပါးစပ် အတွင်းသို့ ထည့်လိုက်ရင်း

“ဝှတ်အာယူ. . လွတ်ကင်း. . ၊ (နင် ဘာကြည့်နေတာလဲ. . )” ဟုမေးလိုက်၏။ ထိုအခါသာ ဂေါင်ကြီးက-

“ကွမ်းယာဆို တစ်ယာလောက်လို့ ရော့. . စားဖို့ပေး. . ၊
မယူလိုက်က မိုက်လို့ထင်. . ယူလိုက်ပြန်က ကြိုက်လို့ထင်. .
စားစေချင် ပါးစောင်တွင် ငုံခဲ့ကွယ့် ညိုနွဲ့ရဲ့လေး. . . . ”

ဟု ဆေးလိပ်တိုတစ်ညိုလောက်ကဗျာကိုဖျက်၍ ကွမ်းယာဖြစ် အောင်ဆိုလိုက်လေတော့၏။

ထိုအခါ ခက်ခက်က-

နိုး. . နိုး. . ယူမှားနေပြီ၊ ဆေးတံတစ်တိုလောက်ပဲ ကြားဖူးတယ်၊ ကွမ်းယာမကြားဖူးဘူး. . ” ဟု ပြောနေစဉ်၌ပင် ညိုမသည် အနီးသို့ ရောက်


BURMESE CLASSIC .com

www.burmeseclassic.com


လာ၏ ပါးစပ်ထဲတွင် ကွမ်းလုတ်ကြီးတန်းလန်းနှင့် ခက်ခက်ကိုလည်းကောင်း၊ ကဗျာရွတ်ဆိုနေသော သာဂေါင်ကြီးကိုလည်းကောင်း တွေ့ရလေ၏။

ထို့ကြောင့် ထိုအမှုကို ထိုင်ရာမထ စစ်ဆေးပြီးလျှင် ခက်ခက်ကိုလည်း နောက်နောင် ဤသို့မပြုလုပ်ရန် ပြင်းပြင်းထန်ထန်ပြောဆို၍ သာဂေါင်ကြီးကိုမူ ကြက်မွေးကို ပြောင်းပြန်ကိုင်၍ ကြိမ်ဒဏ်ပေးလိုက်သည်ဖြစ်ရာ သာဂေါင်ကြီးသည် နာလွန်းသဖြင့်-

"နောက် မလုပ်တော့ပါဘူး အစ်မရာ. . " ဟူ၍ တောင်းပန်လိုက်လေတော့သတည်း. .။ ။

❑


BURMESE CLASSIC .com



www.burmeseclassic.com

အခန်း ( ၉ )

## ဘုရားသမိုင်းရှင်းပြတဲ့ မ' တာတ်ယို့'

နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်နေသည်ဆိုသော ကျော်ကျော်ခေါ် မောင်ကျော်လှိုင်မှာ ညိုမနှင့် လက်ထပ်ထားသည်ဆိုသော်လည်းအမှန်စင်စစ် ၎င်းတို့နှစ်ဦးသည် အကြင်လင်မယားမဖြစ်ခဲ့ကြ။ ကျော်ကျော်နိုင်ငံခြားသို့ သွားခါနီး၌ လက်ထပ်စာချုပ်ပြု လုပ်ထားခဲ့ခြင်းသာဖြစ်၏။

ညိုမသည် ဤအိမ်ကြီးသို့ကျော်ကျော်၏ စာတစ်စောင်နှင့်ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ကျော်ကျော်သည် အစပထမ၌ ဆင်းရဲမွဲတေနေသော မိသားစုအတွက် နိုင်ငံခြားတွင် သွားရောက် အလုပ်လုပ်မည်၊ နိုင်



BURMESE CLASSIC .com

www.burmeseclassic.com


ငွေပို့မည်ဟုဆိုကာ ထွက်သွားခဲ့ခြင်းဖြစ်၏။ သို့ရာတွင် တစ်ပြားတစ်ချပ်မှ ပို့နိုင်ခဲ့ခြင်းမရှိပေ။ တစ်နှစ်လျှင် စာ ၃စောင်ခန့် မာမီကြီးနှင့် မိသားစုထံသို့ ရေးသော်လည်းစာတွင် ညိုမအကြောင်း တစ်လုံးတလေမျှပင်မပါချေ။

ထို့ကြောင့် မာမီကြီးသည်ကျော်ကျော့်ထံမှ စာလာသောအခါများ၌ ညိုမကို အားနာသောကြောင့် ညိုမသိအောင် မဖတ်ဘဲကြိတ်၍ဖတ်ရလေ၏။ ၄င်းဖတ်ပြီးလျှင်စာကို တက်တက်အားပေး၏။ ဒယ်ဒီကြီးကိုမူ 'နှုတ်မလုံဘူး'ဟုဆိုကာ ဖတ်ခိုင်းခြင်းမပြု တော့ပေ။

ညိုမသည် ကျော်ကျော်နှင့်ပတ်သက်သော အကြောင်းအရာတို့ကို သိနိုင်ရန်အတွက် နိုင်ငံခြားတွင် ရောက်နေသော သူ၏မိတ်ဆွေများထံ ၄င်း၏နည်း၄င်း၏ဟန်ဖြင့် စုံစမ်းခဲ့လေ၏။ ထိုသို့ စုံစမ်းရာတွင် ကျော်ကျော်သည် အစပထမ၌ အဒြာတစ်ကုမ္ပဏီ၏ သင်္ဘောတွင် သင်္ဘောသားအဖြစ်လိုက်ပါခဲ့ကြောင်း၊ ထိုသင်္ဘောကို ကုမ္ပဏီမှ ရောင်းလိုက်သောအခါတွင် စင်္ကာပူ၌ နေထိုင်ခဲ့ကြောင်း၊ ထိုသို့ အလုပ်လုပ်ရင်း စားသောက်ဆိုင်တစ်ဆိုင်မှ နိုင်ငံခြားအမျိုး သမီးတစ်ဦးနှင့်အိမ်ထောင်ကျသွားကြောင်း၊ ကလေးတစ်ယောက်ပင်ရရှိနေပြီဖြစ်ကြောင်း သတင်းခိုင်ခိုင်လုံလုံရရှိခဲ့သည်မှာကြာပြီဖြစ်၏။

အိမ်ကြီးကိုအသစ်ပြန်မဆောက်ပေးမီကပင် ထိုသတင်းကို ၄င်း၏မိတ်ဆွေနှစ်ဦးထံမှ ရရှိခဲ့ပြီးဖြစ်၏။ သို့ရာတွင် ထိုသတင်းကို ကြားသိပါက မိသားစုတစ်စုလုံး စိတ်ဆင်းရဲသွားမည်၊ အားငယ်သွားမည်။ အထူးသဖြင့် ဒယ်ဒီကြီးအနေနှင့် အလွန်အ မင်း စိတ်ထိခိုက်သွားမည်ဟု နားလည်သောကြောင့် ဖွင့်ပြောခြင်းမပြုဘဲနှုတ်ပိတ်နေခဲ့လေ၏။

ကျော်ကျော်သည် သူ၏သားကလေးကို လွန်စွာချစ်ကြောင်း၊


BURMESE CLASSIC .com

www.burmeseclassic.com


သားကလေး၏အမည်ကို ကျော်စံကေးဟု ပေးထားကြောင်းမှအစ အသေးစိတ်သတင်းရထားပြီးဖြစ်၏။ ကျော်စံကေးဆိုသည်မှာ တရုတ်နာမည်မဟုတ်ပေ။ မိုးတွင်းအခါ၌ ဖားရိုက်သမားတို့ရှာဖွေ၍ ရိုက်လေ့ရှိသောဖားတစ်မျိုး၏အမည်သာလျှင်ဖြစ်၏။

ကျော်ကျော်၏ အသည်းနှလုံးတွင်လည်း ကောင်း၊ ဦးနှောက်တွင်လည်းကောင်း၊ ညိုမဆိုသောအရာမရှိတော့ကြောင်းကိုလည်း ညိုမအနေနှင့် အပိုင်သိထားပြီးဖြစ်၏။

သို့ရာတွင် ညိုမသည် ကျော်ကျော်၏မိသားစုအပေါ်၌ စိတ်အပြောင်းအလဲမဖြစ်ခဲ့ပေ။ မိမိအနေနှင့်စောင့်ရှောက်နိုင်သမျှ စောင့်ရှောက်ပေး၏။ ဖြည့်ဆည်းနိုင်သမျှ ဖြည့်ဆည်းပေး၏။

ထို့ကြောင့် ဒယ်ဒီကြီးတို့မိသားစုအတွက် မပူမပင် မကြောင့်မကျနေနိုင်ခဲ့၏။ မိမိအနေနှင့် လုပ်ကိုင်ပေးရမည့်ဝတ္တရားများကိုလည်း မပျက်မကွက်လုပ်ကိုင်ပေးခဲ့၏။

တစ်ခုသော ညဦးပိုင်းတွင် အိမ်သူအိမ်သားများ စကားပြောဖြစ်ခဲ့ကြလေ၏။ ထိုအခါ ညိုမက

"အခုလာမယ့် ဧပရယ်လ၁၇ရက်နေ့ဟာ ညိုမရဲ့မွေးနေ့ပဲ၊ အဲဒီတော့ အလုပ်ကို ၁၀ရက်လောက်ပိတ်ပြီး မြန်မာပြည်တစ်ပတ် ဘုရားစုံလှည့်ဖူးမယ်၊ ကားတစ်စီးကို ပုတ်ပြတ်ငှားသွားမယ်. . . " ဟု ပြောလိုက်လျှင်ဒယ်ဒီကြီးက-

"သိပ်ကောင်းတာပေ့ါကွယ်. . .၊ ဒယ်ဒီကြီး က အဲဒီလို သွားချင်နေတာကြာပါပြီ. . . "ဟု ပြော သကဲ့သို့ မာမီကြီး၊ တက်တက်နှင့် ခက်ခက်တို့ကလည်း လွန်စွာဝမ်းသာကြောင်း ပြောကြလေ၏။ သာဂေါင်ကြီးကမူ


BURMESE CLASSIC .com

www.burmeseclassic.com


"အစ်မရယ်. . . ဘုရားဖူးသွားရင် ကျွန်တော့်ကိုတော့ အဝတ်အစားလဲပေးပါဦး၊ ဒီဘောင်းဘီပွပွကြီး၊ အင်္ကျီပွပွကြီး၊ ကြိုးသိုင်းဖိနပ်ကြီးနဲ့တော့မလုပ်ပါနဲ့. . . "ဟုပြောလေ၏။

တက်တက်၊ ခက်ခက်နှင့် မာမီကြီးတို့ကလည်း သာဂေါင်ကြီးဘက်မှဝင်၍ပြောပေးကြလေ၏။ ထို့ကြောင့် ညိုမသည် သာဂေါင်ကြီးအားအများနည်းတူ ဝတ်စားဆင်ယင်ခွင့် ပေးလိုက်လေတော့၏။

ထိုအချိန်မှစ၍ သာဂေါင်ကြီးသည် စိတ်ချမ်းသာသွားပုံရလေ ၏။ သူ၏မျက်နှာသည် အစဉ်သဖြင့် ပြုံးယောင်သန်းလာ၏။ မည်သည့်အလုပ်ကိုလုပ်လုပ် သီချင်းကလေးတအေးအေးနှင့် လုပ်တတ် လာ၏။ ယခင်ကလို မှုန်ကုပ်ကုပ်မဟုတ်တော့ပေ။

ဘုရားဖူးထွက်မည့်အချိန်မှာ တစ်လကျော် ကျော်ခန့် လိုသေး၏။ သို့ရာတွင် ညိုမသည် လမ်းခရီး ၌ အခက်အခဲ မရှိစေရန် အစစ အရာရာကို အသေးစိတ်စီမံခဲ့လေ၏။

ဘုရားဖူးသွားရန် တစ်ပတ်ခန့်လိုသောအခါ ၌ အိမ်ကြီးကို တံခါးပိတ်၍သွားရန်မလိုကြောင်း၊ သာဂေါင်ကြီးက အိမ်စောင့်ပေးမည်ဖြစ်ကြောင်း ဝင်ပြောလေတော့၏။ ထိုအခါ မာမီကြီးက-

"ဟဲ့. . သာဂေါင်ကြီးရဲ့. . ၊ နင် မရောက်ဖူး ဘဲနေမှာပေါ့. . " ဟု ပြောရာ သာဂေါင်ကြီးက-

"တာယာဆိုင်မှာ ကျွန်တော် အလုပ်လုပ်တုန်းကတည်းက ဘုရားဖူးတဲ့ကားတွေနဲ့ လိုက်ဖူးပါ တယ်၊ ကျွန်တော်မရောက်ဖူးတဲ့ဘုရား တစ်ဆူမှမရှိဘူး၊ ပုဂံညောင်ဦးလည်း ရောက်ဖူးတယ်၊ အင်းလေးလည်း ရောက်ဖူးတယ်၊ ဟိုး. . အလောင်းတော် ကဿပအထိ ရောက်ဖူးပါတယ်. . " ဟု


BURMESE CLASSIC .com

www.burmeseclassic.com


ပြောလေ၏။ ထို့ကြောင့် ဘုရားဖူးထွက်သောအခါ၌ သာဂေါင် ကြီးအား အိမ်စောင့်အဖြစ်ထားခဲ့ရန် ဆုံးဖြတ်ရတော့၏။ ညိုမသည် သာဂေါင်ကြီး နှင့် ခက်ခက်တို့ ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့ဖြေပြီးသည်နှင့် ဘုရားဖူး ထွက်ရန် ရက်ကို အတိအကျသတ်မှတ်လိုက်ပြီဖြစ်၏။

ညိုမသည် ဘုရားဖူးသွားရန်အတွက် ကားတစ်စီးကို ပုတ်ပြတ်ငှားလေ၏။ ထို့နောက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူ၍ ကားပေါ်တွင် တင်လေ၏။ ဒယ်ဒီကြီးသောက်ရမည့် ဆေးဝါးများကို အပြည့်အစုံပါအောင်ဂရုစိုက်လေ၏။ ထို့ပြင် ညိုမသည် သွားရောက်ဖူးမြော်မည့် ဘုရားသမိုင်းစာအုပ် တို့ကို ရှာဖွေဖတ်ရှုပြီးလျှင် မှတ်စုစာအုပ်၌ ရေးမှတ်လေ၏။ အလုံးစုံပြီးသောအခါ၌ ကားမောင်းမည့်သူနှင့်တိုင်ပင်ကာ မည်သည့်အချိန်ထွက်မည်၊ မည်သည့်မြို့သို့ အရင်သွားပြီး မည်သည့်ဘုရားကိုဖူးမည်။ ထမင်းကို မည်သည့်နေရာတွင်စားမည်၊ မည်သည့် နေရာတွင်အိပ်မည်မှအစ. . အပြည့်စုံနိုင်ဆုံးဖြစ် အောင် ခရီးစဉ်၏'ရှဂျူး'ခေါ် လျာထားချက်ကို ဆွဲ လေ၏။ ထိုလျာထားချက်ထဲတွင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ'ဖောက်'၍ ဖြစ်ပေါ်လာမည့်အကြောင်း တရားများကိုလည်း ထည့်သွင်းစဉ်းစားထားလေ၏။ ဥပမာအားဖြင့်. . ဒယ်ဒီကြီး ရုတ်တရက် ကျန်းမာရေး ချို့ယွင်းလာလျှင် ခရီးဆက်ပြီးသွားနိုင်သော အခြေအနေမရှိလျှင် မည်သို့ပြုလုပ်ရမည်ကအစ အသေးစိတ်ရေးထားလေ၏။ ထိုအစီအစဉ်ထဲတွင် ဒယ်ဒီကြီး၏ကျန်းမာရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နိုင်ရန် 'မေးနပ်' ခေါ် ယောကျ်ားသူနာပြုတစ်ဦးအား ငှားရမ်းပင့်ဆောင်ခဲ့ခြင်းလည်း ပါဝင်၏။ ထိုသူနာပြုလေး၏အမည်မှာ စိုးအောင်ဟူ၍ဖြစ်၏။ သူသည် ဘီအေ နောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်ဖြစ်၏။ အားလပ်သောရက်များ


BURMESE CLASSIC .com

www.burmeseclassic.com


တွင် သူနာပြုလုပ်ငန်းဖြင့် ကျောင်းစရိတ်ရအောင် ရှာဖွေနေခြင်းဖြစ်၏။

ညိုမတို့၏ ဘုရားဖူးမော်တော်ကားသည် ပဲခူးမြို့ ရွှေမောဓော ဘုရားသို့ စတင်ဆိုက်ရောက်လေ ၏။ ဘုရားသို့ရောက်လျှင် ဒယ်ဒီကြီး အားပွေ့၍တင်ရ၏။ ရင်ပြင်တော်ပေါ်သို့ရောက်မှ ဝှီးချဲပေါ်သို့တင် ရ၏။ တက်တက်သည် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသောကြောင့် စေတီတော် ကြီးကိုမော့၍ဖူးရင်း အံ့သြနေလေ၏။ ထို့နောက် ညိုမဘက်သို့ လှည့်ကာ-

"မညိုမ. . ဒီစေတီတော်ကြီးအကြောင်း တက်တက်ကို ပြောပြ ပါဦး. . " ဟု ပြောလေ၏။

"ဒီလိုရှိတယ် တက်တက်ရဲ့. . စေတီတော်တွေအကြောင်းကို လေ့လာမှတ်သားတဲ့အခါမှာ အချက်ခြောက်ချက်မှတ်သားရတယ်၊ ပထမအချက်က စေတီတော်ကြီး ကိန်းဝပ်တည်ရာဌာနဒေသ၊ ဒုတိယ အချက်က အဲဒီစေတီတော်ကြီးကိုတည်တဲ့ ဒါယကာနဲ့ တည်ခဲ့ရတဲ့ အကြောင်းအရင်း၊ တတိယအချက်က စေတီတော်ကြီးကို တည်တဲ့ခုနှစ်၊ နေ့၊ ရက်၊ ကာလ၊ စတုတ္ထအချက်က အဲဒီစေတီတော်ကြီးထဲမှာ ဌာပနာထား တဲ့ ဝတ္ထုပစ္စည်းတွေ၊ ပဥ္စမအချက်က စေတီတော်ကြီးရဲ့ ဉာဏ်တော်အမြင့် ပမာဏနဲ့အကျယ်အဝန်းပမာဏ၊ ဆဋ္ဌမအချက်က အဲဒီ စေတီတော်ကြီးကို နောက်ပိုင်းမှာ အဆက်ဆက်ပြုပြင်တဲ့ ဒါယကာတွေအကြောင်း၊ အဲဒီ အချက်ခြောက်ချက်နဲ့ တွဲဖက်ပြီးမှတ်သားရတယ် တက်တက်ရဲ့. . " ဟုဆို ကာ ရွှေမောဓောစေတီတော်သမိုင်းကိုရှင်းပြလေ၏။ ဒယ်ဒီကြီးသည် ညိုမပြောသည်ကို နားထောင်ရင်း-

"တက်တက်သေသေချာချာ နားထောင်နော်၊ ညိုမပြောတာက သိပ်ပြီးစနစ်ကျတယ်၊ သူ့အတုခိုးရမယ်၊ ဒယ်ဒီကြီးတို့လည်း ဘုရားတွေ


BURMESE CLASSIC .com

www.burmeseclassic.com


ရောက်ရင် ဖူးလိုက်တာပဲ၊ မှတ်လိုက်တာပဲ၊ အဲဒီလို အချက်ခြောက်ချက်ကို မသိခဲ့ပါဘူး. . ” ဟု ပြောလေ၏။ ထိုအခါ ညိုမက-

“ဒီစေတီတော်ကြီးမှာ ဌာပနာဖို့ မြတ်စွာဘုရားရဲ့ဆံတော်ကို မဇ္ဈိမ ဒေသကနေ ပင့်ဆောင်ခဲ့ တာကတော့. . မဟာသာဠ၊ စူဠသာဠဆိုတဲ့ ကုန်သည်ညီနောင်နှစ်ပါးပဲ၊ အဲဒီကုန်သည်ညီနောင် နှစ်ပါးဟာ ဒုံဖိုင်းတူမြို့က ဖြစ်တယ်၊ အဲဒီ ဒုံဖိုင်း တူမြို့ဆိုတာက အခုအခါမှာ အဲဒီလို မခေါ်တော့ဘူး၊ ဇောင်းတူမြို့လို့ပဲခေါ်တော့တယ်၊ အဲဒီ ဇောင်းတူဆိုတာက ပဲခူးဟိုဘက်က ဘုရားကြီး ဟိုဘက်ကနေတည့်တည့်သွားရတယ်၊ အဲဒီ ညီအစ်ကိုနှစ်ယောက်ပင့်လာတဲ့ဆံတော်ကို သီဟရာဇာဘွဲ့ခံ မဏ္ဍလိပ်ဆိုတဲ့ သထုံဘုရင်ကဟောဒီစေတီတော်ကြီးမှာ ဌာပနာခဲ့တာ၁၁၅ခုနှစ်၊ ကဆုန် လဆန်း ၅ရက်နေ့မှာ ပြီးစီးတော်မူတယ်၊ မူလဘွဲ့တော်က မွန်ဘာသာနဲ့ ကျိုက်မူထား၊ ဒီနောက် ရွှေမှူထားလို့ဖြစ်တယ်၊ အဓိပ္ပာယ်ကတော့ 'အစွန်းအရပ်၌ တည်သောဘုရား'လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီနောက် သမလမင်းကြီး လက်ထက် ၁၈၇ခုနှစ်မှာ ညဏ်တော်ကို ထပ်ပြီးမြှင့်တော်မူတယ်၊ သူ့ရဲ့ညီတော် ဝိမလမင်းလက်ထက်မှာ ညဏ်တော်ကိုထပ်ပြီး မြှင့်တော်မူပြန်တယ်၊ ၂၁၆ခုနှစ်မှာ အဿကုမ္မာလို့ခေါ် တဲ့ အသားမင်းသားလက်ထက်မှာထပ်ပြီး မြှင့်တော်မူပြန်တယ်. . ”ဟု ပြောပြလေ၏။ နောက်ဆုံးပြင်ခဲ့သော အကြောင်းအရာများအထိ အသေးစိတ်ရှင်းပြလေ၏။ ထိုအခါ ဒယ်ဒီကြီးက-

“ဘဲရီး. . ဂွဒ်. . ” ဟု ချီးမွမ်းလေ၏။တက် တက်သည် ရွှေမောဓောစေတီပေါ်မှ ဆင်းသောအခါ၌ မှတ်စုစာအုပ်တို့ကို အမြန်ဆုံးပြေး၍ ဝယ်၏။ နောက်နောင်ညိုမပြောသော အကြောင်းအရာများကို ရေးမှတ်နိုင်


BURMESE CLASSIC .com

www.burmeseclassic.com


ရန်ဖြစ်၏။

ညိုမသည် ထိုနေ့အဖို့ နံနက်စာကို ပဲခူးမြို့၌ပင် စားသောက်နိုင်ရန် စီစဉ်ခဲ့လေ၏။ နံနက်စာစားပြီး ခေတ္တအပန်းဖြေပြီးနောက်ဆက်၍ ထွက်ခဲ့ရာ ညနေပိုင်းတွင် တောင်ငူမြို့သို့ရောက်ရှိခဲ့လေ၏။ ထို့ကြောင့် တောင်ငူ၌ပင် အိပ်စက်ရန်စီစဉ်ရပြန်၏။

ညိုမသည် ဘုရားဖူးမထွက်မီ ရက်အတန်ကြာကပင် ရောက်ရှိမည့်မြို့များမှ မိတ်ဆွေများထံသို့ အကြောင်းကြားထားပြီးဖြစ်ရာ သက်ဆိုင်ရာမြို့များမှ မိတ်ဆွေများသည် ညိုမတို့လူစုရောက်လာလျှင် ကျွေးမွေးရန်အတွက် စီမံချက်ပြုတ်ထားပြီးဖြစ်၏။ ထိုမိတ်ဆွေများသည် ညိုမကို လွန်စွာလေးစားကြ၏။ လွန်စွာ ချစ်ခင်ကြ၏။ အချို့ကမူ ညိုမဟုပင် မခေါ်ကြ။ ချစ်စနိုးအညိုဟုပင်ခေါ်ကြ၏။ ဒယ်ဒီကြီးတို့ မိသားစုသည် လွန်စွာမှ ပျော်ရွှင်နေကြ၏။ အထူးသဖြင့် ဒယ်ဒီကြီးသည် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ ညအိပ်ရာဝင်ခါနီးတွင် တက်တက်က စေတီတော်များအကြောင်းကို ညိုမအားမေးပြန်၏။ ညိုမသည် စက္ကူတစ်ရွက်အပေါ်တွင် စေတီတော်ပုံတစ်ဆူကို ပုံကြမ်းရေးပြပြီးလျှင်-

"ဒီလိုစေတီမျိုးဟာ ဟိုးအထက်ဆုံးအရာက စိန်ဖူးလို့ခေါ်တယ်၊ အဲဒီ အောက်ဘက်က အလံတော်က ငှက်မြတ်နားလို့ခေါ်တယ်၊ အဲဒီ ငှက်မြတ်နားအောက်က ထီးတော်လို့ခေါ်တယ်၊ ထီးတော်ရဲ့အတွင်းဘက်က တိုင်ကပိန္နဲတိုင်လို့ခေါ်တယ်၊ ထီးတော်ရဲ့အောက်ခြေမှာ ဆွဲထားတာတွေကရွှေဆည်းလည်း၊ ညောင်ရွက်လို့ခေါ်တယ်၊ အဲဒီအောက်က သံချောင်းတွေ ပတ်ပတ်ရံထားတာကို သံကွန်ချာလို့ခေါ်တယ်၊ သံကွန်ချာအောက်ခြေက ငှက်ပျောဖူးလို့ခေါ်တယ်၊ ငှက်ပျောဖူးအောက်ခြေက

www.burmeseclassic.com


အထက်ကြာနုလို့ခေါ်တယ်၊ အဲဒီအောက်က ကြာလန်လို့ခေါ်တယ်၊ ကြာလန်အောက်က အလုံးတွေကို ရွှလို့ခေါ်တယ်၊ ရွှ အောက်က ကြာမျောက်လို့ခေါ်တယ်၊ ကြာမျောက် အောက်က အောက်ကြာနုလို့ခေါ်တယ်၊ ကြာနုအောက်က အရစ်ကြီးတွေကို ဖောင်းရစ်လို့ခေါ်တယ်၊ ဖောင်းရစ်အောက်က ကိုယ်ထည်ကို ခေါင်းလောင်းလို့ ခေါ်တယ်၊ ခေါင်းလောင်းပေါ်က ချွန်ချွန်စောက်ထိုးတွေက ပန်းဆွဲလို့ခေါ်တယ်၊ အဲဒီခေါင်းလောင်းကြီးကို အလယ်ကရစ်ထားတဲ့ အရစ်ကြီးကို ရင်စည်းလို့ခေါ်တယ်၊ ခေါင်းလောင်းအောက်က အရစ်တွေကို ကြေးခွေကြီးလို့ခေါ်တယ်၊ အဲ ဒီကြေးခွေကြီးအောက်ကအဆင့်တွေကို ပစ္စယံလို့ခေါ်တယ်၊ အဲဒါတွေကို သေသေချာချာမှတ်ထား တက်တက်ရဲ့. . " ဟု ပြောလေ၏။ တက်တက်သည် သူ၏မှတ်စုတွင်လိုက်လံရေးမှတ်ထားလေ၏။ ထိုသို့ရေးမှတ်ရင်း "မညိုမကအားကြီးတော်တယ်. . " ဟု ပြောလေ၏။ ဒယ်ဒီကြီးကမူ "ဘဲရီးဂွဒ်" "ဘဲရီးဂွဒ်". . ဟု တဂွဒ်ထဲဂွဒ်၍ နေလေတော့သတည်း. . ။ ။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁၀ )

## အားလုံးကိုသိနေတဲ့ မ' တက်ပါ'

တောင်ငူမြို့သို့ ရောက်နေစဉ်အတွင်း ညိုမသည် ဒယ်ဒီကြီးတို့မိသားစုအား မြတ်စောညီနောင်ဘုရားဆီသို့ ပို့ပေးလေ၏။ဒယ်ဒီကြီးသည် တောရိပ်တောင်ရိပ်များကို မြင်ရလျှင် လွန်စွာဝမ်းသာနေ၏။ မြတ်စောညီနောင် ဘုရား၌ပင် နံနက်စာကိုစားကြလေ၏။

"ညိုမရယ်. . . အရင်ကတော့ ဒယ်ဒီကြီးလည်း တောင်ငူကို ခဏခဏရောက်ပါတယ်၊ ဒါပေမယ့် မြတ်စောညီနောင်စေတီကို မဖူးဖြစ်ခဲ့ဘူး၊ညီနောင်မင်းနှစ်ပါးတည်တယ်လို့တော့ ကြားဖူးလေရဲ့"ဟုပြောလေ၏။

"ဟုတ်တယ် ဒယ်ဒီကြီး၊ တစ်ချို့ကတော့သမလ၊ ဝိမလ ညီနောင်

www.burmeseclassic.com


မင်းနှစ်ပါး တည်တယ်လို့လည်း အဆိုရှိတယ်၊ တစ်ချို့ကလည်း မြတ်လှ ရွှာအုပ်နဲ့ စောလှရွှာအုပ် ညီအစ်ကိုနှစ်ယောက် တည်တယ်လို့ပြောတယ်၊ အဲဒီစေတီတော်တွေကို နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည် စဉ်အခါမှာ ပြုပြင်သွားသေးတယ်လို့လည်း ပြောကြသေးတယ်. . . ”ဟု ညိုမကပြောပြလေ၏။ ထို့နောက်တွင်ကား ၄င်းတို့သည် ခရီးဆက်ခဲ့ကြရာ ပုဂံမြို့သို့ ရောက်ရှိကြလေ၏။ ပုဂံ သို့ရောက်လျှင် မနုဟာဘုရားသို့ ရှေးဦးစွာ သွားရောက်ဖူးမြော်ကြလေ၏။ ညိုမသည် မာမီကြီးတို့အား မနုဟာ ဘုရားနှင့်ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောပြလေ၏။ ထို့နောက် မြစေတီ၊ ဂူပြောက်ကြီး၊ မင်္ဂလာစေတီ၊ မင်းအိုချမ်းသာစေတီ၊ အာနန္ဒာစေတီ၊ သဗ္ဗညုစေတီ၊ ဗူးဘုရားစေတီတော် စသည်တို့မှအစ ပုဂံမြို့ရှိ ဘုရားများကို ပြည့်စုံနိုင်သ မျှ ပြည့်စုံအောင်ဖူးလေ၏။ ပုဂံမြို့တွင် လေးရက်ကြာမျှနေထိုင်၍ နှံ့နှံ့စပ်စပ် ဖူးလေ၏။ ပုဂံမြို့မှ တစ်ဖန် မန္တလေး၊ စစ်ကိုင်းစသည်မြို့များသို့ သွားရောက်ပြန်၏။ အပြန်လမ်းတွင် တောင်တွင်းကြီးဘက်သို့ဝင်၍ ရွှေရောင်တော်၊ ရွှေအင်းတောင်စေတီ စသည်များဝင် ရောက်ဖူးမြော်၏။

ဤသို့နှင့် တဖြည်းဖြည်းချင်းသွား၍ ဘုရားများကို စုံစေ့အောင် ဖူးမြော်နေသောကြောင့် ဆယ်ရက်ကျော်မျှ ကြာညောင်းလေ၏။ ဒယ်ဒီကြီးသည် ခရီးစ၍ထွက်သည့်နေ့မှ လေးရက်တိုင်တိုင် ဝမ်းမသွားသောကြောင့် ဝမ်းဗိုက်အတွင်းမှ ထိုးအောင့်လာသ ဖြင့် သူနာပြုကလေး မောင်စိုးအောင် နှင့်ညိုမတို့သည်မော်တော်ကားကို အရိပ်ကောင်းကောင်း၊ ချုံကောင်း ကောင်းနေရာတွင် ရပ်ခိုင်းပြီးလျှင် ဒယ်ဒီကြီးအား ဝမ်းချုနေကြရလေ၏။ ဝမ်းသွားသောအခါကျ မှပင် ဒယ်ဒီကြီး နေသာထိုင်သာရှိသွား၍ မောင်စိုး

www.burmeseclassic.com


အောင်နှင့် ညိုမကို ကျေးဇူးတင်စကားပြောလေ၏။ မောင်စိုးအောင်က

"စိတ်မပူပါနဲ့. . . ဒယ်ဒီကြီးရယ်. . .၊ ကျွန်တော်အားတာနဲ့ ဒယ်ဒီကြီးအိမ်ကို မကြာမကြာဝင်လာမှာပါ၊ ဆေးတိုက်စရာရှိလည်း တိုက်ပေးရတာပေါ့၊ ဝမ်းချုစရာရှိလည်း ချုပေးရတာပေါ့. . ."ဟု ပြောလေ၏။ ညိုမသည် ထိုစကားကို အမှုမဲ့အမှတ်မဲ့ပြောသည်ဟု မယူဆဘဲ အလေးအနက်ထားကာ စဉ်းစားလိုက်လေ၏။ ထိုသို့ စဉ်းစားလိုက်လျှင် ယောကျ်ားသူနာပြုလေး မောင်စိုးအောင်သည် ဒယ်ဒီကြီးအား အမှန်တကယ်ပြုစုလို၍လော. . . သို့တည်း မဟုတ် အိမ်သို့အဝင်အထွက် လုပ်လို၍လောဆိုသည်ကို စဉ်းစားရလေ၏။ ထိုသို့စဉ်းစားပြီးနောက်

"ဒီမှာ. . . မောင်လေး၊ မင်းက ဒယ်ဒီကြီးကို စောင့်ရှောက်ချင်တာလား၊ တက်တက်ကို စောင့်ရှောက်ချင်တာလား၊ အဲဒါလည်း ရှင်းရှင်း ပြောပါကွယ်. . ."ဟု ပြောလိုက်ရာ သူနာပြုလေး မောင်စိုးအောင်က-

"မမက သိပ်ပြီး အကင်းပါးတာကိုး၊ အမှန်အတိုင်းပြောရရင် နှစ်ယောက်စလုံးကို စောင့်ရှောက်ချင်တာပါ. . ."ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ညိုမ က-

"အိမ်ထောင်ရေးဆိုတာက အငိုလွယ်ပြီး အရှိုက်ခက်တဲ့ကိစ္စ ငါ့မောင်ရဲ့. . . ဒါကြောင့် အချိန်ယူပြီး စဉ်းစားစေချင်ပါတယ်. . ."ဟု ပြော၍ စကားကိုရပ်လိုက်လေတော့၏။

ညိုမတို့လူစုသည် ဆယ်ရက်ကျော် ဘုရား ဖူးခရီး ထွက်ခဲ့ကြပြီး နောက် အိမ်သို့ချောမောစွာ ပြန်လည်ရောက်ရှိခဲ့လေတော့၏။ အိမ်ရှေ့သို့ ကားရပ်လျှင် တံခါးသော့ပိတ်ထားသည်ကိုတွေ့ရ၏။ ဒယ်ဒီကြီးက တံခါးကိုလှမ်း၍ကြည့်ပြီးနောက်-


BURMESE CLASSIC .com

www.burmeseclassic.com


"ညိုမရေ. . . သာဂေါင်ကြီးလည်း မတွေ့ပါလား၊ အိမ်တံခါးကြီးလည်း သော့ပိတ်လို့၊ ဘယ်များလျှောက်လည်နေလဲမသိဘူး. . . "ဟု ပြောလိုက်ရာ ညိုမက

"လျှောက်လည်နေတာမဟုတ်ဘူး ဒယ်ဒီကြီးရဲ့. . .၊ ညိုမတို့ တောင်ငူရောက်တဲ့နေ့က သာဂေါင်ကြီး ဒီအိမ်ကအပြီးထွက်သွားတာ. . .၊ ကွမ်းယာပစ္စည်းတွေရောင်းတဲ့ဆိုင်မှာ ကူဖော်လောင်ဖက်လုပ်တဲ့ ကောင်မလေးကိုခိုးသွားတာ၊ ညိုမ အလုပ်လုပ်တဲ့ စားပွဲအံဆွဲထဲက ငွေနှစ်ထောင်လည်း သော့တူနဲ့ဖွင့်ပြီး ယူသွားတယ်၊ အဲဒီ ပိုက်ဆံခိုးမှုနဲ့ တွံ့တေးဂါတ်မှာ အချုပ်ခံနေရတယ်. . . "ဟု ညိုမက ပြန်၍ဖြေလိုက်လျှင် ဒယ်ဒီကြီးက

"နေစမ်းပါဦး. . . ညိုမရယ်၊ မင်းဟာ ငါတို့နဲ့အတူ ဘုရားဖူးလိုက်လာတာပဲ၊ ဒီမှာ ဖြစ်ပျက်နေတာတွေကို ဘယ်လိုလုပ်ပြီး သိရတာလဲ. . . " ဟု မေးလေ၏။

"ဒီလို. . . ဒယ်ဒီကြီးရဲ့. . . အိမ်စောင့်ဖို့ ဆိုပြီး သာဂေါင်ကြီးကို ထားခဲ့တာတော့ မှန်တာပေ့ါ၊ ဒါပေမဲ့ သာဂေါင်ကြီး မသိအောင် ဒီအိမ်ကို စောင့်ကြည့်ဖို့ ဟိုမျက်စောင်းထိုးအိမ်က ကြက်သားဆိုင်က ရာကွတ်ဆိုတဲ့ လူကို ကြည့်ခိုင်းထားတာ၊ သာဂေါင် ကြီးဟာ ညိုမတို့ တောင်ငူရောက်တဲ့ ညနေမှာပဲ ညိုမရဲ့ဆွဲအံကိုဖွင့်ပြီး ငွေနှစ်ထောင်ကိုယူတယ်၊ မိန်းမ ခိုးတယ်၊ တွံ့တေးဘက်ကိုထွက်ပြေးတယ်၊ အဲဒါကိုရာကွတ်ကနောက်ယောင်ခံလိုက်ပြီး တွံ့တေးရောက်တော့ ရဲကိုအကြောင်းကြားပြီး ဖမ်းခိုင်းလိုက်တယ်၊ ကောင်မလေးကိုတော့ သူနေတဲ့ရပ်ကွက်က လူကြီး ကနေတစ်ဆင့် သူ့မိဘတွေဆီကို အကြောင်းကြားပြီး ပြန်ခေါ်ခိုင်းလိုက်တယ်၊ ခရီးဆက်မထွက်ဘဲ ညအိပ်တဲ့မြို့တွေမှာ ညိုမဟာ ဈေးဝယ်ထွက်လေ့ရှိတယ် မဟုတ်လား၊


BURMESE CLASSIC .com

www.burmeseclassic.com


အဲဒီလို ထွက်တဲ့အခါတိုင်း ညိုမအနေနဲ့ ရာကွတ်ဆီကို ဖုန်းဆက်တယ်၊ အဲဒါကြောင့် သာ ဂေါင်ကြီး ဖောက်သွားပြီဆိုတာ လမ်းမှာကတည်းက ညိုမသိပါတယ်. . . ”ဟု ရှင်းပြလိုက်သောအခါ ဒယ်ဒီကြီးက-

“အော်. . . ညိုမက ဒီလိုစီမံခဲ့တာကိုး၊ ကဲ ကဲ. . . နေစမ်းပါဦး၊ သာဂေါင်ကြီးကိစ္စက ဘယ်လိုလုပ်မှာလဲ. . . ”ဟု ဒယ်ဒီကြီးက မေးလိုက်လေ၏။

“ဒီလိုပါ ဒယ်ဒီကြီးရယ်. . .၊ သာဂေါင်ကြီး အနေနဲ့ ညိုမရဲ့ မျက်ကွယ်မှာ သူလုပ်ချင်သလို လုပ်လို့ရတယ်ဆိုတဲ့ အယူအဆကို တားဆီးချင်တဲ့အတွက် အမှုဖွင့်ထားလိုက်တာပါ၊ မနက်ဖြန်မနက် ညိုမလိုက်သွားပြီး အမှုပိတ်ပေးလိုက်မှာပါ၊ ဒါပေမယ့် ဒီကလေးကိုတော့ ညိုမ ပြန်မကြည့်တော့ဘူး. . . ”ဟု ညိုမက ပြောလိုက်လေ၏။ မာမီကြီးနှင့် တက်တက်တို့လည်း ဒယ်ဒီကြီးနှင့် ညိုမစကားပြောသည်ကို နားထောင်ရင်း အံ့သြနေကြလေ၏။ ထို့နောက်တွင်ကား သာ ဂေါင်ကြီး သော့အပ်ခဲ့သော အိမ်မှ သော့လာပေးလေ၏။ ထိုသို့လာမပေးမီကပင် ညိုမ၌ သော့တူတစ်ချောင်းရှိသည်ဖြစ်ရာ အိမ်တံခါးကိုဖွင့်ပြီဖြစ်၏။ ၎င်းတို့သည် အိမ်အတွင်းသို့ဝင်ပြီး အထုပ်အပိုးများချကြ၏။ တံမြက်စည်းများ လှည်းကြ၏။ ဖုန်များခါကြ၏။ ရေမိုးချိုးကြ၏။ သူနာပြုလေး မောင်စိုးအောင်နှင့် ကားသမားသည် ပြန်သွားကြပြီဖြစ်၏။ ရေမိုးချိုးပြီး အမောအပန်းဖြေကြ၏။ ညိုမက လက်ဖက်ရည်ဖျော်၍တိုက်ထား၏။ ထိုအခါ၌ မာမီကြီးက-

“ညိုမရေ. . . အချိန်လည်း မရှိဘူး၊ စျေး လည်း မီမှာမဟုတ်ဘူး၊ မှောင်စတောင်ပျိုးနေပြီ”ဟုဆိုကာ နာရီကိုလှမ်း၍ကြည့်လိုက်ရာ ခြောက်နာရီခွဲနေပြီဖြစ်ကြောင်း တွေ့ရလျှင် မာမီကြီးကပင်


BURMESE CLASSIC .com

www.burmeseclassic.com


"အချိန်က မနည်းတော့ဘူး၊ ညနေခြောက်နာရီတောင်ခွဲနေမှပဲ၊ ချက်လည်း မနေပါနဲ့တော့. . .၊ ဆိုင်ကဝယ်ပြီး ဖြစ်သလိုပဲ စားကြတာပေါ့. . ."ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးကလည်း

"အေးပါ. . .၊ တစ်နပ်တလေလည်း ဖြစ်သလိုပဲ စားလိုက် ကြတာပေါ့. . ."ဟု ပြောလေ၏။ ထိုအခါ ညိုမက-

" ဖြစ်သလို မစားရပါဘူး. . . ဒယ်ဒီကြီးရယ်. . .၊ ဆိတ်ကလီစာဟင်းဆီပြန်၊ ဘူးသီးဟင်းခါး၊ သရက်ချဉ်သုပ်၊ ဘာလချောင်ကြော်နဲ့ အကျအနစားရမှာပါ. . ."ဟု ပြောလိုက်စဉ်၌ပင် အိမ်ရှေ့တွင် ဆိုက်ကားတစ်စီးလာ၍ရပ်၏။ ဆိုက်ကားပေါ်တွင် ဟင်းအိုးများပါ၍လာ၏။ ထိုဆိုက်ကားနင်းလာသူမှာ မောင်နီဆိုသော ဆိုက်ကားဆရာဖြစ်၏။ မောင်နီ သည် ဟင်းအိုးများကို အိမ်ပေါ်သို့ သယ်လာရင်း ညိုမအား

"အားလုံးအပြည့်အစုံပါပဲ မညိုမ. . ."ဟု ပြောလေ၏။ ညိုမသည် မောင်နီ၏ ကလေးများ ကစားရန်အတွက် ပုဂံမှဝယ်လာသော ရုပ်သေးရုပ် လေးနှစ်ရုပ်ကို ပေးလိုက်လေ၏။ ထို့နောက် များမကြာ မီအချိန်၌ပင် ညိုမကိုယ်တိုင် ထမင်းပွဲပြင်၍ကျွေးလေ၏။ ဒယ်ဒီကြီးတို့အားလုံး မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့စားရင်း ဒယ်ဒီကြီးက-

"နေစမ်းပါဦး. . . ညိုမရယ်. . .၊ ဒီဆိတ်ကလီစာဟင်းတွေ၊ ဘူးသီးဟင်းခါးတွေက ဘယ်လို စီမံခဲ့တာတုံး. . ."ဟု မေးရလေတော့၏။

"ဆိုက်ကားဆရာ မောင်နီရဲ့ ယောက္ခမ နာနီဆိုတဲ့ အဒေါ်ကြီးက ဆိတ်ကလီစာဟင်းချက်တာ သိပ်တော်တာ၊ ညိုမနဲ့လည်း အားကြီးခင်တယ်၊ သူ့သမီးအငယ်မလေး ဆေးရုံတက်တုန်းကလည်း ညိုမ ငွေရေးကြေးရေးနဲ့ ကူညီထားတယ်၊ တခြား ကူညီထားတာတွေလည်း အများကြီး

www.burmeseclassic.com


ပဲ၊ ညိုမကိုလည်း ဒီအဘွားကြီးက အတော့်ကိုခင်တယ်၊ ပြန်ရောက်မယ့် ညစာကို ချက်ပေးထားဖို့ ညိုမက ပိုက်ဆံအလုံအလောက်ပေးခဲ့တာ၊ ဒီနေ့ ညနေရောက်မယ်ဆိုတာကိုတော့ ရာကွတ်ကနေ အကြောင်းကြား လိုက်တာ၊ မနက်က ပြည်ကအထွက်မှာ လက်ဖက်ရည်ဆိုင်ဝင်တော့ အဲဒီ ကနေ ညိုမရာကွတ်ဆီကို တယ်လီဖုန်းဆက်လိုက်တာ. . .၊ ရာကွတ်က ဒီမနက်ပဲနာနီကြီးဆီကို အကြောင်းကြားလိုက်တာပေါ့၊ အဲဒီတော့ နာနီ ကြီးကဝယ်ခြမ်းပြီး ချက်ပြုတ်ထားတာပေါ့ ဒယ်ဒီကြီးရယ်. . .”ဟု ညိုမက ရှင်းပြလိုက်လေ၏။ ထိုအခါ၌ ဒယ်ဒီကြီးက

“ညိုမက ဘာမဆို စီမံရင် အကွက်စေ့စေ့ စီမံတာပဲ၊ အဲဒီတော့ ထမင်း စားပြီးရင်တော့ ဒယ်ဒီကြီး အနေနဲ့ မေးခွန်းတစ်ခုမေးမယ်နော်၊ စိတ်မဆိုးပါနဲ့” ဟု ပြောလေ၏။

“ဒယ်ဒီကြီးကလည်း ဘာလို့စိတ်ဆိုးရမှာလဲ၊ ဒယ်ဒီကြီးကို ညိုမ စိတ်ဆိုးလို့ဖြစ်မှာလား. . .”ဟု ညိုမက ပြန်၍ပြောလိုက်လေ၏။ ထမင်း စားပြီးသောအခါ၌ နန္ဒင်းမကင်း၊ ပူတင်း၊ မလိုင်လုံး စသည်တို့ကို ရေနွေး ကြမ်းနှင့် မြည်းကြလေ၏။ ထိုအခါ၌ ဒယ်ဒီကြီးက

“ဒီမှာ ညိုမ. . . မင်းဟာ ဘာကိုပဲလုပ်လုပ်၊ ကြိုတင်စီမံတတ် တယ်၊ အကွက်ကျကျလည်း စီမံပြီးလုပ်တတ်တယ်၊ အဲဒီတော့ ငါတို့ရဲ့သား ကျော်ကျော် (ခေါ်) ကျော်လှိုင်ဟာ မင်းနဲ့ လက်ထပ်ထားတယ်လို့ ပြော တယ်၊ မင်းနဲ့လက်ထပ်ပြီး နိုင်ငံခြားကိုထွက်သွားတယ်၊ မင်းဆီကို အဆက် အသွယ်ပြန်ပြီးမလုပ်ဘူး၊ နှစ်ကာလ တွေလည်း အတော်ကလေး ကြာလာ ပြီ၊ အဲဒီတော့ မင်းဟာ သူဘာဖြစ်နေတယ်ဆို တာမသိဘဲနေမယ့် မိန်းက လေးမျိုးမဟုတ်ဘူး၊ သိအောင်တော့ စီမံထားမှာပဲ၊ ဒယ်ဒီကြီးပြောတာ


BURMESE CLASSIC .com

ဟုတ်တယ်မဟုတ်လား. . . ”ဟု မေးလိုက်လေ၏။ ဒယ်ဒီကြီး၏ မေးခွန်း ဆုံးသောအခါ၌ မာမီကြီး၊ တက်တက်၊ ခက်ခက်တို့သည် ညိုမြအား ငြိမ်၍ကြည့်နေလေ၏။ တစ်အိမ်လုံး အပ်ကျသံကိုပင်ကြားရလိုက်အောင် တိတ် ဆိတ်နေ၏။ ထိုအခါ၌ ညိုမြသည် အနီးတွင် ချထားသော ဖိုင်တွဲကို ရှေ့စားပွဲတွင်တင်လိုက်လေ၏။

“ဒယ်ဒီကြီးမေးမယ့်မေးခွန်းဟာ အဲဒီမေးခွန်းဆိုတာ ညိုမြသိပါ တယ်၊ ဒါကြောင့် ဟောဒီဖိုင်တွဲလေးကို ထုတ်ထားတာ၊ ကိုကျော်လှိုင်ဟာ ပထမစက်ာပူမှာနေတယ်၊ ညိုမနဲ့လမ်းခွဲပြီး ခြောက်လပြည့် တဲ့နေ့မှာ မြန်မာ ပြည်ကနေ စက်ာပူကိုရောက်နေတဲ့ ရွှေလဝန်းဆိုတဲ့ မိန်းကလေးတစ် ယောက်နဲ့ ပတ်သက်ခဲ့တယ်၊ အဲဒီမှာ တစ်နှစ်လောက်နေပြီး တစ်ဘက်နိုင်ငံ ကူးလာတယ်၊ အဲဒီလိုကူးလာပြီးမှ ကျားတံဆိပ် ငါး၊ ပုစွန်လုပ်ငန်း ကုမ္ပဏီ မှာဝင်ပြီး အလုပ်လုပ်တယ်၊ အဲဒီမှာ အလုပ်လုပ်ပြီး ရှစ်လကြာတဲ့အခါမှာ သူနဲ့ တစ်ကုမ္ပဏီထဲလုပ်တဲ့ ပိုပိုချစ်သူဆို တဲ့ မိန်းကလေးနဲ့ အတိအလင်း ယူလိုက်တယ်၊ အခု ကလေးနှစ်ယောက် ရနေပြီ မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်”ဟု ဆိုကာ

“ဟောဒါက ပထမ မိန်းကလေးရွှေလဝန်း၊ ဟောဒါက ဒုတိယ မိန်းကလေး ပိုပိုချစ်သူ၊ ဟောဒါက သူ့သားလေး ဆန်နီကျော်တဲ့၊ ဟောဒါက သမီးလေး မေရီကျော်တဲ့၊ မာမီကြီးတို့၊ တက်တက်တို့ဟာ ကိုကျော်လှိုင်နဲ့ အဆက်အသွယ်ရှိပါတယ်၊ ဟောဒါက မာမီကြီး ကိုကျော်လှိုင့်ဆီကို ရေးခဲ့ တဲ့စာတွေ၊ ဟောဒါက တက်တက်ရေးခဲ့တဲ့စာတွေ၊ ဟောဒါက ကျော်ကျော် က မာမီကြီးတို့ဆီကို ရေးလိုက်တဲ့စာတွေ၊ အဲဒီ တိုက်ဂါးကုမ္ပဏီမှာ စာရေးမ လုပ်နေတဲ့မြမြဆိုတဲ့ ကောင်မလေးက ညိုမရဲ့တပည့်မလေးပါ၊ ကျော်ကျော်



BURMESE CLASSIC .com

www.burmeseclassic.com


တို့အိမ်ကိုလည်း အဝင်အထွက်ရှိတယ်၊ ကျော်ကျော့်မိန်းမ ပိုပိုချစ်သူနဲ့ လည်း အလွန်ရင်းနှီးပါတယ်၊ကျော်ကျော်က မာမီကြီးတို့ဆီ စာထည့်ခိုင်းရင် လည်း မြမြကိုပဲထည့်ခိုင်းလိုက်တာပါ၊ မြမြက စာမထည့် ခင်မှာ စာအိတ် ကို ခိုးဖွင့်ပြီးစာတွေကို ဓာတ်ပုံရိုက် ပြီးမှ စာအိတ်ကို ပြန်ပိတ်ပြီးမှ ပို့တာပါ၊ ကျော်ကျော့် ဆီကစာကို မာမီကြီးတို့ ဖတ်နေတဲ့အချိန်မှာ ညိုမဖတ်ပြီးပါပြီ၊ မာမီကြီးတို့ တက်တက်တို့စာလည်း အဲဒီအိမ်မှာက ခပ်ပေါ့ပေါ့ပဲထား ပါတယ်၊ အဲဒီတော့ မြမြကပဲ ဓာတ်ပုံရိုက်ပြီးပို့ပါတယ်၊ ဟောဒီမှာ စာတွေ ဖတ် ကြည့်ဦး . . . ”ဟုဆိုကာ ညိုမက ဖိုင်တွဲကို လှန်၍ ပြလေ၏၊ ထိုသို့ လှန်၍ပြပြီးနောက် ညိုမကပင်ဆက်၍. . .

“ဟောဒါက ဘုရားဖူးမထွက်ခင်. . . လေးရက်အလိုမှာ ကျော် ကျော့်ဆီဘုရားဖူးထွက်မယ်ဆိုပြီး မာမီကြီးရေးလိုက်တဲ့စာ. . . ” ဟု ဆိုကာ. . . ထိုစာကို ရိုက်ကူးထားသော ဓာတ်ပုံကို ပြလေ၏။

“ဒါတွေပြောနေရတာက ဒယ်ဒီကြီးမေးလို့ပြောရတာပါ၊ ကျော် ကျော်(ခေါ်)ကျော်လှိုင်ဆိုတဲ့ လူသားတစ်ယောက်ကို ညိုမရဲ့အဘိဓာန် ထဲက ထုတ်ပစ်ထားတာကြာပါပြီ” ဟု ညိုမက ပြောလိုက်လေ၏။ မာမီကြီး နှင့်တက်တက်သည်အကြီးအကျယ် မျက်နှာပျက်နေ၏၊ ဒယ်ဒီကြီးက မူ. . .

“ဒယ်ဒီကြီး ထင်တဲ့အတိုင်းပဲ၊ ညိုမက အားလုံးသိနေတာ ကိုး. . . အခု ညိုမပြောနေတဲ့အ ကြောင်းအရာတွေကို ဒယ်ဒီကြီးကတော့ အမှန်တကယ် မသိပါဘူး၊ သစ္စာဆိုပြီးပြောမှ ယုံမယ်ဆိုရင်လည်း . . . . သစ္စာဆိုပြီးပြောပါ့မယ်. . . ” ဟုဆို့ နင့်သောအသံကြီးနှင့် ပြောလိုက်လေ ၏။ ထိုအခါ ညိုမက


BURMESE CLASSIC .com

www.burmeseclassic.com


"ဒယ်ဒီကြီး ဘာမှမသိဘူးဆိုတာ ညိုမြသိပါတယ်၊ ကျိန်ပြဖို့ မလို့ပါဘူး. . . မာမီကြီးတို့ ကျော်ကျော်နဲ့အဆက်အသွယ်လုပ်တာလည်း ညိုမပြောပြီးပြီ။ ကျော်ကျော်ဟိုမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေ ဖြစ်ခဲ့ဆို တာလည်းညိုမြသိတာပဲ၊ ဒါပေမဲ့. . . မာမီတို့၊ တက်တက်တို့ အနေရ အထိုင်ရခက်မှာဆိုးလို့ မသိချင်ဟန်ဆောင်နေခဲ့လို့ ဖွင့်ပြောလိုက်ရပြီ။ အဲ့ဒီ တော့ မာမီကြီးတို့၊ တက်တက်တို့ အနေနဲ့ ကျော်ကျော်ကို ပုန်းလျှိုးကွယ် လျှိုးဆက်သွယ်စရာမလိုတော့ဘူး" ဟုပြောလေ၏။ ဒယ်ဒီကြီးသည် ဆေးတံအိုးတွင်ဆေးမှုန့်များဖြည့်ကာ. . . မီးညှိရှိုက်ဖွာလိုက်ပြီးနောက်. . .

"တစ်ခုမေးဦးမယ် ညိုမြရေ. . .၊ မင်းဟာ ဒီအိမ်ရောက်ပြီး ခြောက်လကြာတဲ့အခါမှာ ငါတို့သားနဲ့ မပတ်သက်တော့ဘူးဆိုတာ မင်း ကိုယ်တိုင်သိတယ်၊ မျှော်လင့်စရာမရှိတော့ဘူးဆိုတာလည်း မင်းကိုယ်တိုင် အသိဆုံးပဲ၊ ဒီလိုသိပါလျက် ဒီအိမ်က ထွက်မသွားခဲ့ဘူး. . . တို့မိသားစု လေးယောက်ကို စွန့်ခွာမသွားခဲ့ဘူး၊ ရှာဖွေကျွေးမွေးခဲ့တယ်၊ လိုလေသေး မရှိအောင် လုပ်ပေးခဲ့တယ်၊ အထူးသဖြင့် တို့အိမ်ဟောင်းကြီးကို တို့စိတ် ကြိုက် အသစ်ဖြစ်အောင် ပြန်ဆောက်ပေးခဲ့ တယ်၊ တို့မိသားစုကို မပူမပင်၊ မကြောင့်မကြထားပေးခဲ့တယ်၊ အဲဒါဘာကြောင့်လဲ. . . အဲဒါကိုတော့ ဒယ်ဒီကြီးအသိချင်ဆုံးပဲ. . . "ဟု မေးလေ၏။ မာမီကြီးနှင့်တက်တက်တို့ လည်း ညိုမြဖြေမည့်စကားကို မျှော်လင့်ခြင်းကြီးစွာ စောင့်မျှော်နေကြလေ တော့သတည်း. . .။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၁ )

## ‘ ‘ မာယာ–ညိုမြ ’ ’

ညိုမြသည် စားပွဲပေါ်မှ ဖိုင်တွဲကိုပြန်၍ပိတ်လိုက်၏။ တံတွေးကို မျိုချလိုက်၏။ ထို့နောက်。。

“ဒီအိမ်ရောက်ပြီး ခြောက်လကြာ တဲ့အခါ ကိုကျော်လှိုင်နဲ့ညိုမြ ဘာမှမပတ် သက်တော့ဘူး ဆိုတာ သိရပါတယ်၊ အဲဒီလို သိရတဲ့အချိန်မှာ ဒီအိမ်ကထွက်သွားဖို့ စဉ်းစားရပါတော့တယ်၊ ဒါပေမဲ့。。 ဒယ်ဒီကြီး အပါ အဝင်ဒီမိသားစုဟာ ဘာမှ မလုပ်တတ်ဘူး၊ ဒါမှမဟုတ် ဘာမှမလုပ်နိုင်ဘူး၊ ကို ကျော်လှိုင်ကလည်း ဒီမိသားစုအတွက် ဘာမှတာဝန်မယူဘူးဆိုတာ သိပြီးသားပဲ၊ ဒယ်ဒီကြီးအပါအဝင် ဒီမိသားစုဟာ ညိုမြရဲ့ အ

www.burmeseclassic.com


လိုအပ်နေတယ်ဆိုတာ ညိုမ ကောင်းကောင်းကြီးသိပါတယ်၊ ညိုမရဲ့ စိတ်ထဲမှာဖြစ်နေတာက အကူအညီလိုနေတဲ့သူတွေကို အကူအညီပေးရမယ်၊ ညိုမဟာ ကိုကျော်လှိုင်နဲ့ ပတ်သက်မှ ဒယ်ဒီကြီးတို့မိသားစုကို အကူအညီပေးမယ်၊ ကိုကျော်လှိုင်နဲ့ မပတ်သက်ဘူးဆိုရင် စွန့်ပစ်ထားခဲ့မယ်ဆိုတဲ့ အောက်တန်းကျတဲ့စိတ်မျိုးမွေးလို့မရဘူး၊ အဲဒါကြောင့် ကိုကျော်လှိုင်အကြောင်းကို မစဉ်းစားတော့ဘူး၊ ညိုမ အစွမ်းကုန်ကူညီတာ ဒယ်ဒီကြီးဖြစ်စေချင်တာတွေ အားလုံးဖြစ်အောင်လုပ်ပေးခဲ့တာ၊ ကိုကျော်လှိုင်ရဲ့အကြောင်းကို ညိုမသိသွားပြီလို့ ဒယ်ဒီကြီးတို့ သိသွားတဲ့အခါ အားငယ်သွားမှာစိုးလို့ မသိချင်ဟန်ဆောင်နေခဲ့ရတယ်၊ အဲဒါမှာ အဆိုးဆုံးကတော့ ကိုကျော်လှိုင်ပဲ၊ သူ့အကြောင်းတွေကို ညိုမ မသိသေးဘူးအောက်မေ့လို့ စတုတ္ထမြောက်စာ၊ အဌမ မြောက်အကြောင်းရေမှာ (မေမေကျော်ကျော်အကြောင်းကို သူမသိသေးဘူး၊ သိလည်းမသိပါစေနဲ့. . ၊ သူဟာ မျှော်လင့်ချက်ကြီးစွာနဲ့ ကျော်ကျော့်ကို စောင့်မျှော်နေလိမ့်မယ်၊ မေမေတို့ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး သူ့ကိုခိုင်းစားပေတော့. . ) လို့ ရက်ရက်စက်စက်ရေးထားတယ်. . ” ဟု ပြောလိုက်လျှင် ဒယ်ဒီ ကြီးက. .

“အို. . အတော်မကောင်းတဲ့စာပဲ၊ အတော့်ကို ရိုင်းတဲ့စာပဲ. . ၊ အဲဒါကိုလည်းသိနေပါလျှက် ညိုမက ဒယ်ဒီကြီးတို့အတွက် ထိထိရောက်ရောက်ဆက်ပြီးကူညီပေးနေတယ်ဆိုပြန်တော့ ဒယ်ဒီကြီးအနေနဲ့ ကိုယ့်သားဘက်ကအများကြီးလွန်နေတဲ့အတွက် ညိုမမျက်နှာကိုတောင် ဒယ်ဒီကြီးဖြင့် ကြည့်တောင်မကြည့်ရဲတော့ပါဘူး. . ’ ဟု ပြောလိုက်လေ၏။

“ဒီလိုရှိပါတယ်၊ ဒယ်ဒီကြီး၊ မာမီကြီး၊ တက်တက်၊ ခက်ခက်တို့ရေ အဲဒီကိစ္စကို မေ့ပစ်လိုက်ကြရအောင်၊ ခါတိုင်းလိုပဲ ပျော်ပျော်ရွှင်ရွှင်နေကြရ

www.burmeseclassic.com


အောင်ပါ၊ ညိုမရှာ ကျွေးပါ့မယ်၊ ခါတိုင်းလိုပဲနေကြပါ၊ စောစောက ထမင်းဝိုင်း မစခင်ကဆက်ဆံရေးအတိုင်းပဲနေကြရအောင်ပါ၊ မပြောမဖြစ်တဲ့ စကားတွေက ထမင်းဝိုင်းပြီးမှ ပြောရတာမဟုတ်လား. . ၊ ညိုမတို့အားလုံး ထမင်းဝိုင်းမစခင်က အချိန်ဆီကို ပြန်ပြီးသွားကြရအောင်ပါ. . ” ဟု ဆိုကာ ဖိုင်တွဲလေးကိုယူ၍ အိပ်ခန်းအတွင်းသို့ ဝင်သွားလေတော့ ၏။ ထိုအခါ၌ တက်တက်၊ ခက်ခက်နှင့် မာမီကြီးတို့သည် ညိုမ အခန်းတွင်းသို့ လိုက်၍ ဝင်သွားကြလေ၏။ ညိုမအား ဝိုင်း၍ဖက်ထားကြလေ၏။ တက်တက် က. .

“မညိုမရယ်. . တက်တက်ကို ခွင့်လွှတ်ပါ၊ ကိုကိုနဲ့ဆက်သွယ်တယ်ဆိုပြီး တက်တက်ကို မုန်းမသွားပါနဲ့၊ အဲဒီလိုပဲ မာမီကြီးကိုလည်း မမုန်းပါနဲ့၊ ခက်ခက်လေးကိုလည်း မမုန်းပါနဲ့၊ တက်တက် တောင်းပန်ပါတယ်၊ မညိုမဟာအတော့်ကို စိတ်ထားကြီးမြင့်ပါတယ်၊ တက်တက်တို့ ကိုကိုဟာ စိတ်ထားယုတ်ညံ့ပါတယ်၊ တကယ်ပြောရရင် ကိုကိုနဲ့ မညိုမ မတန်ပါ ဘူး. . ” ဟု ဆိုကာ ညိုမ၏ ရင်ခွင်အတွင်းသို့ ခေါင်း ကိုဝှက်၍ တဟင်း. . ဟင်း. . . နှင့် ငိုချလိုက်လေတော့၏။

ညိုမသည် တက်တက်၏ ဦးခေါင်းကို လက်ဖြင့်ပွတ်သပ်ရင်း. .

“မငိုပါနဲ့တက်တက်ရယ်၊ ဒီအိမ်သားတွေ အားလုံးကို မညိုမ ဘယ်တော့မှမမုန်းပါဘူး၊ တကယ်ပြောရရင် ကျော်ကျော့်ကိုလည်း မမုန်းပါဘူး၊ ဘဝမှာလက်တွဲလို့မရတဲ့အတွက် လက်မတွဲတာဘဲရှိတယ်. . ” ဟု ပြောလေ၏။ ထို့နောက်တွင်ကား အိပ်ရာသို့ အသီးသီးဝင်ကြလေ၏။ နောက်တစ်နေ့ နံနက်တွင် ညိုမသည် တံတားဘက်တွင် အချုပ်ခံနေရသော သာဂေါင်ကြီးအား အချုပ်မှ လွှတ်စေရန်အတွက် လူတစ်ယောက်


BURMESE CLASSIC .com

www.burmeseclassic.com


အား ကိုယ်စားလှယ်လွှဲစာနှင့်စေလွှတ်၍ အမှုကိုပိတ်ပေးလိုက်လေတော့၏။ ထို့နောက်တွင်ကား ပုံမှန်အတိုင်း အလုပ်ဆက်၍ လုပ်နေလေတော့၏။ ငါးလခန့်ကြာသောအခါ၌ သဃ်န်းကျွန်းရပ်ကွက်လမ်းမပေါ်မှ အိမ်တစ်အိမ်ရောင်းချလိုသော မိန်းမကြီးတစ်ဦးသည် ညိုမထံသို့ရောက်လာလေ၏။ ညိုမလည်း ထိုအိမ်ကို စိတ်ဝင်စားသောကြောင့် သွားရောက်ကြည့်ရှုခဲ့လေ၏။ ခြံနှင့်ဝန်းနှင့် အကျအနဆောက်လုပ်ထားသော်လည်း အိမ်ကြီးကိုကြည့်ရသည်မှာ မျက်စိအမြင်တွင်မှိုင်း၍နေ၏။ ခြံကြီးမှာလည်း အုပ်ဆိုင်းဆိုင်းရှိလေတော့၏။

ညိုမသည် ထိုခြံကြီးကို လှည့်ပတ်ကြည့်ရှု၏။ ခြံကြီးဆိုသော်လည်းများစွာကျယ်ဝန်းလှသည်မဟုတ်ပေ။ ရိုးရိုးကွက် နှစ်ကွက်စာ ခြံသာလျှင်ဖြစ်၏။ ညိုမသည် ခြံကြီးသို့လှည့်ပတ်၍ ကြည့်ရှုပြီးနောက် အိမ်တွင်းသို့ ဝင်ရောက်ကြည့်ရှုပြန်၏။ အိမ် မှာ ကျွန်းနှစ်ထပ်အိမ်ဖြစ်၏။ အိမ်ပိုင်ရှင်အဒေါ်ကြီးသည် ညိုမအား အိမ်အပေါ်ထပ် အောက်ထပ်၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာမှစ၍လိုက်၍ပြ၏။ အိမ်ကြီးမှာ ဟောင်းနွမ်းနေပြီဖြစ်၏။ အိမ်ထောင်ပရိဘောဂမှာလည်း ပြည့်ပြည့်စုံစုံမရှိတော့ အပေါ်ထပ်တစ်ထပ်လုံးတွင် စာအုပ်ဟောင်းများနှင့် ကျွန်းသေတ္တာဟောင်းကြီးများသာရှိ၏။ ခေါင်းရင်းပိုင်းတွင် သင်ဖြူးဖျာလေးတစ်ချပ်၊ ခေါင်းအုံးနှင့် အညာစောင်လေးတစ်ထည်ကိုတွေ့ရ၏။ ညိုမသည် ထိုဖျာပေါ်တွင် ထိုင်ချလိုက်ပြီးနောက် အနီးရှိ စာအုပ်ကိုဆွဲယူ၍ ဟိုလှန်၊ ဒီလှန်ကြည့်ရှုလေ၏။

ထိုအခါ၌ အိမ်ရှင်အဒေါ်ကြီးက-

"ဆရာမ. . ထိုင်ဦးနော်. . " ဟုဆိုကာ အောက်သို့ဆင်းသွားလေ၏။ ထိုသို့ ဆင်းသွားရခြင်းမှာ ညိုမကို ကော်ဖီတိုက်ရန်ဖြစ်၏။ အိမ်ရှင်


BURMESE CLASSIC .com

www.burmeseclassic.com


အဒေါ်ကြီးသည် ချိုင့်ကလေးတစ်လုံးကိုဆွဲ၍ မလှမ်းမကမ်းတွင်ရှိသော လက်ဖက်ရည်ဆိုင်သို့ သွားရောက်ကာ ကော်ဖီတစ်ခွက်နှင့် ပလိန်းကိတ်မုန့် တစ်ချပ်ကိုဝယ်ယူကာ ညိုမအားတိုက်လေ၏။ ညိုမသည်ကော်ဖီပန်းကန် နှင့် ကိတ်မုန့်ပန်းကန်ကိုတွေ့လျှင်. .

"အဒေါ်ရယ် ညိုမ မသောက်ပါဘူး၊ ဆိုင်မှာသွားဝယ်တာနဲ့ တူတယ်၊ ဒုက္ခရှာလို့ အဒေါ်ရယ်. ." ဟု ပြောလေ၏။

"အဒေါ်က ဝမ်းသာနေတာ၊ ဆရာမ အဒေါ့်အိမ်ကို လိုက်ကြည့် တာ အတော့်ကိုပီတိ ဖြစ်နေတာ၊ ပြုန်းစားကြီးဆိုတော့ ဘာမှ မစီစဉ်နိုင်ဘူး၊ အဲဒီတော့ဧည့်ဝတ်မကျေဘူး၊ အဲဒါကိုပဲ စိတ်မကောင်းဖြစ်မိတာ. ." ဟု ပြောလေ၏။

"ဒါနဲ့ နေပါဦး အဒေါ်ရယ်၊ ဒီအိမ်ကြီးမှာ လူဘယ်နှစ်ယောက်နေ ကြတုန်း. ." ဟု ညိုမက မေးလိုက်ရာ အိမ်ရှင်အဒေါ်ကြီး က. .

"အဒေါ်ရယ်၊ အဒေါ့်သားရယ်၊ အဒေါ့်တူမ ဝမ်းကွဲလေးရယ် နေကြတာပါ၊ အဒေါ်သားဆိုတာလည်း ပျက်စီးလိုက်တာ လွန်ပါရော၊ အိမ်ကိုပြန်လာချင်မှ ပြန်လာတာ၊ အဒေါ်တူမလေးကတော့ ဒီအိမ်မှာ မြဲပါတယ်၊ မနေ့ကမှတောကိုပြန်သွားတာ. ." ဟု ပြောလေ၏။

"ညိုမက အဒေါ့်အိမ်ကြီးကို စိတ်ဝင်စားလို့ပါ၊ လမ်းမကြီးဘက် ကို မျက်နှာလှည့်ထားတဲ့ အိမ်ဆိုတော့ စတိုးဆိုင်ကြီးတစ်ဆိုင်ဖွင့်လို့ရတယ်၊ စတိုးဆိုင်ဆိုတော့ ပေနှစ်ဆယ်လောက် မျက်နှာဝကျယ်ရင်ရပါတယ်၊ ဆယ်ပေလောက် အိမ်ဝင်ဖို့ အပေါက်ချန်ထားပြီး ငှားမယ်ဆိုရင် အဖော်၊ အလှော်ရတာပေါ့၊ ပြီးတော့ ဒီအိမ်ကြီးရဲ့ အောက်ထပ်ကို ပျဉ်ခင်းမလုပ်ဘဲ ဖြုတ်ချပြီ တမံသလင်းခင်းမယ်၊ ပြီးတော့ မိန်းကလေးတွေလုပ်ရတဲ့

www.burmeseclassic.com


အလုပ်မျိုးတစ်ခုတည်ထောင်ပြီး အလုပ်ရုံလုပ်မယ်ဆိုပါတော့၊ ဥပမာ-အဒေါ်ရယ် ဆေးလိပ်ခုံပဲဖြစ်ဖြစ်၊ ဆေးဝါးထုတ်တဲ့ လုပ်ငန်းဖြစ်ဖြစ် လုပ်မယ်ဆိုရင်တောင် အဆင်ပြေတာပေါ့၊ အဲဒါကြောင့်လိုက်ပြီးကြည့်တာပါ၊ ညိုမ ဒီတစ်ညစဉ်းစားမယ်၊ ဝယ်ဖြစ်တယ်ဆိုရင် မနက်ဖြန် ဒီလိုအချိန်မျိုး လောက်လာပြီး အကြောင်းကြားပါမယ်. . "ဟု ညိုမကပြောဆိုကာ ထိုအိမ်မှထွက်ခဲ့လေတော့၏။ အိမ်မှထွက်ပြီး လမ်းအတိုင်း လျှောက်လာရာ အိမ်သုံးလေးလုံးခန့်လျှောက်မိလျှင် အိမ်တစ်အိမ်မှ မိန်းကလေးတစ်ဦးထွက်လာပြီး ညိုမကိုနှုတ်ဆက်လေ၏။

"ဒေါ်သိန်းကြွယ်တို့အိမ်ကို ဝင်သွားကတည်းက မြင်လိုက်ပါတယ်၊ မသေချာလို့ နှုတ်မဆက်တာပါ၊ အဲဒီအိမ်ကြီးကို ဆရာမကိုယ်တိုင်လာပြီး ကြည့်တယ်ဆိုတော့ ဝယ်များဝယ်မလို့လား. . " ဟု ပြောလေ၏။ ညိုမသည် မိန်းကလေး၏ မျက်နှာကို ငေးစိုက်ကြည့်နေ၏။ ထိုအခါ ထိုမိန်းကလေးက. .

"ဆရာမ ကျွန်မကို မှတ်မိရဲ့လား၊ ကျွန်မ နာမည်မပိုက်လေ၊ ဆရာမဆီ သုံး၊ လေးခါရှိပါပြီ၊ ကျွန်မလာခဲ့တာလေ. . "ဟု ပြောလိုက်သော အခါ၌ ညိုမက. .

"မှတ်မိပါတယ် မပိုက်ရယ်၊ အိမ်ထောင်ရေးကိစ္စအတွက် အစ်မဆီလာခဲ့တာ မဟုတ်လား. . " ဟုပြန်၍ ပြောလိုက်လျှင် မပိုက်ဆိုသော မိန်းခလေးက ခေါင်းညိတ်ပြလေ၏။ ထို့နောက်မှ. .

"ဒေါ်သိန်းကြွယ်ကြီး ဒီအိမ်ကို ရောင်းနေတာ နှစ်နှစ်ရှိပြီ၊ ပြီးတော့ ဒီအိမ်ကြီးဟာ သရဲခြောက်တယ်ဆိုပြီး နာမည်ထွက်နေတာ၊ ဝယ်မယ်ဆိုရင်လည်း အဲဒါကို ထည့်ပြီးစဉ်းစားဦးနော်. . " ဟု ပြောလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဝယ်မယ်လို့ စိတ်ကူးတာပဲ၊ သရဲ ခြောက်တယ်တို့ ဘာတို့ဆိုတာကို အစ်မအနေနဲ့ မယုံပါဘူး၊ ဒါပေမဲ့ အခုလိုသတိပေးတဲ့အတွက် မပိုက်ကို ကျေးဇူးတင်ရမှာပေါ့၊ ကဲ. . သွားမယ်နော်. . "ဟု ညိုမကဆိုကာ ထွက်လာခဲ့လေတော့၏။ မပိုက်အနီးမှ ညိုမထွက်သွားပြီး မျှားမကြာမီ၌ မပိုက်ထံသို့ အသက်လေးဆယ်အရွယ်ခန့် မိန်းမတစ်ဦး ရောက်လာ၏။ ထိုမိန်းမမှာ မပိုက်အိမ်ဘေးမှ မမြလေးဆိုသော မိန်းမဖြစ်၏။

"မပိုက်ရေ စောစောကညည်းနဲ့စကားပြောနေတာ ဗေဒင်လက္ခဏာ ဆရာမမဟုတ်လား" ဟု မေးလိုက်ရာ မပိုက်က

"ဟုတ်ပါတယ်. . " ဟူ၍ ပြန်၍ဖြေလိုက်လျှင်. .

"အဲဒီဆရာမကို ငါကြည့်လို့ကို မရဘူး၊ ကိုကိုဆွဲ ငါ့ဆီကို မလာလို့ အဲဒါဆရာမဆီသွားပြီး ယတြာလုပ်တာ. . လုပ်မပေးဘူးတော့၊ မယားငယ်အတွက် ယောကျ်ားလာအောင် ယတြာမလုပ်ဘူးဆိုပြီး ငါ့ကို ရင့်ရင့်သီးသီးပြောလိုက်တယ်၊ ဒီဆရာမဘာမှဗဟုသုတမရှိဘူး၊ ဒီခေတ်ဟာ မယားငယ်ခေတ်မဟုတ်ဘူး၊ ခေတ်ပြောင်းသွားပြီ၊ မယားပြိုင်ပဲရှိတယ်၊ ဒါကို နားမလည်ဘဲ ဗေဒင်ဆရာမလုပ်တယ်၊ ငါလေ ပါးဆွဲပြီး ရိုက်ချင်တာ လက်ကိုယားနေတာပဲ. . " ဟု ပြောကာ လက်ဝါးနှစ်ဖက်ကို ပွတ်နေလေတော့၏။ ညိုမသည် သယ်န်းကွန်စျေးအနီးသို့ လျှောက်လာပြီးလျှင် စျေးအနီးတွင်ရပ်ထားသော အငှားကားတစ်စီးကိုငှားရမ်း၍ အိမ်သို့ ပြန်လာခဲ့လေတော့၏။ အိမ်သို့ရောက်လျှင် ဒယ်ဒီကြီးက ဘယ်ကိုသွားတာလဲဟု မေးရာ ညိုမက အကျိုးအကြောင်းပြောပြလေ၏။ ဒယ်ဒီကြီးသည် ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. .

"စတိုးဆိုင်တွေ၊ အလုပ်ရုံတွေဘာအတွက် လုပ်မှာလဲ ညိုမရဲ့. . "


BURMESE CLASSIC .com

www.burmeseclassic.com


ဟု ဒယ်ဒီကြီး မေးလေ၏။

"ဒါကတော့ ဒယ်ဒီကြီးရယ် ညိုမက အခုတော့ ကျန်းမာတာပေါ့၊ အလုပ်လည်းလုပ်နိုင်တာပေါ့၊ အဲဒီတော့ ဘာမှ ပူစရာမလိုပါဘူး၊ ဒါပေမဲ့ ညိုမ ကျန်းမာရေး ရုတ်တရက်ညံ့သွားမယ်ဆိုရင် ဒယ်ဒီကြီး တို့အတွက် အခက်အခဲမတွေ့ရအောင် ကြိုတင်ပြီးစီစဉ်တာပါ၊ ကိုယ်တိုင်ထပြီး မလုပ်ရဘဲနေ့စဉ် ဝင်ငွေလေးရှိနေမဲ့ အလုပ်တော့ စီစဉ်ထားဖို့ လိုတယ် မဟုတ်လား. ." ဟု ညိုမက ပြောလိုက်လျှင် မာမီကြီးသည် ညိုမကိုဖက်လိုက်၏။ တက်တက်နှင့် ခက် ခက်တို့လည်း ဝိုင်း၍ ဖက်လိုက်လေ၏။ ထိုအခါ ဒယ်ဒီကြီးက. .

"ဒယ်ဒီကြီးတို့ မစဉ်းစားထားတဲ့ ဒယ်ဒီကြီးတို့နောင်ရေးကို ညိုမက အလေးအနက်ထားပြီး စဉ်းစားအလုပ်လုပ်နေတာကိုး၊ မင်းဟာ တို့ရဲ့ ကျေးဇူးရှင်ပါဘဲ၊ မိခင်ဟာ သား၊ သမီးတွေအတွက် လောလောဆယ် ကိစ္စရော၊ နောင်ရေးရော စဉ်းစားထားပြီး စောင့်ရှောက်သလို မင်းဟာတို့ အပေါ်မှာ ဒီအတိုင်းပဲ၊ ဒါကြောင့် ညိုမဟာ ကျော်ကျော်နဲ့ ပတ်သက်ပြီးမှ တော်ရတဲ့ ချွေးမ မဟုတ်ဘူး၊ မင်းဟာ တို့မိသားစုရဲ့ မိခင်ပဲ၊ မင်းရဲ့ စိတ်ဟာ မြင့်မြတ်တဲ့ မိခင်စိတ်ရှိတဲ့ မင်းဟာတို့ရဲ့မိခင်၊ တို့ရဲ့အမေ၊ တို့ရဲ့မာသာဘဲ. ." ဟု ရဲရဲတင်းတင်း ဝန်ခံလိုက်လေ၏။ ထို့နောက် ဒယ်ဒီကြီးက ဆေးတံကိုဖွာရင်း တွေ၍ စဉ်းစားနေလေ၏။ ထိုသို့ စဉ်းစားပြီးလျှင်. .

"ဒီလောက်လေး စားဖို့ကောင်းတဲ့ မိန်းကလေးကို ညိုမလို့ခေါ်တာ မသင့်တော်ပါဘူး၊ ရိုင်းလဲ ရိုင်းတယ်၊ အခုအချိန်ကစပြီး မာသာလို့ပဲ ခေါ်မယ်၊ အမေလို့ခေါ်ရင်တော့ ပိုပြီးကောင်းတာပေါ့၊ ဒါပေမဲ့ ချွေးမကို အမေလို့ခေါ်တဲ့ ယောက္ခမမရှိလေတော့ ကြားရသူအဖို့ ရယ်စရာကြီး


BURMESE CLASSIC .com

www.burmeseclassic.com


ဖြစ်လိမ့်မယ်၊ မာသာလို့ခေါ်လိုက်တာ နာမည်လိုလို၊ ဘာလိုလိုဖြစ်နေတာပေါ့၊ ဒါပေမဲ့ ဒယ်ဒီကြီးရဲ့ ရင်ထဲမှာတော့ တကယ့်ကိုမိခင်ပါပဲ၊ ဒီအချိန်ကစပြီး ဒယ်ဒီကြီးမှာ ညီမမရှိတော့ဘူး၊ မာသာပဲရှိတော့တယ်. . ." ဟု ဒယ်ဒီကြီးကပြောဆိုရယ်မောလိုက်လေတော့သတည်း။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁၂ )

## လူသတ်မှုဖြစ်တဲ့ မ'တတ်ပါ'

ညရှစ်နာရီခန့်တွင် ညိုမတို့၏အိမ်ရှေ့သို့ ရဲကားတစ်စီးလာ၍ရပ်လေ၏။ ရဲအရာရှိတစ်ဦးနှင့်အတူ ရဲသားလေးဦးပါလာ၏။ ၎င်းတို့နှင့်အတူ အရပ်ဝတ်နှင့် လူနှစ်ယောက်လည်း ပါလာ၏။ ရဲအရာရှိသည်

"ဝင်ခွင့်ပြုပါ. . . ခင်ဗျာ. . . "ဟု ပြောဆိုကာ အိမ်ပေါ်သို့ တက်လာ၏။ ထို့နောက် အိမ်သူအိမ်သားများကိုကြည့်ပြီးလျှင်-

"ဗေဒင်လက္ခဏာဆရာမ မညိုမဆိုတာ" ဟု စကားစလိုက်လျှင် ညိုမက-

"ကျွန်မပါပဲရှင်. . . "ဟု ဖြေလိုက်လေ၏။ ထိုအခါ ရဲအရာရှိက-

www.burmeseclassic.com


“ဒီလိုဆိုရင် မေးစရာလေးရှိလို့. . . စခန်းကို လိုက်ခဲ့ပါခင်ဗျာ . . . ”ဟုပြောလေ၏။

“ဟုတ်ကဲ့. . . လိုက်ခဲ့ပါမယ်၊ ကျွန်မ အသုံးအဆောင်ပစ္စည်းလေးတွေတော့ယူခွင့်ပြုပါရှင်. . . ” ဟု ပြောပြီးလျှင် ညိုမသည် သားရေအိတ်တစ်လုံး၌ အင်္ကျီ၊ လုံချည်၊ မျက်နှာသုတ်ပဝါ၊ ပရုတ်ဆီဗူး၊ သွားတိုက်ဆေး၊ သွားပွတ်တံတို့ကိုပါ ထည့်၍ အသင့်ဖြစ် ပြီဖြစ်ကြောင်း ပြောလိုက်ရာ ရဲအရာရှိက-

“ဒီလိုဆိုလည်းသွားကြတာပေါ့. . . ”ဟုဆိုကာ ညိုမအား ခေါ်ဆောင်သွားကြလေ၏။ ထိုအခါ ဒယ်ဒီကြီးက-

“ဘယ်ကို ခေါ်သွားကြမလို့တုံး၊ မာသာ ဘယ်ကိုဘယ်ကို လိုက်သွားမှာတုံး. . . ”ဟု ကြေကွဲဆို့နင့်အသံကြီးနှင့် မေးလေ၏။ ထိုအခါ ညိုမက-

“မကြာခင် ပြန်လာခဲ့မှာပါ ဒယ်ဒီကြီးရဲ့၊ စိတ်မပူပါနဲ့. . . ”ဟု ပြောကာလိုက်ပါသွားလေတော့ ၏။ ဒယ်ဒီကြီးအပါအဝင် အိမ်သူအိမ်သားအားလုံးသည် ကြုံကြုံပါအောင် အော်ဟစ်ငိုကြွေးကြလေတော့၏။ ကားပေါ်တက်ခါနီးတွင်ရဲအရာရှိက-

“စခန်းမှာ မေးစရာလေးရှိလို့ ခဏလေး ခေါ်တာကို ခင်ဗျားက ဘာဖြစ်လို့ အဝတ်အစားအပိုတွေထည့်လာရတာလဲ. . . ”ဟု မေးလေ၏။

“ဒါကတော့ ဒီလိုပါရှင်. . . ၊ မေးစရာက ခဏနဲ့မပြီးဘဲ တစ်ရက်၊ နှစ်ရက် ဆက်ပြီးမေးနေမယ်ဆို. . . ကျွန်မတို့ မိန်းမသာတွေအဖို့ အဝတ်လဲဖို့လိုပါတယ်၊ ဒါကြောင့်ယူခဲ့တာပါ၊ တခြားဘာကြောင့်မှ မဟုတ်ပါဘူး. . . ”ဟု ညိုမက ပြန်၍ဖြေလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ကျုပ်တို့ ခင်ဗျားကို ဘယ်အကြောင်း မေး မယ်ဆိုတာရော မညိုမ သိပါသလား. . ."ဟု ရဲအရာရှိက မေးလေ၏။

"အဲဒါလည်း မသိပါဘူးရှင်. . . သိဖို့လည်း မလိုပါဘူး၊ မေးတာ ကို မှန်မှန်ကန်ကန်ဖြေဖို့ပဲမဟုတ်လား. . ."ဟု ညိုမက ပြန်၍ဖြေလိုက် လျှင်ရဲအရာရှိက-

"အိုကေ. . ."ဟု ပြောလိုက်လေ၏။ ရဲစခန်းသို့ရောက်သော အခါ၌ ညိုမအား အမှုလိုက်ရဲအရာရှိတစ်ဦးနှင့်တွေ့ပေးလေ၏။ ထိုရဲအရာ ရှိက ညိုမအား အမည်၊ အဖအမည်၊ မွေးသက္ကရာဇ်၊ မွေးရပ်ဇာတိ၊ မိဘ၊ ညီအစ်ကိုမောင်နှမအမည်၊ ယခုလုပ်ကိုင်နေသော အလုပ်အကိုင်၊ အိမ် ထောင်ရှိ၊ မရှိ စသည်တို့ကို မေးမြန်းပြီးနောက်-

"မညိုမ. . . မနက်က ဘယ်ကိုရောက်ခဲ့ပါသလဲ. . ."ဟု မေးလေ၏။

"သယ်န်းကျွန်းက ဒေါ်သိန်းကြွယ်အိမ်ကို ရောက်ခဲ့ပါတယ်၊ အဲဒီအိမ်ကို ဝယ်ချင်လို့ သွားကြည့်တာပါ. . ."ဟု ညိုမကဖြေလေ၏။

"ဒေါ်သိန်းကြွယ်အိမ်မှာ ဒေါ်သိန်းကြွယ် အပြင် ဘယ်သူရှိပါ သလဲ. . ."ဟု ရဲအရာရှိက မေးလေ၏။

"သူတစ်ယောက်တည်းပါ၊ ဘယ်သူမှမရှိပါဘူး၊ ကျွန်မကို အပေါ် ထပ်မှာထားခဲ့ပြီး၊ ကျွန်မအတွက် ကော်ဖီတစ်ခွက်နဲ့ ပလိန်းကိတ်တစ်ချပ် သွားဝယ်ပါတယ်။ သိပ်ပြီးမကြာပါဘူး၊ ကျွန်မကို ကော်ဖီတစ်ခွက်နဲ့ ကိတ်မုန့်တစ်ချပ်ကို တိုက်ကျွေးပါတယ်၊ သူ့မှာ သားတစ်ယောက်ရှိတယ်၊ အိမ်ကို မှန်မှန်ပြန်မလာဘူးဆိုတာလည်းသိရပါတယ်၊ ပြီးတော့ သူနဲ့ အတူနေတဲ့ တူမတစ်ယောက်ရှိတယ်၊ ဒါပေမဲ့ မနေ့ကမှ တောကို ပြန်


BURMESE CLASSIC .com

www.burmeseclassic.com


သွားတယ်ဆိုတဲ့အကြောင်း ပြောပါတယ်. . .”ဟု ညိုမက ပြန်၍ဖြေလေ၏။ ထိုအခါ ရဲအရာရှိက-

“မညိုမ အဲဒီအိမ်ကပြန်ထွက်လာတဲ့အချိန်ကို မှတ်မိပါသလား . . .”ဟု မေးလေ၏။

“မှတ်မိပါတယ်ရှင်. . .၊ ကျွန်မက အိမ်က ထွက်ခါနီးမှာ နာရီကို ကြည့်လိုက်ပါတယ်၊ ဆယ်နာရီဆယ်မိနစ်ရှိပါပြီ၊ ခြံတံခါးဝအထိ ဒေါ်သိန်းကြွယ်ကြီးက ကျွန်မကို လိုက်ပို့ပါတယ်. . .”ဟု ညိုမက ဖြေ လိုက်လေ၏။ ထိုအခါ ရဲအရာရှိက-

“ဒေါ်သိန်းကြွယ်ကြီး သေပြီဗျ၊ အပေါ်ထပ် မှာ လည်ပင်းအညှစ်ခံရပြီးသေသွားပြီ၊ ခင်ဗျားပြန် သွားပြီး တစ်နာရီလောက်ကြာတဲ့အခါမှာ အဲဒီအိမ်နားကမပိုက်ဆိုတဲ့ မိန်းကလေးတစ်ယောက်က ခင်ဗျားနဲ့ အရောင်းအဝယ်ဖြစ်စေချင်လို့ ဒေါ်သိန်း ကြွယ်ကြီးကို တိုက်တွန်းဖို့သွားတာ. . .၊ အောက်ထပ်မှာမတွေ့လို့ အပေါ်ထပ်ကိုတက်သွားတော့ ဒေါ်သိန်းကြွယ်ကြီး သေနေတာကိုတွေ့ရလို့ အလန့်တကြားအော်ပြီး ဆင်းပြေးလာလို့ တစ်ရပ်ကွက်လုံးသိပြီး ဆူပွက်သွားတာ. . .၊ အဲဒီတော့ ဒေါ်သိန်းကြွယ်ကို ခင်ဗျားသတ်တယ်လို့ ကျွန်တော်တို့ ကောက်ချက်မချသေးပါဘူး၊ ဒါပေမဲ့ သံသယတရားခံထဲမှာတော့ ခင်ဗျားဟာ နံပါတ်တစ်တရားခံ ဖြစ် နေတယ်၊ သိပ်ပြီး စိတ်မလှုပ်ရှားပါနဲ့ဗျာ. . .၊ တရားကို နတ်စောင့်ပါတယ်၊ မိန်းမသားမို့လို့ အချုပ်ထဲတော့မထည့်ပါဘူး၊ ဒါပေမဲ့ ဟောဟိုအခန်းလွတ်ထဲမှာတော့နေရမယ်၊ ခင်ဗျားကို စောင့်ဖို့လည်း ရဲမေတစ်ယောက်ထားပေးပါမယ်၊ ဒါပေမဲ့ အမှုမှန် မပေါ်ပေါက်မချင်းသည်းခံပြီး နေပေးပါ၊ လွတ်မြောက်ရေးအတွက် မလိုလားအပ်တဲ့ ကြိုးစားမှုတွေ မကြိုးစားစေ

ပြုံးပန်းတစ်ရာစာပေ
BURMESE CLASSIC .com

www.burmeseclassic.com


ချင်ဘူး၊ ဥပမာဗျာ လွတ်မယ်ထင်လို့ ထွက်ပြေးတာမျိုး ဘာမျိုးပေ့ါ. . ." ဟု သတိပေးစကားပြောလေ၏။ ထိုအခါ ညိုမက မဲ့ပြုံးလေး ပြုံးလိုက်ပြီးလျှင်-

"စိတ်ချပါရှင်. . . ကျွန်မ အဲဒီလိုမလုပ်ပါဘူး၊ ကျွန်မဟာ ပြဿနာကို မျက်နှာချင်းဆိုင်ဝံ့တဲ့ သတ္တိရှိပါတယ်. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ရဲမေတစ်ဦးသည် ညိုမ၏လက်ကိုဆွဲကာ-

"လာ. . ." ဟု ဆိုကာ အခန်းလွတ်တစ်ခုအတွင်းသို့ ခေါ်သွားလေတော့၏။ ညဥ့်နက်ပိုင်းသို့ ရောက်သော အခါ၌ ညိုမကား ရဲအရာက အခန်းထဲမှ ထုတ်၍ ထပ်မံစစ်မေးပြန်၏။ ထိုသို့စစ်မေးရာတွင် ညိုမ တစ်ယောက်တည်းမဟုတ်ပေ။ အခြားသောမိန်းမတစ်ဦးကိုပါ ခေါ်ယူထားပြီးဖြစ်၏။ ထိုမိန်းမနှစ်ဦးမှာ ဒေါ်သိန်းကြွယ်၏ အိမ်အနီးတွင်နေသော မပိုက်ဆိုသည့်မိန်းကလေးနှင့် မမြလေးဆိုသည့် မိန်းမပင်ဖြစ်၏။ ရဲအရာရှိသည် မမြလေးအား-

"ဒီမှာ မမြလေး၊ ဒေါ်သိန်းကြွယ်အိမ်ထဲက ထွက်လာတာ တွေ့တယ်ဆိုတဲ့သူဟာ သူပဲလား. . ." ဟုဆိုကာ ညိုမအားပြလေ၏။ မမြလေးလည်း ညိုမကိုကြည့်ကာ မျက်နှာမဲ့ရွဲ့ပြီးလျှင်-

"ဟုတ်ပါတယ်ရှင်. . . သူမှသူအစစ်ပါ၊ သူ့ကို ကျွန်မကောင်းကောင်းသိပါတယ်၊ သူဟာ ဗေဒင် လက္ခဏာဆရာမ မညိုမပါ. . ."ဟု ပြောလေ၏။ ထို့နောက် ရဲအရာရှိသည် မပိုက်ဆိုသော မိန်းကလေးအား အထက်ပါအတိုင်းမေးရာ မပိုက်ကလည်း မမြလေးဖြေသည့်အတိုင်းပင် ဖြေလေ၏။ ရဲအရာရှိလည်း သက်သေနှစ်ဦးအား ပြန်၍ပို့ခိုင်းလိုက်ပြီးလျှင် ညိုမအား အခန်းတွင်းသို့ပြန်၍ သွင်းလိုက်လေတော့၏။ ညိုမသည်


BURMESE CLASSIC .com

www.burmeseclassic.com


အိပ်စက်ခြင်း မပြုတော့ဘဲ တစ်ညလုံး ကမ္ဘဌာန်းထိုင်၍ နေလေတော့၏။ နံနက်လေးနာရီထိုးသောအခါ၌ သူဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို အေးအေးဆေးဆေးတစ်ကွက်ချင်း ပြန်၍စဉ်းစားလေ ၏။ ထိုသို့စဉ်းစားရာတွင် သူ့အဖို့ ဤလူသတ်မှုကြီးမှလွတ်ရန် အပေါက်လေးတစ်ပေါက်ကို သွား၍တွေ့၏။

နံနက်မိုးလင်းသောအခါ၌ အစောင့်ရဲမေသည် ညိုမအား မျက်နှာသစ်ရန်၊ အိမ်သာတက်ရန်လိုက်ပို့၏။ ကော်ဖီတစ်ခွက်လည်းတိုက်၏။ ထိုရဲမေ၏ အမည်မှာ မမြသန်းဟူ၍ဖြစ်၏။ နံနက်ရှစ်နာရီလောက်တွင် ယမန်နေ့ညက ညိုမအား စစ်ဆေးသော ရဲအရာရှိရောက်လာပြန်၍ ညိုမကို တစ်ဖန် အခန်းထဲမှထုတ်ကာစစ်ဆေးပြန်၏။

"ဒီမှာ မညိုမ ခင်ဗျား အခုရင်ဆိုင်နေရတဲ့ အမှုဟာ ပေ့ါသေးသေးမဟုတ်ဘူးနော်၊ လူသတ်မှုဖြစ်တယ်၊ ဒါကြောင့် လေးလေးနက်နက် စဉ်းစားပြီးမှ ပြောစရာရှိတာကိုပြောပါ. . . "ဟု ပြောလေ၏။

"ဒီလိုရှိပါတယ်ရှင်. . .၊ ဒေါ်သိန်းကြွယ်နဲ့ နောက်ဆုံးတွေ့တဲ့ သူဟာ ကျွန်မပဲဖြစ်တယ်ဆိုရင်တော့ ဒီအမှုကြီးတစ်ခုလုံးဟာ ကျွန်မခေါင်းပေါ်ပုံကျပြီပေ့ါ. . . "ဟု ညိုမက စကားစလိုက်၏။ ရဲအရာရှိက-

"အမှန်ပေ့ါ မညိုမရယ်. . .၊ တစ်ခုတော့ ရှိပါတယ်၊ ဒီအမှုမှာ ခင်ဗျားဟာ တရားခံဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကို ကျွန်တော်က ဆုံးဖြတ်မှာမဟုတ်ဘူး၊ တရားသူကြီးကဆုံးဖြတ်မှာ. . . "ဟု ပြန်၍ပြောလေ၏။

"ဒါကလည်း ဒီလိုပါရှင်. . .၊ ကျွန်မက အဲဒီအိမ်က ပြန်တော့မယ်ဆိုတော့ ဒေါ်သိန်းကြွယ်က ခြံတံခါးဝအထိ လိုက်ပြီးပို့တယ်၊ ကျွန်မက သူ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့တာပဲ၊ ကျွန်မပြောချင်တာက ကျွန်မခြံထဲက


BURMESE CLASSIC .com

www.burmeseclassic.com


ထွက်လာတဲ့အချိန်အထိ ဒေါ်သိန်းကြွယ်ဟာ အသက်ရှိသေးတယ်. . .” ဟု ညိုမက ပြောလိုက်ရာ ရဲအရာရှိက-

“အဲဒီပြောပြချက်ဟာ ခိုင်လုံရင်တော့ ဒီအမှုဟာ ခင်ဗျားနဲ့ ဘာမှ မပတ်သက်တော့ဘူး၊ အခု ဖြစ်နေတာက ဒေါ်သိန်းကြွယ်ဟာ ခင်ဗျားကို ခြံဝအထိလိုက်ပို့တယ်ဆိုတာ ခင်ဗျားရဲ့အပြောပဲ၊ ဘယ်သူမှ မြင်တာလည်း မဟုတ်ဘူး. . .”ဟု ပြောလေ၏။

“ကျွန်မ ကောင်းကောင်းသတိရတာလေး တစ်ခုပြောပါရစေ၊ ကျွန်မကို ဒေါ်သိန်းကြွယ်က ခြံဝအထိလိုက်ပို့တဲ့အခါမှာ ကျွန်မက ချက်ခြင်း ခြံထဲက ထွက်လာတာမဟုတ်ပါဘူး၊ နှစ်ယောက်သားရပ်ပြီး စကားပြောနေပါသေးတယ်၊ အဲဒီအချိန်မှာ လူတစ်ယောက်ဟာ လမ်းပေါ်က ဖြတ်သွားပါတယ်၊ ကျွန်မ တို့နဲ့ သိပ်မဝေးပါဘူး၊ အဲဒီလူကို ဒေါ်သိန်းကြွယ် ကလှမ်းပြီး စကားပြောပါတယ်၊ ဘယ်လိုပြောသလဲဆိုတော့ 'ဟဲ့ ကျော်ကျော်၊ ဒီအိမ်က ငတေနဲ့ရော တွေ့သေးလား'လို့မေးပါတယ်၊ အဲဒီလူက လည်း 'မတွေ့ပါဘူးအဒေါ်ရယ်. . .၊တွေ့ရင် အဒေါ်နေမကောင်း ဘူးလို့ လိမ်ပြောပြီး ရအောင်ခေါ်ခဲ့ပါမယ်'လို့ပြောတယ်၊ ငတေဆိုတာက တကယ့် နာမည်ဟုတ်ချင်မှ လည်း ဟုတ်မယ်၊ ဒေါ်သိန်းကြွယ်က သူ့သားကို ပြော လိုဟန်ရှိပါတယ်. . .”ဟု ညိုမက ပြောလိုက်လျှင် ရဲအရာရှိ၏ မျက်နှာ သည် ဝင်းကနဲဖြစ်သွား၏။ မျက်လုံးများလည်း အရောင်တဖျတ်ဖျတ် တောက်လာ၏။

“ဒါဟာ သိပ်အရေးကြီးတဲ့အချက်ပဲ မညိုမရေ. . .၊ ဒီအမှုကြီးရဲ့ အသက်ပဲ၊ ဒေါ်သိန်းကြွယ်က အဲဒီလူကို ကျော်ကျော်လို့ လှမ်းခေါ်လိုက် တယ်ဟုတ်လား၊ ဘယ်အရွယ်လောက်ရှိပြီလဲ. . .”ဟု မေးလိုက်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်ပါတယ်၊ အသက် အစိတ်လောက်ရှိပါပြီ၊ သူ ဝတ်ထားတဲ့ အင်္ကျီက လက်မောင်း မပါပါ ဘူး၊ ချိုင်းက ဖြဲထားတယ်၊ ကာကီရောင်ပါ၊ ဘောင်းဘီကလည်း ကာကီရောင်ဘဲ၊ အင်္ကျီရော၊ ဘောင်းဘီရော စက်ဆီ တွေပေနေတယ်၊ ဒီအနီးအနား ဝပ်ရှော့တစ်ခုခုက လူလို့ထင်ပါတယ်၊ လက်မောင်းမှာ ကျောက်ဆူးပုံတစ်ပုံ ထိုးထားပါတယ်. . ."ဟု ညိုမြ ကပြောလိုက်လျှင် ရဲအရာရှိသည် သူ၏စာအုပ်တွင် ရေးမှတ်လေ၏။

"ကျွန်မ ထပ်ပြီးပြောပါရစေ၊ ကျွန်မ ဈေးနားကိုသွားပြီး ကားငှား ပြီး အိမ်ကိုပြန်တာ၊ အဲဒီလိုပြန်တဲ့အခါမှာ ဒေါ်သိန်းကြွယ်အိမ်ရှေ့က တစ်ခါ ဖြတ်ရပြန်ပါတယ်၊ ကျွန်မကလည်း ကားပေါ်ကနေ ဒေါ်သိန်းကြွယ် အိမ်ကိုလှမ်းပြီးကြည့်ပါတယ်၊ အဲဒီ အခါမှာ ဒေါ်သိန်းကြွယ်ဟာ အိမ်ထဲကို မဝင်သေးပါ ဘူး၊ စောစောက ကျော်ကျော်နဲ့ရပ်ပြီး စကားပြောနေပါတယ်၊ ကျွန်မအထင်တော့ ကျော်ကျော်ဆိုတဲ့လူ ဟို ဘက်ကနေ ပြန်အလာမှာ ဒေါ်သိန်းကြွယ်ကခေါ်ပြီး စကားပြောတယ်နဲ့တူပါရဲ့. . .၊ အဲဒီအချိန်မှာ ကျော်ကျော်တစ်ယောက်တည်းမဟုတ်ပါဘူး၊ ကျော်ကျော်နဲ့ အတူ အခြား တစ်ယောက်ကိုပါ တွေ့ရပါတယ်. . ." ဟု ညိုမြကပြောလိုက်လျှင်

"သိပ်ကောင်းတဲ့အချက်ပဲ၊ မညိုမြရေ. . .၊ ဒီအချက်ဟာ ခင်ဗျား ကိုကယ်လိမ့်မယ်ထင်တယ်"ဟု ရဲအရာရှိကပြောပြီးနောက် လူဆိုးထိန်း တစ်ဦးနှင့် ရဲနှစ်ဦးအား ကျော်ကျော့်အား ရှာခိုင်းပြီးလျှင် ညိုမြအား အခန်း တွင်းသို့ ပြန်သွင်းလိုက်လေတော့၏။ နံနက်ဆယ်နာရီထိုးလောက်တွင် ရဲသားတစ်ဦးက ညိုမြအခန်းသို့ လာရောက်ပြီး-

"မညိုမြ ခင်ဗျားအိမ်က ထမင်းလာပို့တယ်၊ ထမင်းချိုင့် ယူပါ. . ."ဟု ပြောသဖြင့် ညိုမြလည်း


BURMESE CLASSIC .com

www.burmeseclassic.com


"ခက်တော့တာပဲ၊ အိမ်ကလူတွေ မသွားတတ် မလာတတ်၊ မလုပ်တတ်မကိုင်တတ်နဲ့ ဒုက္ခများတော့မှာပဲ. . ."ဟုဆိုကာ အခန်းတွင်းမှထွက်လာခဲ့လေတော့၏။ စခန်းအဝင်အဝတွင်သုံးဆင့်ချိုင့် ကလေးတစ်လုံးနှင့် ဓာတ်ဗူးလေးတစ်လုံးကိုကိုင်ကာ စောင့်နေသောသူကိုမြင်လျှင် အံ့သြ၍သွား၏။ မျက်လုံးအိမ်တွင် မျက်ရည်များစို့လာ၏။ မျက်တောင် အခပ်မြန်လာ၏။ ထို့နောက်မှ-

"သာဂေါင်ကြီး. . ."ဟုခေါ်လိုက်လေတော့၏။ သာဂေါင်ကြီးသည် ချိုင့်နှင့်ဓာတ်ဗူးကိုပေးပြီးလျှင် မြေကြီးပေါ်တွင်ထိုင်၍ ညိုမအားကန်တော့လေ၏။ ပြီးလျှင်-

"အစ်မ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ အစ်မကို နေ့တိုင်းထမင်းနဲ့ကော်ဖီပို့ပါရစေ. . ."ဟုပြောလိုက်လျှင် ညိုမလည်း-

"အစ်မကိုလည်းပို့ပေါ့ကွယ်. . . ဒယ်ဒီကြီး တို့အိမ်ကိုလည်းသွားပြီးအခြေအနေ အကျိုးအကြောင်းပြောပြပါဦး၊ အစ်မ ဒီမှာ ကောင်းကောင်းမွန် မွန် နေရတဲ့အကြောင်း၊ ဒယ်ဒီကြီးတို့ သိပါစေ၊ အမှု ကလည်းလွတ်နိုင်တဲ့အခြေအနေရှိတဲ့အကြောင်းပါ ဒယ်ဒီကြီးတို့ကို ပြောပြလိုက်ပါ. . ."ဟု မှာလိုက်ရလေတော့သတည်း။ ။

❑

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁၃ )

## ‘ လောက်မ’ ဖြစ်သွားတဲ့ မ‘ တက်ယို’

ညိုမသည် အချုပ်ခံရဆဲဖြစ်၏။ နောက်တစ်နေ့တွင် သာဂေါင်ကြီးသည် ထမင်းလာပို့သောအခါ၌ သူ၏ မိန်းမကိုပါ ခေါ်လာ လေ၏။

“အစ်မ. . ဒါ ကျွန်တော့်မိန်းမပဲ၊ ကျွန်တော် မလာနိုင်တဲ့အခါတွေမှာ သူက ထမင်းလာပို့မယ်၊ အစ်မရဲ့ အဝတ်အစားဟောင်းတွေလည်းပေးလိုက်၊ သူလျှော်ခဲ့လိမ့်မယ်၊ သူ့နာမည်က ထားညိုလို့ခေါ်တယ်. . ” ဟု သာဂေါင်ကြီးကပြောလေ၏။ ထားညိုကလည်း. .

“ဘာမှ အားမနာပါနဲ့ အစ်မ၊ ထားညို လုပ်ပေးပါ့မယ်၊အစ်မ နဲ့ တစ်ခါမှမတွေ့ဖူးပေမယ့် ကိုဂေါင်ပြောလို့ ကြားရကတည်းက အစ်မကို

www.burmeseclassic.com


ကြည်ညိုလေးစားနေတာပါ၊ ကိုဂေါင်က ညအိပ်တိုင်း အစ်မဓာတ်ပုံကို ကန်တော့ပြီးမှအိပ်တယ်. . ”ဟုပြောလေ၏။ ညိုမသည် ရင်ထဲတွင် ဆွေးမြေ့သကဲ့သို့ ခံစားလိုက်ရ၏။

“နေစမ်းပါဦး. . သာဂေါင်ကြီးရဲ့၊ နင်တို့က ဘာအလုပ်များ လုပ်ကိုင်စားသောက်နေကြသ လဲ. . ” ဟု ညိုမက မေးလေ၏။

“ကျွန်မက ကားဂိတ်မှာ ကွမ်းယာရောင်းတယ်၊ ကိုဂေါင်က မနက်ဆိုရင် သတင်းစာပို့တယ်၊ ညကျရင် ဆိုက်ကားနင်းတယ်၊ နေ့ခင်းမှာတော့ သူ့ကျောင်းစာအလုပ်နဲ့ ရှုပ်နေတာပဲ. . ” ဟု ထားညိုကပြောလေ၏။ သာဂေါင်ကြီးသည် ပထမနှစ်တွင် ဆယ်တန်းစာမေးပွဲကျသွားသော်လည်း နောက်နှစ်တွင်အောင်၍ သွားပြီဖြစ်၏။ ယခုအခါတွင် အလုပ်တစ်ဖက်၊ အိမ်ထောင်တစ်ဖက်နှင့် တက္ကသိုလ်ပညာကို ဆည်းပူးနေပြီဖြစ်၏။ နောက်နေ့များတွင် အချုပ်ခန်းဆီသို့ သာဂေါင်ကြီး မလာတော့ပေ။ ၎င်း၏ မိန်းမထား ညိုသာလျှင် ထမင်းချိုင့်လာပို့၏။ ညိုမ၏ အဝတ်အစားများကိုလည်း လျှော်ဖွပ်မီးပူတိုက်ပြီးမှ ယူလာတတ်၏။ ဒယ်ဒီကြီးတို့ မိသားစုမှာမူ ညိုမ မရှိသောကြောင့် များစွာအခက်တွေ့နေကြပြီဖြစ်၏။ ညိုမသည် ၎င်းတို့အတွက် ဘဏ်တွင်အပ်ထားသော ငွေမှ လိုအပ်သလောက် ထုတ်ယူပေးလိုက်၏။ တစ်နေ့တွင်ညိုမ၏အခန်းသို့ ရဲတစ်ဦးရောက်လာပြီးလျှင်-

“ဒေါ်ညိုမ ခင်ဗျားအိမ်ကလာတယ်. . ” ဟုဆိုသဖြင့်ထွက်၍ တွေ့ရာ ရဲစခန်းရှိ လူသွားလမ်းပေါ်တွင် ဝှီးချဲကိုတဖြည်းဖြည်းချင်းလှိမ့်ကာဝင်လာသော ဒယ်ဒီကြီးကိုတွေ့ရလေ၏။ ညိုမသည် ပြေးဆင်းသွား၏။

“ဒယ်ဒီကြီး ဘာဖြစ်လို့လိုက်လာတာလဲ၊ အဲဒီလို လိုက်လာမှာစိုးလို့ သာဂေါင်ကြီးကိုမှာလိုက်တာပဲ. . ” ဟု ညိုမကပြောလေ၏။ ဒယ်ဒီကြီး


BURMESE CLASSIC .com

www.burmeseclassic.com


သည် ညိုမကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက်-

"မာသာရယ်. . . ဒယ်ဒီတစ်ယောက်တည်းလာတာ မဟုတ်ပါဘူး၊ တစ်အိမ်လုံးလာကြတာ ပါ၊ ဟိုမှာလေကားတစ်စီးငှား၊ ကားပေါ်ကို ဝှီးချဲတင်ပြီး မိသားစုလေးယောက်စလုံးလိုက်လာကြတာပါ. . " ဟုပြောလေ၏။ မာမီကြီး၊ တက်တက်နှင့်ခက်ခက်တို့လည်း ညိုမအနားသို့ ရောက်လာပြီကြဖြစ်၏။ တက်တက်နှင့် ခက်ခက်တို့သည် ညိုမကို ဖက်၍ငိုကြ၏။ မာမီကြီးကမူ ညိုမ၏လက်တစ်ဖက်ကိုကိုင်၍-

"ဘယ်လိုဖြစ်တာလဲ ညိုမရယ်. . " ဟု တတွတ်တွတ်မေးနေလေ၏။ ညိုမသည် ဒယ်ဒီကြီးကို လှမ်း၍ကြည့်ပြီးနောက်-

"ဒယ်ဒီကြီး. . ညိုမ ဘဏ်ကငွေတွေ ထုတ်ပြီး ပို့ပေးထားတာ ရတယ်မို့လား. . " ဟု မေးလိုက်ရာ ဒယ်ဒီကြီးက-

"ရပါတယ် မာသာ၊ သာဂေါင်ကြီး လာပို့သွားတာ၊ ဒါပေမဲ့ လောက ကြီးမှာက ငွေရှိရုံတစ်ခုထဲနဲ့ မဖြစ်သေးဘူးလေ မာသာရဲ့၊ တက်တက်နဲ့ ခက်ခက်ချက်တဲ့ ဟင်းတွေကို ဒယ်ဒီကြီးစားလို့မရတော့ဘူး၊ ပြီးတော့ ညနေဆိုရင် မာသာက ဝှီးချဲကိုတွန်းပြီး ရပ်ကွက်ကို တစ်ပတ်ပတ်ပေးတယ် မို့လား၊ အဲဒီ အခွင့်အရေးတွေ ဒယ်ဒီကြီးမှာ မရှိတော့ဘူး၊ သူတို့က ဝှီးချဲ တွန်းရမှာ ရှက်တယ်ဆိုပြီး တွန်းမပေးကြတော့ဘူး. . " ဟု ငိုသံပါကြီးနှင့် ပြောလေ၏။ ထိုအခါ ညိုမက-

"ထားပါတော့လေ. . ၊ ဝှီးချဲနဲ့ ညနေတိုင်းပတ်လို့ရအောင် ညိုမ စီစဉ်ပေးပါ့မယ်၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့. . "ဟု နှစ်သိမ့်စကား ပြောရလေတော့၏။ အတော်အတန် ကျေနပ်သည်အထိ စကားပြောပြီး ဒယ်ဒီကြီးတို့ မိသားစုသည် ပြန်သွားကြလေတော့၏။

❀ ပြုံးပန်းတစ်ရာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com


တစ်နေ့တွင် ညိုမအားဖမ်းဆီးထားသော တိုက်ခန်းအတွင်းသို့ မြန်မာစကား လုံးဝမပြောတတ်သော တရုတ်မတစ်ဦးကို ရဲအရာရှိကလာ၍ ထည့်လေ၏။ ထိုသို့ ထည့်ပြီးနောက် အစောင့်ရဲမေ အား-

"သူ့နာမည်က မေရီလူးလို့ခေါ်တယ်၊ သူက စက်ာပူက. .၊ လူဝင်မှုကြီးကြပ်ရေးက မေးစရာလေးရှိလို့ ခဏခေါ်ထားတာ၊ သူ့ကို မေးရမယ့် မေးခွန်းတွေတို့ ဆီကိုရောက်နေပြီ၊ သုံးရက်လောက်မေးရမှာ၊ စားဖို့သောက်ဖို့ကိုတော့ ဒီနားက တရုတ်ဆိုင်က မှာ ကျွေးရမှာ၊ တစ်ခုကောင်းတာက အင်္ဂလိပ်စကားတော့ ကောင်းကောင်းပြောတတ်တယ်. ." ဟု ရဲအရာရှိက ပြောသွားလေ၏။ ရဲမေလေးသည် သူတတ်သမျှ အင်္ဂလိပ်စကားဖြင့် အဆင်ပြေအောင် မေရီလူးအားပြောလေ၏။ မေရီလူးသည် အခန်းအတွင်းသို့ရောက်ပြီး မိနစ်အနည်းငယ်အကြာတွင် ညိုမအား စတင်၍ စကားပြောလေ၏။ မေရီလူးသည် အင်္ဂလိပ်စကား ကောင်းစွာပြောတတ်သော ညိုမနှင့် စကားလက်ဆုံ ကျလေတော့၏။ ထမင်းစားချိန်သို့ ရောက်သောအခါ၌ ရဲစခန်းမှ မေရီလူးအတွက် တရုတ်အစား အသောက်များမှာယူ၍ကျွေးမွေးလေ၏။

ညိုမအတွက်မူ သာဂေါင်ကြီး၏မိန်းမ ထားညိုလာပို့သော ထမင်းချိုင့်ရှိ၏။ မေရီလူး၏ဖိတ်ခေါ်ချက်အရ နှစ်ယောက်သား ပေါင်း၍စားကြ၏။ မေရီလူးသည် တရုတ်အစားအသောက်များကို ကောင်းစွာမစားဘဲညိုမအားကျွေးလေ၏။ ညိုမအတွက် ထားညိုလာပို့သော မန်ကျည်းသီးငါးပိချက်ကို လွန်စွာနှစ်သက်၏။ နှစ်သက်ရုံမျှမက မည်သို့မည်ပုံ ပြုလုပ်ရမည်ကို ညိုမထံတွင်မေး၏။ ညိုမကလည်းပြောပြရလေ၏။ ရဲအရာရှိသည် စခန်းသို့ တစ်ခေါက်ရောက်လာ၏။ ထိုသို့ရောက်လာပြီး


BURMESE CLASSIC .com

www.burmeseclassic.com


ရဲမေအား-

"ရထားလမ်းတစ်လျှောက်မှာရှိတဲ့ ကြေးနန်းကြိုးတွေကို ခိုးတဲ့ သူခိုးတွေမိလို့ အချုပ်ခန်းထဲ ထည့်ထားတာ၊ အချုပ်ခန်းထဲမှာ ပြည့်နေပြီ၊ စခန်းတစ်ခုလုံးလည်း အဲဒီအမှုကို စစ်နေတာတစ်ယောက်မှ မအားရဘူး၊ မေရီလူးကို မေးစရာရှိတာတွေ ညကျ မှပဲ မေးရမယ်၊ အဲဒီလို မေးရတာကို သူ့အနေနဲ့ သဘောပေါက်ဖို့လိုတယ်၊ တို့အနေနဲ့ ညစ်ပြီး ညကျမှ မေးတယ် လို့မထင်စေချင်ဘူး. . " ဟုရဲအရာရှိကပြော၍ ထွက်သွားလေ၏။ ရဲမေလေးက ညိုမအား-

"မညိုမရေ. . စောစောက ကျွန်မတို့ဆရာပြောသွားတဲ့ အကြောင်းလေး မေရီလူးကို ရှင်း ပြလိုက်ပါ. . " ဟုပြောသဖြင့် ညိုမ လည်း မေရီလူးအား အင်္ဂလိပ်စကားဖြင့် ရှင်းပြလိုက်လေတော့၏။ မေရီလူးကလည်း သူ့အနေနှင့် သဘောပေါက်နား လည်ကြောင်း ပြန်၍ ပြောလေ၏။ တစ်နာရီခန့်ကြာ လျှင် မေရီလူးနှင့်ညိုမသည် လွန်စွာရင်းနှီး သွားပြီဖြစ်၏။ မေရီလူးသည် ညိုမအား ဗေဒင်တွက်ခိုင်းသည် ညိုမက ဗေဒင်တွက်ပေး၏၊ ဟော၏။ မေရီလူးသည် ညိုမ၏ဟောချက်များကို လွန်စွာသဘောကျ၏။ အံ့လည်းအံ့သြ၏။ ညိုမက မေရီလူးအား- "ရှင်ဟာ အချစ်ရေးမှာ သိပ်ပြီးကံခေတာပဲ. . . " ဟု ပြောလိုက်လျှင် မေရီလူးက- "ဒီစကားဟာ အမှန်ဆုံးပါပဲ၊ ကျွန်မဟာ အကြောင်းအရာအားလုံးမှာတော့ ကံကောင်းပါတယ်၊ အချစ်ရေးမှာတော့ ကံဆိုးပါတယ်၊ အခုဒီကို ရောက် လာတာလည်း ဒီကိစ္စပါပဲ၊ ကျွန်မဟာ ဟိုမှာလာပြီး အလုပ်လုပ်တဲ့ မစ္စတာ ကျောကျောနဲ့ မေတ္တာမျှခဲ့ပါတယ်. . " ဟု အစချီ၍ပြောလေ၏။ ညိုမက ပြုံးလေ၏။ မေရီလူးပြောသော ကျောကျောမှာ ကျောကျောမဖြစ်နိုင်ပေ။

ဖြစ်နိုင်သည်မှာ ကျော်ကျော်သာလျှင် ဖြစ်ရမည်ဟု ညိုမက သဘောပေါက်၏။ ထို့ကြောင့် မေရီလူးအား-

"ရှင့် အသံထွက်မှားနေပြီ၊ ကျောကျော မဖြစ်နိုင်ဘူး၊ ကျော်ကျော်သာဖြစ်ရမယ်"ဟုညိုမကပြင်ပေး၏။ မေရီလူးကလည်း ကျေးဇူးတင်ကြောင်းပြော၏။ သို့ရာတွင် နောက်နောင် စကားပြောသော အခါ၌လည်း ကျော်ကျော်ဟုအသံမထွက်ဘဲ ကျောကျောဟူ၍သာထွက်လေ၏။ ထိုအခါ၌ညိုမလည်းပြင်၍မပေးတော့ဘဲကျောကျောဟုသာလိုက်၍ပြောရလေ၏။

မေရီလူးသည် ထိုသူ့အား အလွန်စွဲလန်းဟန်တူ၏။ ပြောရင်းနှင့်ပင် မျက်လုံးအိမ်၌ မျက်ရည်များစို့လာလေ၏။ သူမကို မစ္စတာကျောကျောက လက်ထပ်ပါမည်ဟုပြောခဲ့ကြောင်း၊ သို့ရာတွင် လက်မထပ်ဘဲ တစ်ဘက်နိုင်ငံသို့ထွက်သွားကြောင်း သူသည် တစ်ဘက်နိုင်ငံသို့လိုက်၍ သွားရကြောင်းတွေ့လျှင် မကြာမီလက်ထပ်မည်ဟုပြောကြောင်း၊ သူ့ထံမှ ငွေမကြာခဏတောင်းကြောင်း၊ သူမလည်းပေးခဲ့ရကြောင်း၊ ယခုတစ်ဖန် တစ်ဘက်နိုင်ငံမှ မြန်မာပြည်သို့ ထွက်သွားပြီဟုသိရကြောင်း၊ သူ့ကိုပေးသော လိပ်စာအတိုင်းလိုက်၍လာကြောင်း၊ မစ္စတာကျောကျောပေးခဲ့သော လိပ်စာမှာ အမှန်တကယ်သွားရောက်စုံစမ်းသောအခါ၌ လူနေအိမ်မဟုတ်ဘဲ ဘုန်းကြီးကျောင်းဖြစ်နေကြောင်း၊ ပြော၍ပြော၍ ငိုလေတော့၏။ ညိုမသည် မေရီလူးအား ကျောကျော၏ ပုံပန်းသဏ္ဌာန်ကိုမေး၏။ မေရီလူးက ပြောပြ၏။

ညိုမသည် နောက်တစ်နေ့ ထားညို ထမင်းလာ၍ ပို့သောအခါ၌ ဒယ်ဒီကြီးတို့အိမ်တွင်ရှိသော ဖိုင်တွဲအဝါတစ်ခုကို ယူခိုင်းလိုက်လေ၏။ ထိုဖိုင်တွဲမှာ ကျော်ကျော်နှင့် ပတ်သက်သော အကြောင်းအရာများပါသော


BURMESE CLASSIC .com

www.burmeseclassic.com


ဖိုင်တွဲဖြစ်၏။ ထို့နောက် ကျော်ကျော်၏ ဓာတ်ပုံကို ဖိုင်တွဲမှထုတ်၍ မေရီလူး အားပြလိုက်ရာ မေရီလူးသည် မျက်လုံးပြူး၍သွားလေတော့၏။

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်၊ ဒီ ဓာတ်ပုံဟာ ကျွန်မချစ်သူ ကျောကျောရဲ့ဓာတ်ပုံပါပဲ၊ ရှင့်ဆီ ဘယ်လိုရောက်နေတာလဲ. ." ဟု မေရီလူးကမေးလေ၏။ ထိုအခါ၌ ညိုမသည် ကျော်ကျော်နှင့် သူ၏ဇာတ်လမ်းကို အသေးစိတ်ပြောပြလေတော့၏။ မေရီလူးလည်း ပါးစပ်ကလေး အဟောင်းသားနှင့် နားထောင်ရင်း အံ့သြ၍နေလေတော့၏။ ညိုမ စကားဆုံးသည့်အခါ၌ မေရီလူးက ညိုမအား တောင်းပန်လေ၏။ မေရီလူးသည် ညိုမ၏ စိတ်ခိုင်ပုံ၊ စိတ်ထားမြင့်မြတ်ပုံကိုတွေ့မြင်ရကား လွန်စွာ လေးစား၍ သွား၏။ လွန်စွာမှလည်း အားကိုး၍သွားလေ၏။ နောက်တစ်နေ့တွင် ညိုမသည် ဖိုင်တွဲအဝါအား ထားညိုကို စေလွှတ်၍အိမ်သို့ ပြန်ပို့လိုက်လေတော့၏။ ညစာစားပြီးသောအခါ၌ မေရီလူးက စီးကရက်တစ်လိပ်ကို ဖွာရင်း တစ်စုံတစ်ခုအား စဉ်းစား၍နေလေ၏။ မေရီလူးသည် ညိုမလမ်းလျှောက်နေသည်ကိုကြည့်ပြီးနောက်-

"ညို့မ(ညိုမ) ဒီအခန်းထဲမှာ နေရ တာ စိတ်မညစ်ဘူးလား. ." ဟုမေးလေ၏။ ထိုအခါညိုမက-

"မေရီ့ကို ညိုမ ပုံလေးတစ်ပုံပြောပြမယ်၊ သေသေချာချာ နားထောင်ပါ၊ တစ်ခါတုန်းက လူကြီးတစ်ယောက်နဲ့ လူငယ်တစ်ယောက်ဟာ တောထဲကို ထင်းခုတ်သွားကြတယ်၊ ထင်းခုတ်ပြီး အမောပြေထိုင်နေကြရင်း လူကြီးက လူငယ်ကို မင်းနဲ့ငါစကားပြောပြိုင်မယ်၊ ဘယ်လို ပြိုင်မလဲ ဆိုတော့ သူ့ထက်ငါ အောက်တန်းကျအောင် ပြောကြေးကွာ၊ အောက်တန်းကျအောင် အပြောနိုင်ဆုံးလူက အနိုင်ကွာလို့ပြောလိုက်တယ်၊ အဲဒီအခါမှာ


BURMESE CLASSIC .com

www.burmeseclassic.com


လူငယ်ကလည်း စိန်လိုက်လေလို့ပြောတယ်၊ ပြီးတော့ လူကြီးကစပြီး-

“ငါဟာ လူမဟုတ်ဘူး၊ လားတစ်ကောင်ဖြစ်တယ်” လို့ ပြောလိုက်တယ်၊ အဲဒီတော့ လူငယ်က-

“ခင်ဗျားက လားဆိုရင် ကျုပ်ကလားဖင်” လို့ ပြောလိုက်တယ်။

“မင်းက လားဖင်ဆိုရင် ငါက လားချေးကွာ”လို့ လူကြီးက ပြောတယ်။ အဲဒီအခါမှာ လူငယ်က -

“ခင်ဗျားက လားချေးဆိုရင် ကျုပ်က လားချေးထဲက လောက်ဗျာ”လို့ ပြောပြန်ရော၊ အဲဒီတော့ လူကြီးက-

“နေစမ်းပါဦးလောက်ရယ်၊ လားချေးထဲမှာ ဘာသွားလုပ်နေတာလဲ”လို့ မေးတယ်၊ အဲဒီတော့ လူငယ်က-

“လောက်ဟာ လားချေးထဲမှာ နွေရာသီအပန်းဖြေစခန်းထွက်နေတာ”လို့ ချက်ချင်းပြန်ပြီးဖြေလိုက်တယ်၊ အဲဒီတော့ လူကြီးက ဟက်ဟက်ပက်ပက်ရယ်ပြီး ငါရှုံးပါတယ်ကွာဆိုပြီး လူငယ်ကို သူက အရှုံးပေးလိုက်တယ်၊ ကျွန်မပြောချင်တဲ့ ပုံကလေးက ဒါပါပဲ မေရီလူး၊ ဘဝဟာ လောက်ဖြစ်သွားရင်တော့ လားချေးထဲမှာ နွေရာသီအပန်းဖြေသွားတာဟာ အကောင်းဆုံးပါပဲ၊ အဲဒါကြောင့် ဒီအခန်းထဲပဲရောက်နေနေ၊ ဘယ်အခန်းထဲပဲရောက်နေနေ ကျွန်မဟာ စိတ်မပျက်ပါဘူး. . ” ဟု ပြောလိုက်လျှင် မေရီလူးသည် လက်ခုပ်လက်ဝါးတီးကာ ဟက်ဟက်ပက်ပက်ရယ်လေ၏။ ထို့နောက်-

“ညို့မ(ညိုမ) အလွန်တော်တယ်၊ မင်းအခုပြောတဲ့ စကားဟာ ငါ့အတွက်အားဆေးပဲ၊ မင်းဟာ မစ္စတာ ကျောကျောနဲ့ မတန်ဘူး၊ မယူပါနဲ့၊ မစ္စတာ ကျောကျောက အတော့်ကိုညံ့တယ်၊ မင်းဟာ အတော့်ကို တော်

www.burmeseclassic.com


တယ်၊ သူနဲ့ မင်းနဲ့ မရတာဟာ မင်းအဖို့ ကံကောင်းတာပဲ၊ ဒီထက်ကံကောင်းတာ ပြောရရင် ဒီနေရာမှာ မင်းနဲ့လာပြီးတွေ့ရတဲ့ငါဟာ ကံအကောင်းဆုံးပဲ. . " ဟု မေရီလူးက စိတ်ပါလက် ပါပြောလိုက်လေတော့၏။ ညခုနစ်နာရီထိုးသောအခါ၌ ရဲအရာရှိသည် မေရီလူးအားခေါ်၍သိလိုသော အရာများကိုမေးမြန်း၍နေလေ၏။ ရှစ်နာရီထိုးသောအခါ၌ ရဲစခန်းအတွင်းသို့ တရားခံအသစ်နှင့် ရဲအရာရှိ၊ ရဲများရောက်ရှိလာကြသောကြောင့် မေရီလူးအား အခန်းဆီသို့ ပြန်၍ပို့လေတော့၏။ ထို့နောက် ရဲအရာရှိနှင့် သာဂေါင်ကြီးသည် ညိုမရှိရာအခန်းသို့ ရောက်လာကြလေ၏။ ထိုသို့ ရောက်လာပြီး ရဲအရာရှိက-

"မညိုမ. . ဒေါ်သိန်းကြွယ်ကိုသတ်တဲ့ လူသတ်တရားခံမိပြီ၊ ခင်ဗျားရဲ့ မွေးစားမောင် မောင်သာဂေါင်ကြီးရဲ့ ကြိုးပမ်းမှုပါပဲ၊ တရားခံက ဖြောင့်ချက်ပေးပြီး လက်မှတ်ထိုးတာနဲ့ ခင်ဗျားကို အိမ်ပြန်ပြီးပို့မှာပါ၊ အသေးစိတ်ကိုတော့ မောင်သာဂေါင်ကြီးက နောက်တော့ပြောပြလိုက်ပေ့ါ. . " ဟုဆိုကာ သာဂေါင်ကြီးကိုခေါ်ပြီး ပြန်၍ထွက်သွားလေတော့၏။ ညိုမသည် ယနေ့ညပင် အိမ်သို့ပြန်ရမည်ဖြစ်ကြောင်း မေရီလူးအား ပြောရာ မေရီလူးသည် ညိုမကိုဖက်ထားလေ၏။ ပြီးလျှင်-

"ညို့မ မပြန်နဲ့၊ မနက်မှပြန်၊ လောက်ပဲဥစ္စာ၊ ဒီမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ်နွေရာသီအပန်းဖြေလို့ရပါတယ်၊ နေရာရွေးဖို့ မလိုပါဘူး. . "ဟု ပြောလိုက်ရာညိုမသည်ဟက်ဟက်ပက်ပက်ရယ်လေ၏ထို့နောက်မေရီလူးက-

"ညို့မဆိုတဲ့လောက်မတစ်ကောင်နဲ့ ပေါင်းပြီး ငါလည်း လောက်မဖြစ်သွားပြီ။ ဘယ်မှာပဲဖြစ်ဖြစ် အပန်းဖြေနိုင်ပြီ. . " ဟု ပြောလိုက်သဖြင့် နှစ်ယောက်သား လွတ်လပ်ပေ့ါပါးသောစိတ်ဖြင့် ရယ်မောလိုက်ကြလေတော့သတည်း။

❑

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁၄ )

## ကုမ္ပဏီပိုင်ရှင်ဖြစ်သွားတဲ့ ညိုမြ

အမှုလိုက်ရဲအရာရှိသည် တရားခံအစစ်၏ ဖြောင့်ချက်ကို ရပြီဖြစ်သောကြောင့် ညိုမြအား အိမ်သို့ပြန်ပို့ရန် စီစဉ်လေတော့၏။ သို့ရာတွင် ညိုမြက မေရီလူး၏ တောင်းပန်ချက်အရ မနက်ဖြန်မနက်မှပင် ပြန်လိုကြောင်းပြောသဖြင့် ရဲအရာရှိက

"ကျုပ်လည်း ရဲအရာရှိလုပ်လာတာ နှစ်(၂၀)ကျော်ပါပြီဗျာ၊ ခင်ဗျားလိုလူကိုတစ်ခါမှမတွေ့ဖူးဘူး၊ အချုပ်က လွတ်တယ်ဆိုရင် နာရီမဆိုင်း၊ စက္ကန့်မဆိုင်း ပြန်သွားတဲ့လူချည်းပဲ၊ အခုဟာ ခင်ဗျားက အချုပ်မှာ တစ်ရက်ပိုအိပ်ဦးမတဲ့၊ မကြုံဖူးပါဘူးဗျာ၊ မတွေ့ဖူးပါဘူးဗျာ၊ အမှန်ကတော



BURMESE CLASSIC .com

www.burmeseclassic.com


တရားခံ မဟုတ်ဘူးဆိုရင် ကျုပ်တို့က ချက်ချင်းပြန်လွှတ်ရတယ်ဗျ၊ ထားခွင့် မရှိဘူး၊ ထားလိုက်တာနဲ့ လူလူချင်း ဖမ်းဆီးချုပ်နှောင်မှုဖြစ်ပြန်ရောဗျ၊ ကျုပ်တို့အပေါ် အမှုပတ်တတ်တယ်၊ ဒါပေမဲ့ဒီတစ်ညတော့ထားပါမယ်ဗျာ၊ မနက်ဖြန် မနက်တော့ ပြန်ရမယ်နော်. . . ” ဟု ပြောလေ၏။ ညိုမလည်း ရဲစခန်းတွင် တစ်ညဆက်၍အိပ်ခွင့်ရလေ၏။ မေရီလူးသည် ညိုမက ၎င်း နှင့်အတူ တစ်ညဆက်ပြီး နေဦးမည်ဟုသိရလျှင် လွန်စွာဝမ်းသာ၍ သွား လေတော့၏။ ညိုမက ပိုက်ဆံထုတ်၍ ရဲမေမမြသန်းအား-

“အသန်းရေ. . . တို့တော့ မေရီကဆွဲထားလို့ ရဲစခန်းမှာ တစ်ည ပိုပြီးအိပ်ရဦးမယ်၊ သူ့ကို ကြည့်ရတာ ဒီတစ်ညလုံး အိပ်မဲ့ပုံမပေါ်ဘူး၊ ဒီတစ် ညလုံး စကားပြောလိမ့်မယ်ထင်တယ်၊ အဲဒီတော့ ကော်ဖီတို့၊ ရေနွေးကြမ်း တို့၊ ဂျင်းသုပ်တို့ဝယ်ထားမှဖြစ်မယ်၊ စခန်းမှာ ညဂျူတီကျတဲ့ လူတွေကို လည်းတို့အနေနဲ့ လက်ဖက်ရည်တိုက်ချင်တယ်၊ အဲဒါလည်း စီစဉ်ပေး ပါ. . . ” ဟုပြောလိုက်ရာ ရဲမေက-

“စိတ်ချပါ မညိုမ. . . ” ဟုဆိုကာ စခန်းတစ်ခုလုံး ဂျူတီကျသူ များသာမက အချုပ်သားများကို ပါ အနီးရှိလက်ဖက်ရည်ဆိုင်မှ လက်ဖက် ရည်နှင့် မုန့်များကိုမှာ ယူ၍တိုက်ကျွေးလေ၏။ ၎င်းတို့ အခန်းအတွက် လည်း ကော်ဖီ၊ ရေနွေးကြမ်းနှင့် ဂျင်းသုပ်များမှာယူခဲ့လေ၏။ မေရီလူးက မြန်မာပြည်တွင် အလုပ်လုပ်လိုကြောင်း၊ ပြည်ပမှပစ္စည်းများကို သွင်းကုန် ပစ္စည်းအဖြစ်တင်သွင်းပြီး ပြည်တွင်းမှ ဆန်၊ ပဲ၊ပြောင်း၊ သစ်မှအစ သက်ဆိုင်ရာမှခွင့်ပြုနိုင်သော ပစ္စည်းများကို ထုတ်ကုန်အဖြစ်ထုတ်မည့် နေရာများဝယ်ယူ၍လည်းကောင်း၊ ငှါးရမ်း၍လည်းကောင်း၊ အဝတ် အထည်များချုပ်လုပ်၍ ပြည်ပထုတ်ကုန်အဖြစ်ပြုလုပ်မည်။ သစ်များကို


BURMESE CLASSIC .com

www.burmeseclassic.com


သစ်အတိုင်းမထုတ်ဘဲပါကေး အခင်းပြားများအဖြစ်လည်းကောင်း၊ ပရိဘောဂပစ္စည်းများအဖြစ်လည်းကောင်းပြုလုပ်ပြီးမှထုတ်မည်ဖြစ်ကြောင်း ပြောလေ၏။ ထိုအခါ ညိုမကလည်း ထိုသို့လုပ်ခြင်းသည် အကျိုးရှိနိုင်ကြောင်းပြန်၍ပြောလေ၏။

မေရီလူးက အင်္ဂလိပ်ဘာသာဖြင့်

"ကျွန်မက ဒီမှာနေမှာမဟုတ်ဘူး၊ တစ်လ တစ်ခါ၊ နှစ်လတစ်ခါ လောက်မှပဲရောက်မှာ၊ အဲဒီ လုပ်ငန်းတွေအားလုံးကို ဒီက ဒိုင်ခံလုပ်ပေးရမှာက ညို့မ(ညိုမ)ဖြစ်တယ်၊ လုပ်ပေးမှာလား. . ." ဟု မေးလေ၏။

"လုပ်ပေးမှာပေါ့. . ." ဟု ညိုမက ပြန်၍ပြောလျှင် မေရီလူးက-

"လုပ်မယ်ဆိုရင် မနက်ဖြန် အိမ်ရောက်တာနဲ့ အလုပ်စပေတော့" ဟု ပြောလေ၏။ ညိုမကလည်း-

"မနက်ဖြန်ကပဲစမှာပါ. . ." ဟု ကတိပေးလိုက်ရာ မေရီလူးသည် ညိုမကိုဖက်၍ ပါးနှစ်ဖက်အား နမ်းရှုံ့လေတော့၏။ ထို့နောက် ၎င်း၏ လက်ဝဲဘက် လက်သူကြွယ်တွင်ဝတ်ထားသော ဘလူးဒိုင်းမွန်း ခေါ် စိန်ပြာလက်စွပ်ကိုချွတ်၍ ညိုမ၏လက်၌ဝတ်ပေးလိုက်လေတော့၏။ ထိုအခါ ညိုမက-

"ဒါဘာလဲ. . . မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်လား. . ." ဟု မေးလိုက်လေ၏။

"မဟုတ်ဘူး ညို့မ၊ မင်းဟာ လူမမဟုတ်ဘူးလေ၊ လောက်မ မဟုတ်လား၊ လောက်မဟာ မေရီ့ ဆရာလေ၊ ဒါကြောင့်ဆရာ့ကို ကန်တော့တာပါ. . ." ဟု မေရီလူးကပြောလိုက်လေ၏။ ထိုအခါ ရဲမေ မမြသန်းက-

"အစ်မကတော့ သိပ်ဟန်ကျတာပဲ၊ အချုပ်ထဲ ခဏလာနေရတာ


BURMESE CLASSIC .com

www.burmeseclassic.com


စိန်လက်စွပ်တစ်ကွင်းရသွားပြီ. . .” ဟု ပီတိဖြစ်သော မျက်နှာဖြင့်ပြောလေ၏။

“စိန်လက်စွပ်တစ်ကွင်း ဘယ်ကမလဲ အသန်းရယ်၊ တို့ကကုမ္ပဏီထောင်ပြီး သူ့ရဲ့လုပ်ငန်းတွေလုပ်ပေးရမှာ၊ အဲဒီအတွက် အများကြီးအကျိုးရှိမှာ. . .” ဟု ညိုမကပြန်၍ပြောလေ၏။

နောက်တစ်နေ့နံနက်တွင် ညိုမအား ရဲစခန်းမှ အိမ်သို့လိုက်၍ပို့လေ၏။ ဒယ်ဒီကြီးတို့ မိသားစုလည်း လွန်စွာပျော်ရွှင်သွားကြလေတော့၏။ တက်တက်က ညိုမအား ကော်ဖီတစ်ခွက် ဖျော်၍ တိုက်၏။ ဒယ်ဒီကြီးကမူ စိတ်မကောင်းသော မျက်နှာဖြင့် ညိုမအားကြည့်ပြီးလျှင်-

“မာသာရေ. . . လူတွေဟာသိပ်ခက်တာပဲ၊ ကိုယ်လည်း ဂဃနဏမသိတဲ့ကိစ္စကို တစ်ယောက်နဲ့တစ်ယောက် ဖောက်သည်ချတော့တာပဲ၊ အခုလည်း ဗေဒင်၊ လက္ခဏာဆရာမ မညိုမ လူသတ်လို့ဆိုတဲ့ သတင်းဟာပျံ့နေတာပဲ၊ တချို့များအတင့်ရဲပြီး အိမ်ကို ဒီသတင်းလာမေးတဲ့သူတောင်ရှိတယ်၊ ဒါကြောင့် မာသာရဲ့အလုပ်က ဆက်ပြီးလုပ်ဖို့ မဖြစ်နိုင်တော့ဘူး၊ အတော့်ကို နာမည်ပျက်သွားပြီ. . .” ဟုပြောလေ၏။ ထိုအခါ ညိုမက-

“အဲဒီအတွက် မပူပါနဲ့ဒယ်ဒီကြီး၊ ညိုမလုပ်ငန်းပြောင်းတော့မှာပါ. . .” ဟုပြောလေ၏။ ထို့အတူ အချုပ်ခန်းထဲတွင် မေရီလူးနှင့် တွေ့ဆုံခဲ့ပုံမှအစ ညိုမအနေနှင့် အလုပ်လက်ခံလိုက်သောကြောင့် မေရီလူးက စိန်ပြာလက်စွပ်တစ်ကွင်းပေးခဲ့ပုံ တို့ကိုပါပြောဆို၍ လက်စွပ်ကိုပြလေ၏။ ထိုအခါကျမှပင် ဒယ်ဒီကြီး၏ မျက်နှာသည်ရွှင်ပြသွားလေတော့၏။

“ကောင်းကွာ. . .၊ အချုပ်ထဲရောက်သွားတာတောင် စိန်လက်စွပ်ဝတ်ပြီးပြန်လာခဲ့တယ်၊ မာသာကတော့ အတော့်ကိုထူးခြားတဲ့မိန်းမပါပဲ”


BURMESE CLASSIC .com

www.burmeseclassic.com


ဟု လည်း ပြောလိုက်လေ၏။

ထိုနေ့မှစ၍ညိုမသည် မေရီလူးမှာခဲ့သော လုပ်ငန်းများကို စတင်လုပ်ကိုင်လေတော့၏။ လက် နှိပ်စက်တစ်လုံးဝယ်ယူကာ ကုမ္ပဏီထူထောင်ခြင်းနှင့်ပတ်သက်၍ စီမံမှုစကင်းတစ်ခုကို စတင်ပြုစုလေ၏။ လုပ်ငန်းများကိုလည်းတစ်ခုချင်းခွဲခြား၍ မည်သို့ မည်ပုံလုပ်ကိုင်ရမည်ကို ပလန်များရေးဆွဲလေတော့၏။ ညိုမသည် လုပ်ငန်းကြီးတစ်ခုလုံး၏ ပုံစံကိုရေးဆွဲသကဲ့သို့လုပ်ငန်းတစ်ခုချင်း၏ ပုံစံကိုလည်း တစ်ခုချင်းရေးဆွဲကာ လက်နှိပ်စက်များရိုက်ထား၏။ ကုမ္ပဏီထူထောင်မှုအတွက် ကုန်ကျမည့်ငွေကိုလည်း စာရင်းပြုစု၍ထား၏။

ညိုမအနေနှင့် လုပ်ငန်းများနှင့်ပတ်သက် ၍ ပလန်ရေးဆွဲပုံမှာ လွန်စွာမှအချိုးကျ၏။ လုပ်ဆောင်ရမည့် လုပ်ငန်းကြီးတစ်ခုလုံးအား အကြမ်းအားဖြင့် အပိုင်း (၈) ပိုင်း ပိုင်းထား၏။ ပထမပိုင်းမှာ လုပ်ငန်းနှင့်ပတ်သက်၍သိထားရမည့် အချက်အလက်များအပိုင်းဖြစ်၏။ ဒုတိယပိုင်းမှာလုပ်ငန်း၏ အသက်ဟုဆိုအပ်သော အရှုံးအမြတ်နှင့်ပတ်သက်၍ စီစဉ်ထားသောအပိုင်းဖြစ်၏။ တတိယအပိုင်းမှာ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သောအပိုင်းဖြစ်၏။ စတုတ္ထအပိုင်းမှာ အလေအလွင့်များကိုမည်သို့ မည်ပုံအသုံးချရမည့်အပိုင်းဖြစ်၏။ ပဥ္စမပိုင်းမှာ အခြားသော ကုမ္ပဏီများ၊ လုပ်ငန်းများနှင့် ဆက်သွယ်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာအပိုင်းဖြစ်၏။ ဆဋ္ဌမအပိုင်းမှာ ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့်ဆိုင်သောကိစ္စများ၊ ကုမ္ပဏီတွင် အလုပ်လုပ်သောဝန်ထမ်းများ၏ လခစားနှင့်ဆုကြေးငွေများ မည်သို့ မည်ပုံပေးရမည်ကို စနစ်တကျပြုစာထားသော အပိုင်းဖြစ်၏။ သတ္တမပိုင်းမှာ ကုမ္ပဏီ၏ အနာဂတ်မျှော်မှန်းချက်နှင့် အကျိုးဖြစ်


BURMESE CLASSIC .com

www.burmeseclassic.com


ထွန်းမှုများ၊ တိုးချက်လုပ်ကိုင်ရမည့် လုပ်ငန်းခွဲများနှင့်ပတ်သက်သော ပလန်းများကို ဖော်ပြ ထား၏။ အဌမအပိုင်းမှာ ကုမ္ပဏီ၌ အကယ်၍ အရှုံးပေါ်ခဲ့သော်၊ မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့သော်၊ မည်သို့ မည်ပုံ လုပ်ကိုင်ရမည်ကို ဖော်ပြထားသော ဒုတိယ ပလန်(သို့မဟုတ်) အစားထိုး ပလန်(သို့မဟုတ်) လျှို့ဝှက်ပလန်အကြောင်း အသေးစိတ်ရေးဆွဲထားခြင်း ဖြစ်၏။

ညိုမသည် ထိုပလန်များကို စာကြမ်းရေးဆွဲပြီးနောက် လက်နှိပ်စက်များရိုက်၏။ ဖိုင်များတွဲ၏။ ကုမ္ပဏီတွင်ခန့်အပ်ရမည့် လူများ၏ ဖွဲ့စည်းပုံဇယားကိုလည်း ရေးဆွဲထား၏။ လစာများလည်း ဖော်ပြထား၏။ ခန့်အပ်မည့်သူများ၌ ရှိရမည့်အရည်အချင်းနှင့်တကွ မည်သို့ မည်ပုံစစ်ဆေးရွေးချယ်ရမည်ကိုပင် ရေးသားထား၏။ ထိုအပြင် လုပ်ငန်းကြီးအတွက် အသုံးပြုမည့်ဘဏ်နှင့်ထိုဘဏ်၏ စနစ်ဇယားများ ကို ရေးဆွဲ၍ မိမိလုပ်ငန်းနှင့်ဘဏ်စနစ် ညှိနှိုင်း လုပ်ကိုင်ရမည့် စနစ်များကိုလည်း သူ၏ ပလန်၌ ဖော်ပြထား၏။ ထိုအထဲတွင် အသုံးပြုမည့် စာချုပ်စာတမ်းများနှင့် ရုံးသုံးပုံစံများအကြောင်းကိုလည်း ပြည့်စုံစွာရေးသားထား၏။ အလုံးစုံပြီးသောအခါ၌ ထိုပလန်ကြီး တစ်ခုလုံးကို အင်္ဂလိပ်ဘာသာပြန်ဆို၍ လက်နှိပ်စက်ဖြင့် စာချောများရိုက်ကာ စာအုပ်ချုပ်ထားလေ၏။ တစ်စုံတစ်ယောက်သောသူသည် ညိုမရေးဆွဲထားသောပလန်ကိုရရှိလျှင် ကုမ္ပဏီကြီးတစ်ခုကို ပင်ပန်းခက်ခဲခြင်းမရှိဘဲတည်ထောင်နိုင်မည်ဖြစ်၏။

ညိုမသည် ပလန်ကြီးရေးဆွဲနေစဉ်အတွင်း ၌လည်း မေရီလူးရှိရာ ရဲစခန်းသို့သွားကာ ထမင်း၊ ဟင်းများပို့လေ၏။ အဝတ်လျှော်သော ဒိုဘီကုလားမတစ်ဦးကိုခေါ်၍ မေရီလူး၏ အဝတ်အစားများကို မှန်မှန်လျှော်


BURMESE CLASSIC .com

www.burmeseclassic.com


ပေးရန်၊ မီးပူတိုက်ပေးရန် စီစဉ်ရလေ၏။ ညိုမသည်နယ်များသို့ဆင်းကာ ကုန်ပစ္စည်းဈေးနှုန်း များနှင့်တကွ ကုန်ပစ္စည်းများအကြောင်းကို လေ့လာလေ၏။ ထို့အပြင် သစ်လုပ်ငန်းနှင့် ပတ်သက်၍လည်း အသေးစိတ် လေ့လာခဲ့၏။ အိမ်ထောင်ပရိဘောဂများ လုပ်ရန်အတွက် နိုင်ငံခြားမှ လက်မှုပညာမဂ္ဂဇင်းစာအုပ်များ၊ ကာပင်တာခေါ် လက်သမား မဂ္ဂဇင်းစာအုပ်များ မှာယူ၍ဖတ်ရှုလေ၏။

တစ်နေ့တွင် မေရီလူးသည် ညိုမအိမ်သို့ ရောက်လာလေ၏။ ၎င်းအား ရဲစခန်းမှလိုက်၍ ပို့ခဲ့ ခြင်းဖြစ်၏။ မေရီလူးသည် ညိုမတို့အိမ်၌ပင် နံနက်စာကိုစားခဲ့၏။ ညိုမသည် မေရီလူးအား၎င်းရေးဆွဲထားသော ကုမ္ပဏီ လုပ်ငန်းပလန်ကို ပေးလိုက်လေ၏။

မေရီလူးသည် ညိုမ၏ပလန်ကြီးကို တနေကုန်ဖတ်နေ၏။ ဖတ်ရင်းနှင့်ပင် တပြုံးပြုံးဖြစ်နေ၏။ ညိုမကိုလည်း မကြာခဏ ချီးမွမ်းနေ၏။ ညနေပိုင်းသို့ရောက်သောအခါ၌ အလုံးစုံဖတ်၍ပြီးသွားပြီ ဖြစ်၏။ ထိုအခါ၌ မေရီလူးက. . .

"ညို့မ(ညိုမ) နင်သိပ်ပြီးတော်တာပဲ၊ ပြန်ပြီးမေးစရာတောင်မလိုဘူး၊ ဒီစာအုပ်ရှိရင် ကုမ္ပဏီ တစ်ခု အချိန်မရွေးထောင်လို့ရတယ်၊ အဲဒီတော့ ငါ့အနေနဲ့ငွေမှာပြီး ဘဏ်တစ်ခုမှာ သွင်းပေးမယ်။ အဲဒီ ငွေကို ညို့မ (ညိုမ) ကြိုက်သလိုသုံးပါ"ဟု ပြောလေ၏။ ညိုမလည်း ကုမ္ပဏီအမည်ကို "နဂါးနှစ်ကောင်"ဟုအမည်တပ်လေ၏။ ကုမ္ပဏီပိုင်ရှင်၏ အမည်မှာလည်း ညိုမ၏ အမည်ပင်ဖြစ်၏။

ညိုမသည် မေရီလူးထံမှ ငွေများကို ဘဏ်မှထုတ်ယူပြီးနောက် အဆောက်အဦး မော်တော်ကား၊ တယ်လီဖုန်းစသည်တို့ကိုဝယ်ယူ၍


BURMESE CLASSIC .com

www.burmeseclassic.com

သက်ဆိုင်ရာမှ ခွင့်ပြုချက်ကိုတောင်းပြီးလျှင် ကုမ္ပဏီဆိုင်းဘုတ်ကို တင်လိုက်လေတော့၏။ ထို့နောက် သတင်းစာမှ ဝန်ထမ်းများခေါ်ယူကာ ရွေးချယ်စိစစ်၍အလုပ်များခန့်ရလေတော့၏။

ထို့အပြင် ရန်ကုန်မြို့အစွန်တိုးကြောင်ကလေးဘက်တွင် သုံးဧကခန့်ကျယ်သော မြေကွက်ကိုဝယ်ယူ၍ ပစ္စည်းများသို လှောင်ရန် ဂိုဒေါင်များ ဆောက်ရလေတော့၏။ ဂိုဒေါင်မှူးများ၊ ကုန်ချိန်စာ ရေးများ၊ ထုပ်ပိုးထမ်းပိုးလုပ်သားများ၊ အစောင့်များ ခန့်ထားရလေတော့၏။

အလုံးစုံပြီးသောအခါ၌ကုမ္ပဏီသည် စတင်လှုပ်ရှားလေတော့၏။ အလုပ်လုပ်ရင်း ငွေလိုသောအခါ၌ မေရီလူးထံ အကြောင်းကြားလိုက်သောအခါ မေရီလူးသည် ဘဏ်သို့ငွေသွင်းပေးလေ၏။ ညိုမမှာ သူ့လက်သူ့ခြေဆိုသလို လွတ်လွတ်လပ်လပ် တွင်တွင်ကျယ်ကျယ်လုပ်လိုက်သောအခါ ကိုးလအတွင်း၌ပင် နဂါးနှစ်ကောင်ကုမ္ပဏီသည် အမြတ်အစွန်းများစွာရရှိလေတော့၏။

မေရီလူးသည် အချိန်ရသောကြောင့် ညိုမနှင့်စကားများစွာ ပြောဖြစ်လေ၏။ ညိုမရေးသားထားသော ကုမ္ပဏီ၏ အဋ္ဌမပိုင်းတွင်ပါသည့် အနာဂတ်တွင် တိုးချဲ့လုပ်ကိုင်ရမည့် လုပ်ငန်းများအ ကြောင်းကို ဆွေးနွေး ပြောဆိုကြလေ၏။ ထိုအခါ ညိုမက-

"ဒီလိုမေရီရဲ့. . .၊ ကလေးကစားတဲ့ ဂျင်လေးကို မြေကြီးပေါ် ပေါက်လိုက်တဲ့ အခါမှာ ဂျင်လေးဟာ မြေကြီးပေါ်မှာထောင်ပြီး ငြိမ်နေတယ်။ အမှန်က ငြိမ်နေတာမဟုတ်ဘူး။ မွှတ်အောင်လည်နေလို့ မြေပေါ်မှာထောင်ပြီး ငြိမ်နေတယ်လို့ ထင်ရတာ. . .။လည်တဲ့အရှိန်လေး လျော့သွားတာနဲ့ ယိုင်ပြီးလဲကျသွားတာ. . .၊ အဲဒီတော့ ဂျင်လေးထောင်


BURMESE CLASSIC .com

www.burmeseclassic.com


ပြီးနေဖို့ဆိုရင် မွတ်နေအောင်လည်ပြီး လှုပ်ရှားရမှာပဲ၊ မေရီနဲ့တို့ဟာ ကုမ္ပဏီထောင်ထားတယ်၊ တစ်နည်း ပြောရရင် တို့ဟာစီးပွားရေးလုပ်နေကြတယ်၊ အဲဒီတော့တို့ဟာ ငြိမ်နေလို့တော့မရဘူး၊ အစဉ်သဖြင့် လှုပ်ရှားနေမှ ဖြစ်မှာ . . .၊ အဲ ဒီတော့ ဆောင်ပုဒ်တစ်ခုထားမယ်. . .၊*ငြိမ် လျှက် လှုပ်ရှား. . .*" ဟုပြောလိုက်ရာ မေရီလူးက-

ညို့မ. . .၊ မင်းပြောတာ သိပ်ဟုတ်တာပဲ. . .၊ တို့လုပ်ငန်းမှာ အနာဂတ်အတွက် ဘာတွေလုပ်ရမယ်ဆိုတာလည်းပြောပါ. . ." ဟု မေးပြန်လေ၏။ ထိုအခါ ညိုမက-

"ဒီကမ္ဘာကြီးမှာ စားနပ်ရိက္ခာဟာ အပေါင်းနည်းနဲ့ တိုးတက်နေတယ်. . .၊ လူ ဦးရေဟာ အမြှောက်နည်းနဲ့ တိုးတက်နေတာ၊ အဲဒီတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် စားနပ်ရိက္ခာဟာ လိုလောက်တာရယ်၊ ရှားပါးတာရယ်နှစ်မျိုးပဲဖြစ်နိုင်တယ်၊ ပေါများတာမဖြစ်နိုင်ဘူး၊ ပြီးတော့ လူတွေဟာ အလုပ်များလာပြီ၊ အရင်တုန်းကလို မိသာစုငါးယောက်ရှိတဲ့အိမ်မှာ လူတစ်ယောက်က အလုပ်လုပ်ကျန်တဲ့လူတွေက ထိုင်စားတဲ့ ခေတ်မဟုတ်တော့ဘူး၊ အားလုံးအလုပ်လုပ်ရမယ်၊ ဈေးဝယ်သွားတဲ့ အိမ်ရှင်မတစ်ယောက်ခြင်းတောင်းကို လက်မှာချိတ်ပြီး ဈေးထဲပတ်နေဖို့ အချိန်မပေးနိုင်တော့ဘူး၊ လိုချင်တဲ့သား၊ ငါးကိုလိုချင်တဲ့ အချိန်မှာရဖို့ တဖြည်းဖြည်းလိုအပ်မှာပဲ၊ အဲဒီလိုအပ်ချက်ဟာ စည်သွပ်ဘူးလုပ်ငန်းဆိုတာ မပါရင် မဖြစ်တော့ဘူး၊ အဲဒီတော့ စည်သွပ်ဘူး လုပ်ငန်းအတွက် အခုကထဲက တာဆူထားဖို့လိုလိမ့်မယ်. . ." ဟု ပြောလိုက်လျှင် မေရီလူးက ကုမ္ပဏီ၏ အနာဂတ်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ညိုမအား တိုက်တွန်းခဲ့လေ၏။ ညို မသည် ထိုနှစ်ကုန်သည်နှင့် တပြိုင်နက်


BURMESE CLASSIC .com

အ လုပ်သမားများအား ကုမ္ပဏီ၏ အမြတ်အစွန်းမှ ဘောနစ်ဟုခေါ်သော ဆုကြေးငွေများထုတ်ပေးလိုက်လေတော့၏။

ညိုမသည် အလုပ်များကို တွင် တွင်ကျယ်ကျယ်လုပ်လေ၏။ ကြိုးကြိုးစားစားလည်းလုပ်၏။ နဂါးနှစ်ကောင် ကုမ္ပဏီသည် ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင် ဖွင့်လှစ်သော ကုမ္ပဏီဖြစ်၏။ ညိုမသည် ကုမ္ပဏီ၏ လိုအပ်ချက်များ ပြုပြင်ရန်ရှိသည်များ၊ အစားထိုးရန်ရှိသည်များကို ဇန်နဝါရီ (၁)ရက်နေ့မှ ဖေဖော်ဝါရီ (၂၃)ရက်အတွင်း အပြီးလုပ်ပေး၏။ ထိုကာလ ကိုကုမ္ပဏီ၏ပြန်လည်တည်ဆောက်ကာလဟု သတ်မှတ်ထား၏။ထို့နောက် ဖေဖော်ဝါရီလ(၂၄)ရက်မှဧပြီလ(၁၄)ရက် သင်္ကြန်ကျသည်အထိ အလုပ် လုပ်သောနှုန်းကို မြှင့် တင်လိုက်၏။ ဝယ်စရာရှိသည်များ၊ တင်စရာရှိသည် များကိုတွင်တွင်ကျယ်ကျယ်ကြီး ဆောင်ရွက်လိုက်၏။ ညိုမက ထိုကာလကို လှုပ်ရှားသောကာလဟုအမည်ပေးထား၏။ ဧပြီလ (၁၅)ရက်မှ ဇွန်လ(၆) ရက်အတွင်း မိမိတို့လုပ်ငန်းနှင့်ဆက်သွယ်နေသော အခြားလုပ်ငန်းရှင် များမှ ရစရာရှိသောကြွေးကို တောင်းခြင်း၊ နှိုးဆော်စာများပို့ခြင်း၊ တစ်ခါ တည်း အဆက်ဖြတ်ပစ်ရမည့် ကုန်သည် များအား အဆက်ဖြတ်ပစ်ခြင်း၊ အရေးယူရမည့် ဝန်ထမ်းများအား အရေးယူခြင်း၊ ထုတ်ပစ်ရမည့်သူများ အား ထုတ်ပယ်ခြင်း စသည့်လူမုန်းများမည့် လုပ်ငန်းများအား ထိုကာလ အတွင်း လုပ်ကိုင်လေ၏။ ထိုကာလ ကို ညိုမက အမုန်းခံကာလဟု အမည် ပေးထား၏။ ထို့နောက် ဇွန်လ(၆)ရက်မှ ဇူလိုင် (၂၈)ရက်အတွင်း မိမိ၏ ဝန်ထမ်းများ၊ မိမိ၏ ကိုယ်စားလှယ်များ၊ မိမိနှင့်သက်ဆိုင်သော ကုန်သည် များနှင့်တွေ့ကာ လုပ်ငန်းနှင့်သက်ဆိုင်သော အကြံဉာဏ်များကို တောင်း ၏။ ထိုကာလတွင် ကုမ္ပဏီ၏ပစ္စည်းစာရင်းများ၊ ငွေစာရင်းများကို စစ်ဆေး


BURMESE CLASSIC .com

www.burmeseclassic.com


၍ နှစ်ကုန်သည့်အခါ၌ မိမိကုမ္ပဏီသည် မည်သည့်လုပ်ငန်း၌ မည်မျှ မြတ်မည်။ မည်သည့်လုပ်ငန်းတွင် မည်မျှအရှုံးပေါ်နိုင်သည်ကို အဖြေထုတ်လေတော့၏။ အရှုံးပေါ်မည့် လုပ်ငန်းများကို အားလျှော့၍ အမြတ်ပေါ်မည့်လုပ်ငန်းများကိုအား ထည့်လေတော့၏။ စက်တင်ဘာလ (၂၀)မှ နိုဝင်ဘာလ (၁၂)ရက်အတွင်း မိမိဝန်ထမ်းများအား အလှည့်ကျ မြန်မာပြည်အရပ်ရပ်သို့ ဘုရားဖူးပို့ခြင်း၊ မိမိနှင့် ဆက်သွယ်သော ကုန်သည်များ၊ ကိုယ်စားလှယ်များထံသို့ လက်ဆောင်ပို့ခြင်းများ ပြုလုပ်လေတော့၏။ နိုဝင်ဘာလ(၁၂)ရက်မှ ဒီ ဇင်ဘာ(၃၁)ရက်အတွင်း မဖြစ်မနေလုပ်ရမည့် အလုပ်များသာလုပ်၍ ကျန်သော အလုပ်များကို ရပ်ဆိုင်းကာ အနာဂတ်နှစ်အတွက်ပို၍ ကောင်းအောင်စီမံရလေတော့ ၏။ ထိုကာလကို ညိုမက ရှေ့ကိုအများကြီး လုပ်နိုင်ဖို့ ယခုနည်းနည်းရပ်နားခြင်းဟု အမည်ပေးထားလေ၏။

ညိုမသည် ဤသို့နှင့်ကြိုးစားလုပ်ကိုင်ခဲ့ရာ နဂါးနှစ်ကောင် ကုမ္ပဏီကြီးသည် အောင်မြင်သော အခြေအနေသို့ ရောက်ရှိသွားလေတော့သတည်း။ ။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၅ )

**အဇေမ မတကကယ်ါ**

ညိုမအား ရဲစခန်းမှ ခေါ်ထားစဉ်အတွင်းသာဂေါင်ကြီးသည် သေဆုံးသူ ဒေါ်သိန်းကြွယ်၏ တူမဆိုသူနေထိုင်ရာ မှော်ဝန်းကျောက်တန်းတောပိုင်းဆီသို့ လိုက်သွားလေ၏။ အမှန်စင်စစ်အားဖြင့် ထိုမိန်းကလေးမှာ ဒေါ်သိန်းကြွယ်၏တူမမဟုတ်ပေ။ ဒေါ်သိန်းကြွယ်၏ အိမ်တွင် ဒေါ်သိန်းကြွယ်၏အဖော်အဖြစ်လည်းကောင်း၊ လက်တိုလက်တောင်းခိုင်းရန်အတွက်လည်းကောင်း ခေါ်ယူထားသော မိန်းကလေးဖြစ်၏။ ထိုမိန်းကလေး၏ အမည်အရင်းမှာ မိမိုးဟူ၍ဖြစ်၏။ မိမိုးသည် ဒေါ်သိန်းကြွယ်၏အိမ်နှင့် နှစ်အိမ်ကျော်တွင်နေထိုင်သော မမြလေးဆိုသူမိန်းမနှင့်



BURMESE CLASSIC .com

www.burmeseclassic.com


လွန်စွာရင်းနှီး၏။ မမြလေးကိုလည်း မိမိုးက လွန်စွာအထင်ကြီး၏။ မမြလေး၏ ဝတ်ပုံ၊ စားပုံ၊ သုံးပုံ၊ စွဲပုံကို လွန်စွာအားကျ၏။ အမှန်စင်စစ် မမြလေးသည် ငွေကြေးအနည်းငယ် ချောင်သူတစ်ဦး၏ မယားငယ်မျှသာ ဖြစ်၏။ မိမိုးသည် မမြလေးခိုင်းသမျှကို အစဉ်သဖြင့်လုပ်ကိုင်ပေး၏။ မမြလေးသည် သူဝတ်ပြီးသော အဝတ်အထည် အဟောင်းများကို လည်းကောင်း၊ မုန့်ဖိုးများကိုလည်းကောင်း ပိုပိုသာသာပေးတတ်၏။

ထို့အပြင် မမြလေးက မိမိုးအား သူကဲ့သို့ သူဌေးတစ်ဦး၏ မယားငယ်ဖြစ်စေရန် သိမ်းသွင်းနေ၏။ မိမိုးကလည်း ထိုသို့ပြုလုပ်ရန် စိတ်ပါနေပြီဖြစ်၏။ မမြလေးသည် မိမိုးနှင့်သာ အဆက်အသွယ်ရှိသည် မဟုတ်၊ ဒေါ်သိန်းကြွယ်ကြီး၏ သားနှင့်လည်းအဆက်အသွယ်ရှိ၏။ ဒေါ်သိန်းကြွယ်ကြီး၏သားမှာ အများသူငါက ငတေဟုခေါ်သော်လည်း အမည်ရင်းမှာ မောင်သန်းဟူ၍ဖြစ်၏။ မောင်သန်းသည် မကြာ ခဏဆို သလို ညဥ့်နက်သန်းခေါင်တွင် မမြလေးအိမ်သို့ရောက်လာပြီး မမြလေးနှင့် အတူအိပ်လေ့ရှိ၏။ မိုးမလင်းခင် ပတ်ဝန်းကျင်မှလူများ မနိုးမီ၌ ပြန်၍ ထွက်သွားတတ်၏။ တစ်ခါတရံ၌ မောင်သန်းသည် မမြလေးအိမ်သို့ရောက် လာပြီးလျှင် မိမိုးအားခေါ်ယူတွေ့ဆုံလေ၏။ သုံးစွဲရန်ငွေများလည်း ပေး လေ့ရှိ၏။ အတည့်ဆိုရပါမူ ဒေါ်သိန်းကြွယ်ကြီး၏သား လူဆိုးငတေ ခေါ် မောင်သန်းနှင့် ဒေါ်သိန်းကြွယ်ကြီး၏ အိမ်ဖော် မိမိုးတို့သည် တိတ်တိတ် ပုန်းညားနေသည်ဟု ဆိုရမည်ဖြစ်၏။

အထက်ဖော်ပြခဲ့သော အချက်များသည် ဒေါ်သိန်းကြွယ် အသတ်ခံရမှုနှင့်ပတ်သက်၍ လွန်စွာအရေးကြီးသောအချက်များဖြစ်၏။ မောင်သန်းသည် အိမ်တစ်အိမ်ကို ဓားပြတိုက်ရာ၌ စိန်ထုပ်တစ်ထုပ်ကို


BURMESE CLASSIC .com

www.burmeseclassic.com


ရခဲ့၏။ လူသတ်မှုလည်း ကျူးလွန်ခဲ့၏။ ထိုစိန်ထုပ်ကို ဒေါ်သိန်းကြွယ်၏ အိမ်အပေါ်ထပ် သေတ္တာအလွတ်တစ်လုံးထဲတွင်ထည့်ထားခဲ့၏။ ထိုအမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ အပူတပြင်းစုံစမ်းရာအမှုသည် ပေါ်လုနီးနီးအခြေအနေသို့ရောက်လာ၏။ ထိုအခါ၌ မောင်သန်းသည် မမြလေးအိမ်သို့ တိတ်တဆိတ်လာပြီးလျှင် မိမိုးနှင့်ခိုး၍တွေ့၏။ ထိုသို့တွေ့ပြီးလျှင် မိမိုးအား တောသို့ပြန်ခိုင်း၏။ မိမိုးပြန်သွားလျှင် မောင်သန်းက နောက်မှလိုက်သွား၏။ ထို့နောက် ထိုရွာ၌လူကြီးအချို့၊ ကာလသားအချို့ကို လက်ဖက်ရည်နှင့် မုန့်တိုက်ကျွေးကာ အကျဉ်းရုံးလက်ထပ်ခဲ့လေ၏။

မောင်သန်းသည် ထိုရွာ၌ပင် မိမိုးနှင့်ပေါင်း၍ ခိုအောင်းနေလေ၏။ အချိန်ကာလ အတန်ငယ်ကြာသောအခါ၌ မောင်သန်းက မိမိုးအား စိန်ထုပ်ဝှက်ထားရာကို ညွှန်ပြ၍ စိန်ထုပ်ကို ယူခိုင်းလိုက်လေ၏။ မိမိုးသည် စိန်ထုပ်ကိုယူရန် ပြန်လာခဲ့လေ၏။ သို့သော် စိန်ထုပ်ကို မယူသေးဘဲ မမြလေး၏ အိမ်သို့ဝင်၍ အကျိုးအကြောင်းကို ပြောပြ၏။ ထိုအခါ မမြလေးက-

"ဟဲ့. . . မိမိုး ငါပေးတဲ့ အကြံအတိုင်း မင်းလုပ်၊ ဒီတစ်သက်ချမ်းသာပြီ၊ ဘယ်လိုလုပ်ရမလဲဆိုတော့ ဒေါ်သိန်းကြွယ်ကြီးရဲ့အလစ်မှာ အိမ်ထဲကိုဝင်၊ ခြေသံမကြားအောင် အပေါ်ထပ်ကိုတက်ပြီး စိန်ထုပ်ကိုယူပြီး အဲဒီအိမ်ထဲက ပြန်ထွက်လာခဲ့၊ ညည်းက ရွာကိုပြန်သွား၊ ပြီးတော့ ညည်းလင် မောင်သန်းကို စိန်ထုပ်မတွေ့ဘူးလို့ပြောလိုက်၊ အဲဒီအခါမှာ မောင် သန်းက သူ့ဟာသူ ယူမယ်ဆိုပြီး ရန်ကုန်ကို တက်လာလိမ့်မယ်၊ အဲဒီအခါမှာ ငါက တယ်လီဖုန်းနဲ့ ရဲကို သတင်းပေးလိုက်မယ်၊ အဲဒီတော့ မောင်သန်း'ကွိ'ရော၊ ဓားပြမှုအပြင် လူသတ်မှုပါ ပါတယ်ဆိုတော့ ဒီကောင်ပြန်ထွက်လာဖို့ မ


BURMESE CLASSIC .com

လွယ်တော့ဘူး၊ အဲဒီတော့မှညည်းက စိန်ထုပ်ကြီး ဖင်ခုထိုင်ပြီး သူဌေးမကြီး စိန်မိုးမိုးလုပ်ပေတော့. . .” ဟု ပိုးစိုးပက်စက်နိုင်လှသော အကြံကိုပေး လေ၏။ မိမိုးလည်း လွန်စွာသဘောကျခဲ့၏။ ထို့ကြောင့် အခင်းဖြစ်ပွားခဲ့ သောနေ့က ဒေါ်သိန်းကြွယ်၏အိမ်သို့ဝင်ရန် ချောင်းနေစဉ်အတွင်း၌ ညိုမြ က အိမ်ဝယ်ရန် ရောက်လာခဲ့လေ၏။ မိမိုးသည် ညိုမြ ပြန်သွားသောအခါ၌ ဒေါ်သိန်းကြွယ်၏ အိမ်သို့ ဝင်ရန်ကြံပြန်၏။ ထိုအခါ ဒေါ်သိန်းကြွယ်သည် ဝပ်ရှော့မှ လူငယ်နှစ်ဦးနှင့် စကားရပ်၍ ပြောနေသောကြောင့် ဝင်၍ မရဘဲ ရှိပြန်လေ၏။ ထိုလူငယ်နှစ်ဦး ထွက်သွားသောအခါကျမှပင် မိမိုးသည် ဒေါ်သိန်းကြွယ်၏ အိမ်နောက်သို့ဝင်သွားသောအချိန်၌ အိမ်တွင်းသို့ ခြေသံမကြားအောင်ဝင်ခဲ့၏။ ထို့နောက် အပေါ်ထပ်သို့ တက်ခဲ့လေ၏။ ထိုအခါ၌ မမြလေး သည် အိမ်အတွင်းသို့ဝင်လာပြီးလျှင် ဒေါ်သိန်းကြွယ် ရှိရာ မီးဖိုဆီသို့ပင်လိုက်၍လာပြီးလျှင် စကားမရှိ၊ စကားရှာကာ ‘အဒေါ် ဘာချက်လဲ’ဟု မေးလေ၏။ ဒေါ်သိန်းကြွယ်ကလည်းဘာမှမချက်ကြောင်း၊ ဆိုင်မှာဝယ်၍ စားမည်ဖြစ်ကြောင်းပြောလေ၏။

မမြလေးသည် ဒေါ်သိန်းကြွယ်အား စကားမရှိ စကားရှာကာ ဆက်တိုက်ပြောနေ၏။ မမြလေးမှာ မိမိုးစိန်ထုပ်ရှာရန်အတွက်လည်း ကောင်း၊ ပြန်၍ ထွက်သွားနိုင်ရန်အတွက်လည်းကောင်း၊ အချိန်ရစေ ရန် ဒေါ်သိန်းကြွယ်အား စကားများဆက်တိုက်ပြောနေခြင်းဖြစ်၏။ ထိုအချိန်၌ အပေါ်ထပ်တွင်ရှိသော မိမိုးသည် စိန်ထုပ်ကိုရပြီး ပြန်အထတွင် သေတ္တာ တစ်လုံးပေါ်တွင် တင်ထားသော ဖန်ခွက်ကိုလက်ဖြင့် တိုက်မိသောကြောင့် ‘ဂွမ်း’ကနဲကျကွဲလေ၏။ အပေါ် ထပ်အခင်းမှာ ကြမ်းခင်းဖြစ်သောကြောင့် လွန်စွာကျယ်လောင်၍သွား၏။ ဒေါ်သိန်းကြွယ်သည်-



BURMESE CLASSIC .com

www.burmeseclassic.com


"အပေါ်ထပ်က ဖန်ခွက်တွေ ကြောင်တိုး ကုန်ပြီထင်တယ်. . ." ဟုဆိုကာ အပေါ်ထပ်သို့ ကပျာကသီတက်လေ၏။ အပေါ်ထပ်သို့ရောက်လျှင် မိမိုးနှင့်ပက်ပင်းတိုးလေတော့၏။ ဒေါ်သိန်းကြွယ်သည် မိမိုးကို မြင်လျှင်-

"ဟင်. . . ကြည့်စမ်း မိမိုး၊ ငါမသိ အောင် ငါ့အိမ်ပေါ်ရောက်နေတယ်. . . ဟုတ် လား၊ လက်ထဲကအထုပ်က ဘာလဲ၊ ပေးစမ်း" ဟု ဆိုကာ လက်ထဲကစိန်ထုပ်ကို ဆောင့်၍ဆွဲလိုက်ရာ စိန်ထုပ်သည် ပြေ၍ ကြမ်းပြင်ပေါ်သို့ ဝေါကနဲကျကာ စိန်များ ပြန့်ကျဲသွားလေတော့၏။ မိမိုးလည်း ကြံရာမရဖြစ်ကာ ဒေါ်သိန်းကြွယ်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ပြေး၍ညှစ်လေတော့၏။ နှစ်ယောက်သားလုံးထွေး၍ နေသောကြောင့် 'တဝုန်းဝုန်း' မြည်၍နေ၏။ မမြလေးလည်း မနေသာတော့ဘဲ အိမ်ပေါ်ထပ်သို့ပြေး၍ တက်သွားလေတော့၏။ မိမိုးနှင့် ဒေါ်သိန်းကြွယ်လုံးထွေးနေသည်ကိုမြင်လျှင် မမြလေးသည် ဒေါ်သိန်းကြွယ်၏လည်ပင်းကို ကူညီ၍ ညှစ်ပြန်၏။ နှာခေါင်းနှင့်ပါးစပ်တို့ကို အနီးရှိအဝတ်ကိုယူပြီး ပိတ်ဆို့၏။ နောက်ဆုံးတွင် ဒေါ် သိန်းကြွယ်ကြီးသည် ပျော့ခွေကျ၍ သေဆုံးသွားလေတော့၏။ မိမိုးသည် ဒေါ်သိန်းကြွယ်ကိုကြည့်ကာ မမြလေးအား-

"ဘယ်လိုလဲ အစ်မ" ဟု လှမ်း၍မေးလိုက်လေ၏။မမြလေး က-

"သေပြီ. . ." ဟု ပြန်၍ ဖြေလိုက်လေ၏။

"သေတော့ ဘယ်လိုလုပ်ကြ မတုံး. . ." ဟု မိမိုးကမေးရာ မမြလေးက-

"ဘယ်လိုမှ လုပ်စရာမလိုဘူး. . .၊ တို့နှစ်ယောက် လူမမြင်အောင်ထွက်ပြီး ဣန္ဒြေရရနေလိုက်ရုံပဲ၊ ဒီမိန်းမကြီး သေတဲ့အမှုဟာ

www.burmeseclassic.com


ဟိုညိုမဆိုတဲ့ ကောင်မပေါ်ပတ်သွားလိမ့်မယ်၊ ပြီးတော့ စိန်ထုပ်ကို ငါ့ဆီမှာ အပ်ထားပြီး ရွာကိုချက်ချင်းပြန်ပေတော့၊ ညည်းလင်ကိုတော့ စိန်ထုပ် မတွေ့ဘူးလို့ ပြောလိုက်ရုံပဲ. . . ” ဟု ပြောလေ၏။ မိမိုးလည်း စိန်ထုပ်ကို မမြလေး၏လက်သို့အပ်ကာ ရွာသို့ချက်ချင်းပြန်လေတော့၏။

အထက်ပါ အဖြစ်အပျက်များသည် ညိုမအပေါ်၌ အမှုပတ်ခဲ့သောအကြောင်းအရာများဖြစ်၏။ ရဲစခန်းမှလည်း ညိုမအား ဒေါ်သိန်းကြွယ်သတ်မှုဖြင့် ဖမ်းဆီးထားခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ညိုမ၏တပည့် သာဂေါင်ကြီးသည် မိမိုး၏ရွာကိုစုံစမ်း၍ ရွာသို့ လိုက်သွား၏။ ထို့နောက် မိမိုး၏ယောကျ်ားဖြစ်နေပြီဖြစ်သော မောင်သန်း (ခေါ်)ငတေနှင့် တိတ်တဆိတ်တွေ့ဆုံခဲ့၏။ ငတေ၏မိခင် ဒေါ်သိန်းကြွယ်ကြီး လည် ပင်းအညှစ်ခံရ၍ သေဆုံးသွားသောအကြောင်းကို ပြောပြ၍ပြန်လာခဲ့လေ၏။ မောင်သန်းသည် စိန်ထုပ်ကိုရှာ၍မတွေ့ဘဲ ပြန်လာသော မိမိုးအပေါ်၌ လည်း သံသယဝင်၍ သွားလေတော့၏။ ထို့ကြောင့် စိန်ထုပ် ဘယ်မှာလဲဟု မရမကမေးလေတော့၏။ မရသည့်အဆုံး၌ ရိုက်နှက်ညှဉ်းပန်း၍မေးလေတော့၏။ ထိုအခါ၌ မိမိုး၏ဆွေမျိုးများက မခံမရပ်နိုင်ဖြစ်ကာ ငတေ(ခေါ်) မောင်သန်းအား ဝိုင်းဝန်းရိုက်နှက်၍ဂတ်သို့ အပ်လိုက်ကြလေတော့၏။

ထိုသို့အပ်လိုက်လျှင် ငတေ(ခေါ်)မောင်သန်း၏ ခါးပြမှု၊ လူသတ်မှုလည်းပေါ်လေ၏။ ငတေ (ခေါ်) မောင်သန်းသည် ၎င်း၏မိခင် သေဆုံးမှုနှင့်ပတ်သက်၍ မိမိုးအား တိုင်တန်းလိုက်ရာ မိမိုးသာမက မိမိုးနှင့်အတူ လူသတ်မှုကျူးလွန်ခဲ့သော မမြလေးကိုပါ စိန်ထုပ်နှင့် ဖမ်းမိလေတော့၏။ ထိုသို့ဖမ်းမိသောအခါကျမှပင် သံသယနှင့် ဖမ်းဆီးထားသော ညိုမအား သက်ဆိုင်ရာမှအိမ်သို့ပြန်ပို့ခဲ့ခြင်း ဖြစ်၏။


BURMESE CLASSIC .com

www.burmeseclassic.com


ညိုမသည် မေရီလူး၏ ငွေပင်ငွေရင်းဖြင့် နဂါးနှစ်ကောင်ကုမ္ပဏီ ထောင်ခဲ့ရာ တစ်နှစ်ခွဲ၊ နှစ် နှစ်အတွင်း၌ပင် နဂါးနှစ်ကောင်ကုမ္ပဏီသည် လွန်စွာမှအောင်မြင်သောအဖြစ်သို့ ရောက်လေတော့၏။ တစ်နေ့တွင် မေရီလူးသည် စက်ာပူမှရောက်လာပြီးလျှင် ညိုမအား-

"ညို့မ ငါ့ခုတစ်ခေါက်လာတာ အရေးကြီး တယ်၊ ငါလက်ထပ် တော့မယ်၊ ပြီးတော့ ကနေဒါကို တစ်ခါတည်း အပြီးသွားနေတော့မယ်၊ နင့်ကို ငါသိပ်ပြီးကျေးဇူးတင်တယ်၊ နင်နဲ့ငါ ရဲစခန်းမှာ အတူနေစဉ်က ငါဟာအတော့်ကို စိတ်ဓာတ်ကျတယ်၊ သတ် ပြီးသေဖို့တောင် စဉ်းစားနေပြီ၊ နင်ကအားပေးခဲ့တယ်၊ နင်ပြောတဲ့ 'လောက်'ပုံပြင်လေးဟာ အလွန်ကြီးမား တဲ့ ကယ်ဆေးပဲ၊ အဲဒီပုံပြင်လေး နားထောင်ပြီးကတည်းက ငါ့ရဲ့ဘဝဟာ ရှင်သန်နိုးကြားလာတယ်၊ အဲဒါတွေ ဟာ နင့်ကျေးဇူးတွေပဲ၊ အဲဒါကြောင့် ဟောဒီကုမ္ပဏီ ကြီးကို နင်တစ်ယောက်ထဲပိုင်အဖြစ် လွှဲပေးလိုက်ပြီ။ ဒီမှာ စာချုပ်စာတမ်းတွေယူလာတယ်၊ ငါ လက်မှတ်ထိုးထားတယ်. . . " ဟုဆို ကာ စာချုပ်စာတမ်းများကို ကုမ္ပဏီအလုပ်သမားများရှေ့တွင် အခမ်း အနားနှင့်လွှဲအပ်လိုက်လေတော့၏။

"နေစမ်းပါဦး. . . မေရီရယ်၊ ဘယ်ကလူနဲ့ လက်ထပ်တာတုံး၊ ဘယ်ကတုံး. . . " ဟု ညိုမက မေးလိုက်ရာ မေရီလူးက-

"ဘယ်ကလူပဲဖြစ်ဖြစ်၊ ဘယ်လိုယောကျ်ားမျိုးပဲဖြစ်ဖြစ် ငါတို့နှစ်ယောက်တွေ့ခဲ့တဲ့ ကျော်ကျော် ထက်တော့ ကောင်းမယ့်လူချည်းပဲ၊ အခု ငါယူမယ့်လူဟာ တရုတ်လူမျိုးပါပဲ၊ ကနေဒါနိုင်ငံသား ခံယူထားတယ်၊ ဟိုမှာလည်း လုပ်ငန်းအကြီးကြီးတွေ ထူထောင်ထားတယ်၊ သူ့နာမည်က လင်ယွန်တန်လို့ခေါ်တယ်၊ လိပ်စာတွေ၊ ဘာတွေ၊ သေသေချာချာ

www.burmeseclassic.com


ပေးသွားမှာပါ၊ အကြောင်းရှိရင်တော့ ဆက်သွယ်ပေါ့. . .” ဟု ပြောလေ၏။ ထို့နောက်တွင်ကား မေရီလူးသည် ညိုမအား အခြားသော လက်ဆောင်များပေးကာ ပြန်သွားလေတော့၏။

ညိုမသည် အိမ်သို့ပြန်ရောက်သောအခါ၌ ဒယ်ဒီကြီးတို့မိသားစုအား ထိုအဖြစ်အပျက်ကို ပြောပြလိုက်ရာ မိသားစုတစ်စုလုံး ပျော်ရွှင်ကြလေ၏။ ဒယ်ဒီကြီးမှာမူ အထူးပြောဖွယ်ရာ မလိုပေ။ လွန်စွာမှ ပျော်ရွှင်ဝမ်းမြောက်နေ၏။ ထို့နောက် ဒယ်ဒီကြီးက-

“မာသာက အခုဆိုရင် နဂါးနှစ်ကောင် ကုမ္ပဏီရဲ့ ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်သွားပြီ၊ အဲဒီတော့ မန်နေဂျာကောင်းကောင်းတစ်ယောက်ခန့်ဖို့လိုမယ်. . .”ဟုပြောလေ၏။

“ဟုတ်ပါတယ် ဒယ်ဒီကြီး၊ ညိုမလည်း စဉ်းစားထားပြီးပါပြီ၊ သာဂေါင်ကြီးဟာ ရှေ့လကုန်ရင် ဥပဒေဘွဲ့ရပြီ၊ သူဘွဲ့ယူပြီးတာနဲ့ ညိုမက သူ့ကို မန်နေဂျာနေရာပေးမှာ. . .”ဟုညိုမက ပြန်၍ပြောလိုက်လျှင် ဒယ်ဒီကြီး က ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။

“မော်တော်ကား တာယာပြင်တဲ့ဆိုင်မှာ တောက်တိုမယ်ရအလုပ်လုပ်နေရတဲ့ မိဘမဲ့ကလေးတစ်ယောက်ဟာ မာသာရဲ့ ပြုစုပျိုးထောင်မှုကြောင့်ပညာတတ်တစ်ယောက်ဖြစ်သွားပြီ၊ ဘယ်လောက် အံ့သြဖို့ကောင်းသလဲ၊ သာဂေါင်ကြီးကကြိုးစားပါတယ်၊ ခက်ခက်တစ်ယောက်ပဲ ဆယ်တန်းမှာ နောက်ကောက်ကျပြီး ရပ်သွားတယ်. . .” ဟု ဒယ်ဒီကြီးက ပြောလိုက်လျှင် ခက်ခက်၏ မျက်နှာလေးသည် ရှုံ့မဲ့၍ သွားလေတော့၏။

“ဘာပဲဖြစ်ဖြစ်၊ သမီးနှစ်ယောက်ကို ပြောချင်တာကတော့ ဟောဒီက မင်းတို့အစ်မ မညိုမကို နမူနာယူရမယ်ကွယ့်၊ သူရဲ့မြင့်မြတ်တဲ့ စိတ်

www.burmeseclassic.com


ဓာတ်ကိုလည်း စံထားရမှာပဲ၊ သူ့ရဲ့လုပ်ရည် ကိုင်ရည်ကိုလည်း စံထားရမှာပဲ. . . ” ဟု သမီးနှစ်ယောက်ကို အားမလို အားမရဖြစ်ကာ ဆုံးမလေ၏။

ညိုမသည် သာဂေါင်ကြီးအား ခေါ်ယူကာ မန်နေဂျာအဖြစ် အစမ်းခန့်ထားလေ၏။ ထိုအတောအတွင်း၌ အလုပ်နှင့်ပတ်သက်၍ သင်ကြားပေးစရာရှိ သည်များကို သင်ကြားပေး၏။ နယ်မှ ကုန်သည်များနှင့်မိတ်ဆက်ပေးစရာရှိသည်များကို မိတ်ဆက်ပေး လေ၏။ သာဂေါင်ကြီးလည်းကြိုးစား၍ လုပ်ကိုင်လေ၏။ သာဂေါင်ကြီးဘွဲ့ရပြီးသောအခါ၌ ညိုမသည် သာဂေါင်ကြီးအား မန်နေဂျာအဖြစ် ခန့်အပ်လိုက်လေတော့၏။ ခက်ခက်ကိုမူသာဂေါင်ကြီး၏ ကိစ္စအဝဝကိုဆောင်ရွက်ရသော စက္ကတေရီ အဖြစ်အလုပ်ခန့်လိုက်လေ၏။ ညိုမသည် ကုမ္ပဏီကြီးတစ်ခုလုံး မိမိလက်ဝယ်သို့ရောက်သွားသောအခါ၌ အလုပ်သမားများအား ဘောနပ်(ခေါ်) ဆုကြေးငွေများ ယခင်ကထက်ပို၍ပေးနိုင်ခဲ့လေ၏။

ခက်ခက်၏ အစ်မတက်တက်မှာမူ သူနာပြု မောင်စိုးအောင်နှင့် တတွဲတွဲဖြစ်နေလေ၏။ တစ်နေ့တွင် တက်တက်သည် ညိုမရှိရာ ကုမ္ပဏီရုံးခန်းသို့ လိုက်လာပြီးလျှင်-

“အစ်မ. . . တက်တက် စကားတစ်ခွန်း ပြောစရာရှိတယ်. . . ” ဟု တက်တက်က စကားစ,လိုက်လျှင် ညိုမကပြုံးလိုက်လေ၏။

“တက်တက်ပြောမယ့် စကားထဲမှာ မောင်စိုးအောင်နဲ့ တက်တက်တို့မေတ္တာမျှနေပြီဆိုတဲ့အကြောင်း၊ နှစ်ယောက်သားချိန်းတွေ့ပြီး အချစ်နယ်လွန်သွားလို့ ဖုံးမရ၊ ဖိမရအခြေအနေရောက်နေပြီ ဆိုတဲ့အကြောင်း မပါရင်ပြောပါ. . . ” ဟု ညိုမကပြောလိုက်ရာ တက်တက်က-

“မညိုမရယ်. . . တက်တက်ပြောမှာ အဲဒီအကြောင်းပါပဲ၊

တက်တက်ကိုကယ်ပါဦး၊ မညိုမ အဲဒါတွေ ဘယ်လိုလုပ်သိနေတာလဲ. . .” ဟု ပြောလေ၏။

“ဟိုတစ်နေ့က မီးဖိုထဲမှာ ဂျင်းနဲ့ ထန်းလျက်နဲ့ကျိုထားတဲ့ အိုးတစ်အိုးကို မဆေးဘဲထားတာတွေ့ရတယ်၊ အဲဒါ တက်တက်ကျိုသောက်တာ၊ အမှန်က အဲဒီအိုးကိုဆေးလိုက်ရမှာ၊ ပြီးတော့ တက်တက်နားလည်ထားရမှာက ဒီကိစ္စမျိုးဖြစ်လာရင် ဂျင်း နဲ့ထန်းလျက် ကျိုသောက်တဲ့ခေတ်က ကုန်သွားပြီ တက်တက်၊ တိုင်ပင်သင့်တဲ့လူကို တိုင်ပင်ပြီး ဖြေရှင်း ရတယ်၊ တက်တက်ဟာ ငယ်ရွယ်တဲ့ မိန်းကလေးတစ် ယောက်ဖြစ်လေတော့ မိုက်ခွင့်တော့ရှိတယ်၊ မှားခွင့်တော့မရှိဘူး၊ ဟောဒီမှာ မင်္ဂလာဆောင်ဖိတ်စာတွေ”ဟုဆိုကာ တက်တက်နှင့်မောင်စိုးအောင်တို့ မင်္ဂလာဆောင်အတွက် ရိုက်ထားသောဖိတ်စာတို့ကို အံဆွဲမှနှိုက်၍ တက်တက်ရှေ့သို့ချပေးလိုက်လေ၏။ တက်တက်၏မျက်နှာသည် ဝင်းပ၍သွားလေ၏။ ထို့နောက်

“မညိုမ ဘယ်လိုစီစဉ်ထားသလဲဟင်” တက်တက်က အငမ်းမရ မေးလိုက်လေ၏။

“တက်တက်ဟာ ဂျင်းနဲ့ထန်းလျက်နဲ့လည်း ကျိုသောက်တယ်၊ မကြာခဏ ပျို့ပျို့ပြီးအန်နေတာကိုလည်း သတိထားမိတယ်လေ၊ အဲဒါကြောင့် မောင်စိုးအောင်ကိုခေါ်ပြီး အမြန်ဆုံး မင်္ဂလာဆောင်ဖို့ စီစဉ်ရတာပေါ့၊ ဖိတ်စာရိုက်ခိုင်းလိုက်ပြီ၊ မောင်စိုးအောင်ရဲ့အမေကြီးနဲ့လည်း အစ်မနဲ့တွေ့ပြီးပြောပြီးပြီ၊ ဒီနေ့ည မိသားစုစကားဝိုင်းမှာ ဒယ်ဒီကြီးတို့၊ မာမီကြီးတို့ကိုဖွင့်ပြောရုံပဲ၊ အိမ်ရှေ့မှာ မဏ္ဍပ်အလှထိုးမယ့် အဖွဲ့နဲ့တီးဝိုင်းအဖွဲ့လည်းငှားပြီးပြီ၊ မင်္ဂလာဩဘာ စာဖတ်မယ့် ဦးမင်္ဂလာစိုးညွန့်ဆိုတဲ့ ဆရာကြီးကိုလည်း ပိုက်ဆံကန်တော့ပြီးပြီ၊ ဒံပေါက်နဲ့ ရေခဲမုန့်လည်းမှာ


BURMESE CLASSIC .com

www.burmeseclassic.com


ပြီးပြီ၊ စကော့ဈေးက အန်တီအေးဆိုတဲ့ မင်္ဂလာဝတ်စုံ ချုပ်တဲ့ဆီမှာလည်း တက်တက်အတွက် မင်္ဂဆောင်ဝတ်စုံချုပ်ပြီးပြီ၊ မောင်စိုးအောင်အတွက်လည်း ခေါင်းပေါင်းကအစ ဖိနပ်အဆုံးဝယ်ပြီးပြီ၊ တက်တက်တို့ မင်္ဂဆောင်ပြီးတာနဲ့နေဖို့ပျဉ်ထောင်အိမ်တစ်လုံးလည်း ကျောက်မြောင်း အောင်မင်္ဂလာလမ်းထဲမှာ ဝယ်ပြီးပြီ၊ အဲဒီအိမ်ရော၊ မြေရော၊ မင်္ဂလာစရိတ်ရောကို မညိုမက လက်ဖွဲ့တာ. . .'' ဟု ညိုမက ပြောလိုက်လျှင် တက်တက်သည် ဝုန်းကနဲထကာ ညိုမထံသို့သွားပြီး ညိုမကို တအားဖက်၍ ပါးနှစ်ဖက်ကို နမ်းရှုံ့လေ၏။ ထို့နောက်-

"မညိုမဟာ တက်တက်ရဲ့ ယောက်မ မဟုတ်ဘူး၊ တက်တက်ရဲ့ အမေ၊ ဒယ်ဒီကြီးက မာသာလို့ခေါ်တာမှန်တယ်၊ အမေမှအမေ အစစ်. . .''ဟု လှိုက်လှိုက်လှဲလှဲပြောလိုက်လေတော့သတည်း. . .။

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

## အခန်း ( ၁၆ )

## မထူ မခြား မ' တက်တက်ပါ'

ညိုမသည် တက်တက်နှင့်မောင်စိုးအောင်တို့၏ မင်္ဂလာဆောင်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ဆောင်ရွက်ပေးခဲ့လေ၏။ ဒယ်ဒီကြီးတို့မိသားစုလည်း ဝမ်းမြောက်ပီတိဖြစ်ကြလေ၏။ တက်တက်နှင့် မောင်စိုးအောင်တို့နှစ်ဦးမှာမူ ညိုမအားကျေးဇူးတင်သည့်အရာ၌ ပြောပြရန် စကားလုံးပင်မရှိအောင်ဖြစ်နေလေတော့၏။ ညိုမသည် ရွှေဘုံသာလမ်း (မဂိုလမ်း)ဘက်တွင် တိုက်ခန်းတစ်ခန်းဝယ်ယူခဲ့လေ၏။ ထိုတိုက်ခန်းကို စာချုပ်စာတန်းနှင့်တစ်ကွ ဒယ်ဒီကြီးအားပေးလိုက်လေ၏။ ထို့ကြောင့် မောင်စိုးအောင်အား အင်္ဂလိပ်ဆေးဆိုင်ဖွင့် ရန်တိုက်တွန်းကူညီခဲ့လေ၏။

www.burmeseclassic.com


မောင်စိုးအောင်သည်ဆရာဝန်တစ်ဦးမဟုတ်သော်လည်း အင်္ဂလိပ်ဆေးများနှင့်လွန်စွာနီးစပ်သည်ဖြစ်ရာ ဖွင့်သည့်အချိန်မှ များမကြာမီအချိန်အတွင်း လူသိများသော ဆေးဆိုင်လေးတစ်ဆိုင်ဖြစ်သွားလေတော့၏။ တက်တက်လည်းအလုပ်မှထွက်ကာ မောင်စိုးအောင်အားကူညီ၍ ဆိုင်ထိုင်ပေးရလေ၏။ ဆိုင်လခကိုမူ ဒယ်ဒီကြီးအားပေးရလေ၏။ ဒယ်ဒီကြီးသည် မိမိကိုယ်ပိုင်ဝင်ငွေရ၍ မိမိသဘောအတိုင်း ဖောဖောသီသီသုံးခွင့်ရသောအခါ၌ လွန်စွာကျေနပ်၍နေလေတော့၏။

"မာသာ့. . . ကျေးဇူးကြောင့် ကိုယ့်ဟာကိုယ် ဝယ်ချင်ရာဝယ်၊ သုံးချင်ရာသုံးလို့ရနေပြီ၊ အတော့်ကို ဟန်ကျတာပဲ" ဟု ဒယ်ဒီကြီးက မကြာခဏပြောလေ၏။ ညိုမ၏နဂါးနှစ်ကောင် ကုမ္ပဏီလည်းကောင်းစွာ အောင်မြင်နေပြီဖြစ်၏။ တစ်နေ့ တွင် သာဂေါင်ကြီးသည် ညိုမ၏ရုံးခန်းအတွင်းသို့ ဝင်လာပြီး . . .

"အစ်မ. . . ကျွန်တော့်မိန်းမထားညိုတစ်ယောက် အစာအိမ်သွေးကြောပေါက်လို့အခုပဲ ဆေးရုံကိုပို့လိုက်ရပြီလို့ တယ်လီဖုန်းလာတယ်. . ." ဟု သာ ဂေါင်ကြီးကပြောလေ၏။

"ဟယ်. . . ဒုက္ခပါပဲ၊ ဒီလိုဆို သာဂေါင်ကြီး ဆေးရုံကိုလိုက်သွားပေတော့. . .၊ မမ နောက်က လိုက်ခဲ့မယ်. . ." ဟု ညိုမက ပြောလေ၏။ သာဂေါင်ကြီးကလည်း . . .

'ဟုတ်ကဲ့'ဟုဆိုကာ ခပ်သွက်သွက်ထွက် သွားလေ၏။ သာဂေါင်ကြီးသည် ညိုမဝယ်ပေးထားသော ဂျစ်ကားကိုမောင်း၍ ဆေးရုံသို့လိုက်သွားလေ၏။ ညိုမလည်း မရှေးမနှောင်းပင် ဆေးရုံသို့ဆက်လက်လိုက်သွားလေ၏။ သာဂေါင်ကြီးဆေးရုံသို့ ရောက်သည့်အချိန်၌ ထားညိုသည်


BURMESE CLASSIC .com

www.burmeseclassic.com


ကွယ်လွန်သွားပြီဖြစ်၏။ အသက်ပင် မမှီရှာတော့ပေ။ သာဂေါင်ကြီး သည် မျက်ရည်မကျသော်လည်း မျက်နှာကြီးတစ်ခုလုံး နီမြန်းနေ၏။ ဆေးရုံသို့ မာမီကြီး၊ တက်တက်၊ ခက်ခက်တို့လည်း လိုက်ပါလာကြ၏။ မောင်စိုး အောင်လည်းလိုက်ပါလာ၏။

ထို့နောက်တွင်ကား ထားညို၏ဈာပနမြေကျသည်အထိ ညိုမပင်ဦးဆောင်၍စီစဉ်လေတော့၏။ ထားညို၏ အသုဘရက်လည် သောအခါ၌ ထားညိုနှင့်နေခဲ့သောနေရာကို စွန့်လွှတ်ခိုင်း၍သာဂေါင်ကြီး နေရန်အတွက် တိုက်ခန်းတစ်ခန်းကို ညိုမက ဝယ်ယူပေးလေ၏။ ညိုမ သည်သာဂေါင်ကြီးစိတ် မလေရန်အတွက် အလုပ်များကို တစ်ခုပြီးတစ်ခု ခိုင်းစေနေလေ၏။ ခရီးများကိုလည်း တစ်ခုပြီးတစ်ခုစေလွှတ်နေလေ၏။

သာဂေါင်ကြီးသည် သေဆုံးသွားသော ဇနီးဖြစ်သူထားညို အတွက်ယူကျုံးမရဖြစ်နေပုံရ၏။ တစ်နေ့တွင် ညိုမသည်အလုပ်အား သဖြင့် ဒယ်ဒီကြီးအား ကော်ဖီဖျော်၍တိုက်နေစဉ် သာဂေါင်ကြီးရောက်လာ လေ၏။ သာဂေါင်ကြီး၏မျက်နှာသည် ညှိုးချုံးနေ၏။ ထို့ကြောင့် ညိုမက . . .

"ဟဲ့. . . သာဂေါင်ကြီး၊ ထားညိုအတွက် မင်းစိတ်ထဲမှာ မပြေ သေးဘူးလား. . ." ဟု မေးလိုက်လေ၏။

"ပြေသလား. . . မပြေသလားမပြောတတ်ပါဘူး မမရယ်. . .၊ ရုတ်တရက်ကြီးဒီလိုဖြစ်သွားတာဆိုတော့ ကျွန်တော်ဖြင့် စိတ်မကောင်းတာ ပါပဲ. . ."ဟု သာဂေါင်ကြီးကပြန်၍ဖြေလေ၏။ ဒယ်ဒီကြီးလည်း ကော်ဖီ သောက်ရင်း သာဂေါင်ကြီး၏မျက်နှာကို အကဲခတ်သကဲ့သို့ ကြည့်လိုက်၏။ ညိုမက သာဂေါင်ကြီး၏မျက်နှာကိုလှမ်း၍ကြည့်ပြီးနောက် . . .


BURMESE CLASSIC .com

www.burmeseclassic.com


"ဒီလိုရှိတယ် သာဂေါင်ကြီးရဲ့. . .၊ မင်းတို့ ငါတို့ အင်္ဂလိပ်လို စာရေးကြတယ်ဆိုကြပါစို့. . . ဝါကျမဆုံးသေးဘဲကြားမှာ အဖြတ်အတောက်လေးတွေနဲ့နားဖို့ကိစ္စအတွက်က 'ကော်မာ'ဆိုတဲ့ သင်္ကေတလေးနဲ့ နားရတာလည်းရှိတယ်၊ 'ကိုလင်န်'လို့ခေါ်တဲ့ အစက်တစ်စက်နဲ့ နားရတာလည်းရှိတယ်၊ ပြီးတော့ အစက်တစ်စက်နဲ့ကော်မာပေါင်းပြီး 'ဆီမီးကိုလင်န်' လို့နားရတာလည်းရှိရဲ့. . . ဒါပေမဲ့ ပြီးပြည့်စုံတဲ့ အနားယူမှုတော့ မဟုတ်ဘူးနော်. . . ဝါကျတစ်ခုရဲ့ ပြီးပြည့်စုံတဲ့အနားယူမှုဆိုတာကတော့ 'ဖူးစတော့ပ်' လို့ခေါ်တဲ့ အစက်ကလေးရောက်မှ ရရှိနိုင်တယ်ကွယ့်၊ အဲဒီတော့ ပြီးပြည့်စုံခြင်းကဘာလဲလို့မေးရင် သေခြင်း တရားပဲကွယ့်၊ သေခြင်းတရားဟာ ဝါကျတစ်ကြောင်းရဲ့ 'ဖူးစတော့ပ်' ပဲ. . . သေခြင်းတရားကို မရောက်မချင်းပြီးပြည့်စုံဖို့ဆိုတာကလည်း မဖြစ်နိုင်ပါဘူး၊ မင်းနားထဲမှာ ပိုပြီးရှင်းသွားအောင် မမ အင်္ဂလိပ်လိုပြောမယ်၊

**"To ask for perfection is to ask for death. Death is the full-stop.**

**In life you can use commas, semi-colons, but never a full-stop."** ဟု ညိုမက အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရှင်းပြလိုက်ရာ ကာယကံရှင်ဖြစ်သော သာဂေါင်ကြီးမှာ မည်သို့ခံစားရသည်ဟုမဆိုနိုင်သော်လည်း ကြားမှနားထောင်နေသော ဒယ်ဒီကြီးမှာမူ ပါးစပ်အဟောင်းသားဖြစ်၍ သွားလေတော့၏။ ဒယ်ဒီကြီးသည် ညိုမ၏မျက်နှာကို အံ့ဩသောအမူအရာဖြင့် ငေးမော ကြည့်ရှုနေလေ၏။ သာဂေါင်ကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက်. . .

"အစ်မကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်စိတ်တွေ


BURMESE CLASSIC .com

www.burmeseclassic.com


ဟာ ငြိမ်းအေးမှုမရှိဘူး၊ အဲဒါကြောင့် ကျွန်တော်ငြိမ်းအေးမှုကို ရှာနေတယ်အစ်မ" ဟု ပြောလိုက်ရာ ညိုမက . . .

"ငြိမ်းအေးမှုကို ရှာလို့မရဘူး၊ ငြိမ်းအေးမှု ဆိုတာ အပြင်ကလာတာမဟုတ်ဘူး၊ အတွင်းကလာရမှာ. . . အပြင်မှာရှာရင် ငြိမ်းအေးမှုကို တော့တွေ့မှာမဟုတ်ဘူး၊ ရှာတဲ့ဒုက္ခသာ ပိုလာလိမ့်မယ်၊ မင်းက ဘယ်လိုဖြစ်နေသလဲဆိုတော့ ပဲ့တင်သံကို တိတ်ပါတော့လို့ အော်ပြောနေတဲ့လူနဲ့တူနေတယ်၊ တိတ်ပါတော့လို့အော်နေသ၍တော့ ပဲ့တင်သံဟာ တိတ်မသွားဘူး၊ အဲဒီတော့ မမမင်းကိုပြောချင်တာက ပဲ့တင်သံကိုတိတ်ဖို့ အလုပ်တစ်ခုတော့ရှိတယ်၊ အဲဒီအလုပ်က ဘာအလုပ်လည်းဆိုရင် ဘာမှမလုပ်တဲ့အလုပ်ပဲ၊ ဘာမှမလုပ်ရင် ပဲ့တင်သံဟာ ဘာမှပေါ် လာစရာအကြောင်းမရှိတော့ဘူး၊ နဂိုကတိတ်ပြီးသား၊ မင်းကအော်လို့ သူက ပြန်အော်နေတယ်ဆိုတာ မင်းသဘောပေါက်တဲ့အချိန်ဟာ ပဲ့တင်သံတိတ်တဲ့အချိန်ပဲသာဂေါင်ကြီးရေ. . ." ဟု ပြောလိုက်လျှင် ဒယ်ဒီ ကြီးသည် ယောင်ယမ်း၍

"ဟေ. . ." ဟု အော်လိုက်လေ၏။ ထို့အတူ လက်အတွင်းမှ ကော်ဖီပန်းကန်လည်း အောက်သို့ 'ဂွမ်းကနဲ' လွတ်ကျသွားလေတော့၏။ အိမ်တွင်းမှ မာမီကြီး၊ တက်တက်၊ ခက်ခက်နှင့် မောင်စိုးအောင်တို့ လည်း ပြေးထွက်လာကြ၏။ ဒယ်ဒီကြီးသည် ၎င်းတို့အား သူ၏အနီးသို့ မလာရန် လက်ကာပြထား၏။ ထို့ကြောင့် မာမီကြီးတို့လူစုလည်း ရောက်သည့်နေရာတွင်ရပ်နေကြရ၏။ ဒယ်ဒီကြီးသည် မျက်စိကိုမှိတ်၍ငြိမ်နေ၏။ ညိုမလည်း ငြိမ်နေ၏။ သာဂေါင်ကြီးလည်း ငြိမ်နေ၏။

ထို့နောက်မှဒယ်ဒီကြီးသည်မျက်စိကို ဖြည်းဖြည်းချင်းဖွင့်လိုက်၏။


BURMESE CLASSIC .com

www.burmeseclassic.com


တမံသလင်းပေါ်တွင် စိုရွှဲနေသောကော်ဖီများ၊ အစိတ်စိတ် အမွှာမွှာကွဲသွားသော ကော်ဖီပန်းကန်ကွဲများကိုလှမ်း၍ကြည့်လိုက်၏။ ပြီးလျှင် ပန်းကန်ကွဲစများကိုတစ်ခုချင်းဖြည်းညင်း စွာကောက်၍ အနီးရှိစားပွဲပေါ်သို့ ဖြည်းညင်းစွာတင်လိုက်၏။ အလုံးစုံကောက်ယူပြီးသောအခါ၌ ညိုမကို လှမ်း၍ ကြည့်လိုက်၏။ ထို့နောက် ပြုံး၍ပြလိုက်၏။ ညိုမလည်း ပြန်၍ပြုံးပြလိုက်၏။ ထို့နောက် ဒယ်ဒီ ကြီးသည် တဖြည်းဖြည်းချင်း ခေါင်းကို တဆတ်ဆတ် ညိတ်၍နေလေတော့၏။ ထို့နောက် ညိုမအား ဒယ်ဒီကြီးက

'မာသာ' ဟု ခေါ်လိုက်လေ၏။ ညိုမက လည်း . . .

' ရှင် ' ဟု ထူးလိုက်လေ၏။ ညိုမ၏ 'ရှင်' ဟူသောအသံသည် ဒယ်ဒီကြီး၏နှလုံးသားတွင်စိမ့်၍ဝင်သွားလေ၏။ ထို့နောက် ဒယ်ဒီကြီးက. . .

'သိုင်းကျူး (Thank You) 'ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ မှာပင် သာဂေါင်ကြီးက . . .

"ဒယ်ဒီကြီး၊ ကျွန်တော်ပြန်မယ်၊ မမကျွန်တော်ပြန်မယ်" ဟု နှုတ်ဆက်၍ထွက်သွားလေတော့၏။ ညိုမလည်း ဒယ်ဒီကြီးအနီးမှ ခွာ၍ အိမ်တွင်းသို့ ဝင်လာခဲ့၏။အိမ်အတွင်းသို့ရောက်လျှင်တက်တက်က

" အစ်မ မညိုမ. . . ဒယ်ဒီကြီးဘာဖြစ်သွားတာလဲ. . . " ဟု မေးလေ၏။ ထိုအခါ ညိုမက. . .

"အိပ်ပျော်ရာက နိုးသွားတာ" ဟု ပြန်၍ ဖြေလိုက်ရာ မာမီကြီးက

"မဟုတ်နိုင်ပါဘူး ညိုမရယ်၊ ဒယ်ဒီကြီး ကော်ဖီသောက်နေတာပဲ၊ အိပ်နေတာမှမဟုတ်ဘဲ၊ ဒါကြောင့် သူ့လက်ထဲက ကော်ဖီပန်းကန် အောက်ကိုလွတ်ကျပြီး 'ဂွမ်းကနဲ' ကွဲသွားတာပေါ့. . . " ဟု ပြောလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဟုတ်ပါတယ် မာမီကြီး. . . ဒယ်ဒီကြီး ဟာ အိပ်ပျော်ရက် ကော်ဖီသောက်နေတာဖြစ်မှာပေါ့" ဟု ညိုမက ပြန်၍ ပြောလိုက်စဉ်၌ပင် အိမ်ရှေ့ခန်းမှ

တေသုမ္မာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ × × × × × × × × × × × × × × × × × × × × × × × × × × × ဟူသော သီချင်းကို ဒယ်ဒီကြီးက အသံသြ၊ အသံဝါကြီးဖြင့် လှိုက်လှိုက်လှဲလှဲ ဆိုနေသံကို ကြားရလေ၏။ ထိုအခါ တက်တက်က

"ဟော. . . ဒယ်ဒီကြီး သီချင်းတွေ ဆိုနေပြီ၊ တစ်ခါမှ မဆိုဖူးဘူး၊ ဘယ်လိုဖြစ်တာလဲ မသိဘူး၊ အတော့်ကို ထူးတာပဲ. . ."ဟု ပြောလေ၏။ မာမီ ကြီးကမူ-

"မာမီကြီးနဲ့ အိမ်ထောင်မကျခင်ကတော့ လက်စွဲဘာဂျာတစ်လက်နဲ့ သီချင်းအတော်ဆိုခဲ့တာ၊ မဆိုတာတော့ နှစ်ပေါင်းအတော်ကြာပြီပေါ့၊ ဘယ့်နှယ်ကြောင့် သီချင်းတွေ ပြန်ဆိုနေသလဲ မသိဘူး"ဟု ပြောလေ၏။ သီချင်းဆိုပြီးသောအခါ၌ ဒယ်ဒီကြီးက ညိုမကိုခေါ်ပြီးလျှင်-

"မာသာရေ. . . ဒီနေ့ညစာကို ရှစ်နာရီ လောက်မှ စားရအောင်၊ ပြီးတော့လည်းအိမ်က ချက်ထားတဲ့ထမင်းတွေထားလိုက်ပါ၊ ဟိုတယ်တစ်ခုခုကမှာပြီး ညစာကို ထူးထူးခြားခြားလေး စားကြရအောင်ပါ၊ ကုန်ကျစရိတ်ကို ဒယ်ဒီကြီးပေးပါရစေ၊ ဒယ်ဒီကြီးမှာ ပိုက်ဆံရှိပါတယ်. . ."ဟု ပြောလိုက်ရာ ညိုမက

"ဒယ်ဒီကြီးက ဘယ်မှာစားချင်တာလဲ၊ ဟို တယ်မှာစားချင်ရင် ဟိုတယ်မှာ စီစဉ်လိုက်မယ်၊ အိမ်မှာစားချင်ရင် ဟိုတယ်ကို တယ်လီဖုန်းနဲ့ မှာပြီး စီစဉ်လိုက်ရုံပါပဲ"ဟုပြန်၍ပြောလိုက်လျှင် ဒယ်ဒီကြီးက-


BURMESE CLASSIC .com

www.burmeseclassic.com


"ဒီလိုရှိတယ် မာသာရဲ့. . . ဟိုတယ်မှာ သွားပြီးစားရင် ဒီညစာဟာ ခါတိုင်းနဲ့မတူဘဲ ခြားခြား နားနားကြီး ဖြစ်နေမယ်၊ ဒီညစာကို ဒယ်ဒီကြီးအနေနဲ့ ထူးတော့ထူးချင်တယ်၊ ခြားတော့ မခြားနားစေချင်ဘူး" ဟု ပြောလျှင် ညိုမက ပြုံး၍

"ညိုမ သဘောပေါက်ပါပြီ ဒယ်ဒီကြီး၊ ဒီည ညစာကို ခါတိုင်းနဲ့လည်း မတူစေချင်ဘူး၊ ခြားလည်း မခြားနားစေချင်ဘူး၊ အဲဒီတော့ မတူ မခြား ညစာတစ်ခုစီစဉ်ရမှာပေါ့"ဟု ပြန်၍ပြောလိုက်လျှင်ဒယ်ဒီကြီးက

"သိပ်ဟုတ်တာပေါ့ မာသာရယ်. . .၊ မတူမခြား. . မတူ မခြား. . "ဟုရေရွတ်နေလေတော့၏။

ထိုအချိန်၌မှာပင် ညိုမသည် ဟိုတယ်ကြီးတစ်ခုသို့ တယ်လီဖုန်းဆက်၍ ထမင်း၊ ဟင်းများမှာ ကြားသည့်အပြင် စားပွဲခင်းအဆန်းများ၊ စားပွဲပေါ်တွင်တင်မည့် ပန်းအိုးအသစ်များ၊ စားပွဲပေါ်တွင်တင်မည့် ပန်းကန်ခွက်ယောက်များ၊ ဇွန်း၊ ခရင်းများ အသစ်များပါလာ၍ပို့ရန်မှာကြားလိုက်လေတော့၏။

ညိုမလည်း ယခုညညစာကို လာရောက် စားသောက်ရန်အတွက် သာဂေါင်ကြီးအား တယ်လီ ဖုန်းဖြင့် အကြောင်းကြားလိုက်လေတော့၏။ ထိုသို့ အကြောင်းကြားရာ၌ အနှစ်သက်ဆုံး၊ အကောင်းဆုံး ဟု ယူဆသော အဝတ်အစားကိုလည်း ဝတ်၍လာရန် ထည့်၍ မှာကြားလိုက်လေတော့၏။ ညိုမသည် ဒယ်ဒီ ကြီးအား ရေနွေးဖြင့် ရေပတ်တိုက်ပေးပြီးလျှင် အဝတ်အစားသစ်များလဲပေးလေ၏။ မာမီကြီးနှင့် ခက်ခက်တို့လည်း ဝတ်ကောင်းစားလှများ ဝတ်ကြကုန်၏။ မောင်စိုးအောင်နှင့် တက်တက်လည်း အိမ်သို့ ပြန်သွားကြပြီး အဝတ်အစားကောင်းများဝတ်၍ပြန်လာကြလေ၏။ ညိုမမှာ


BURMESE CLASSIC .com

www.burmeseclassic.com


မူ ဤအိမ်ကြီးသို့ ရောက်လာသော နေ့တွင် ဝတ်ဆင်ခဲ့သော အပြာရောင် ပေါ်တွင် ကြာဖြူပန်းပုံကလေးများပါသည့် စပန့်လုံချည်၊ မိုးပြာရောင် ဒက်ကရွန် လက်စကအင်္ကျီကို ဝတ်ဆင်လေ၏။ ထိုသို့ဝတ်ဆင်ပြီးနောက် ကိုယ်ကိုလည်း ရေမွှားအတော်အတန်စိုသည်အထိ ဆွတ်ဖျန်းထား၏။ ထိုအချိန်၌ ဟိုတယ်မှမန်နေဂျာနှင့် စားပွဲထိုးများအပြင် စားပွဲထိုးအင်ချပ်ပါ အိမ်သို့ရောက်ရှိလာပြီးလျှင် စား ပွဲခင်းအသစ်များ၊ ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခရင်း အသစ်များ၊ ပန်းအိုးအသစ်များဖြင့် ညစာစားပွဲကို ပြင်ဆင်ပေး လေ၏။ အလုံးစုံပြင်ဆင်ပြီးသောအခါ၌ ဒယ်ဒီကြီးသည် စားပွဲ၏ထိပ်တွင် ဝင်၍ထိုင်၏။ ဒယ်ဒီကြီး၏ညာဘက်တွင်ရှိသောခုံတွင် ညိုမထိုင်ရန် အတွက်ဒယ်ဒီကြီးက နေရာချထားပေး၏။ ကျန်ခုံများတွင် ကျန်လူများ အသီးသီးနေရာယူကြလေ၏။ ထိုအချိန်၌ သာဂေါင်ကြီး ရောက်၍လာလေ ၏။ သာဂေါင်ကြီးသည် တစ်ခါက ညိုမ ဆင်မြန်းပေးလေ့ရှိသော မီးခိုး ရောင်အင်္ကျီပွပွကြီးနှင့် မီးခိုးရောင်ဘောင်း ဘီပွပွကြီး၊ မော်တော်ကား တာ ယာဖြင့် လုပ်ထားသော ကြိုးသိုင်းဖိနပ်တို့ကို ဆင်မြန်းလာလေ၏။ ခေါင်းကို လည်း ညိုမဆီ၌ နေစဉ်ကကဲ့သို့ ဆံပင်အရှည်ကိုဖြတ်၍ ကတုံးဆတောက် ညှပ်၍လာလေ၏။သာဂေါင်ကြီးကိုမြင်ရလျှင် တက်တက်သည် အလန့် တကြားအော်လေ၏။ ထို့နောက် တက်တက်က-

"ဒယ်ဒီကြီး. . . ဒယ်ဒီကြီး. . . သာဂေါင် ကြီးကို ကြည့်စမ်းပါဦး၊ အရင် ဒီအိမ်မှာနေတုန်းက အစ်မ မညိုမဆင်ပေးထားတဲ့အတိုင်း အင်္ကျီ ပွပွကြီး၊ ဘောင်းဘီပွပွကြီး၊ တာယာဖိနပ်ကြီးနဲ့ ခေါင်းကလည်း ညနေတုန်း က ဆံပင်အရှည်ရှိသေးတယ်၊ အခုကတုံး ဆံတောက် ညှပ်လာတယ်. . . " ဟု ပြောလိုက်လေ၏။ ဒယ်ဒီကြီးသည် ဟက်ဟက်ပက်ပက် ရယ်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com


"သက်စ်. . . ရိုက်. . . သက်စ်. . . ရိုက်၊ ဒါမှန်တယ်၊ ဒါမှန်တယ်၊ ဒါမှသာဂေါင်ကြီး. . . ကဲ. . . မာသာပဲ ကျန်တော့တယ်. . . "ဟု ဒယ်ဒီကြီးကပြောလိုက်လျှင်-

"လာပါပြီ. . . ဒယ်ဒီကြီး. . . "ဟု ပြန်၍ ထူးသံနှင့်အတူ ရေမျှား ဟိုတစ်ကွက်ဒီတစ်ကွက်စိုနေသော အဝတ်အစားကို ဝတ်၍ ညိုမထွက်လာလေ၏။ ညိုမကို မြင်လျှင် တက်တက်က-

"ဟာ. . . ကြည့်စမ်း၊ မညိုမအဝတ်အစား ကို တက်တက် ကောင်းကောင်းမှတ်မိတယ်၊ တက်တက်တို့အိမ် စ,ရောက်တဲ့နေ့က ဝတ်လာတဲ့အဝတ်အစားပဲ၊ အခုလိုဘဲ ရေတွေစိုလို့ မိုးတွင်းကြီးမဟုတ်လား. . . "ဟု ပြောလိုက်လျှင် မာမီကြီးက-

"ဟုတ်တယ်. . . ဟုတ်တယ်. . . မာမီကြီးလည်း မှတ်မိတယ် . . . ဒီအတိုင်းပဲ၊ ညိုမရောက်လာ တာ ဒီအတိုင်းပဲ. . . "ဟု ပြောလေ၏။ ဒယ်ဒီကြီးသည် ညိုမကို ကြည့်လိုက်ပြီးနောက် ပြုံးပြလိုက်၏။ ထို့နောက် ဒယ်ဒီကြီးက-

"သိပြီ. . . သိပြီ၊ ကောင်းကောင်းသိပြီ. . " ဟု ပြောလေ၏။ ညိုမကလည်း ခေါင်းကို ငြိမ်ငြိမ်သာ သာလေး ညိတ်ပြလိုက်၏။ ထိုအခါ၌ ဒယ်ဒီကြီးက-

"အားလုံး အစကို ပြန်ရောက်သွားကြပြီ"ဟု ပြောလိုက်ပြီးနောက် ထမင်းစားကြလေ၏။ ထမင်းစားပြီးသောအခါ၌ အချိုပွဲကိုစား၍ စကားစမြည် ပြောကြလေ၏။ ထိုသို့ စကားပြောရင်း ညိုမက လက်ဆွဲ သေတ္တာတစ်လုံးကိုယူလာပြီးလျှင်-

"အားလုံးအတွက် အရေးကြီးတဲ့စကားတစ် ခွန်း ပြောချင်ပါ


BURMESE CLASSIC .com

www.burmeseclassic.com


တယ်၊ ဒါပေမဲ့ အခုပြောလို့မဖြစ်သေးဘူး၊ ဧည့်သည်တစ်ယောက်ကို စောင့်ရဦးမယ်၊ အဲဒီ ဧည့်သည်ကတော့ ကိုးနာရီခွဲတိတိမှာ ရောက်လာလိမ့်မယ်. . . "ဟု ပြောလိုက်လျှင် ဒယ်ဒီကြီးက-

"အဲဒီဧည့်သည်က ဘယ်သူလဲဟင်" ဟု မေးလိုက်လေ၏။

"အဲဒီဧည့်သည်က ညိုမရဲ့မိတ်ဆွေ ဝတ်လုံတော်ရ ဦးဘမင်းပါ . . . "ဟု ပြန်၍ဖြေလိုက်ရာ ဒယ်ဒီကြီးကပြုံးပြန်လေ၏။ ထိုသို့ ပြုံးပြီးနောက်

"သိတယ် မာသာ. . . သိတယ်မာသာ"ဟုပြောလိုက်ရာ မာမီကြီး၊ ခက်ခက်၊ တက်တက်နှင့် မောင်စိုးအောင်တို့သည် ဒယ်ဒီကြီး၏မျက်နှာကို အံ့သြသကဲ့သို့ ဖြစ်နေကြလေတော့သတည်း. . .॥ ॥

❑


BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၁၇ )

## ပျောက်ဆုံးသွားတဲ့ မ' တတ်ယါ့'

ညိုမတို့လူစုသည် ထမင်းဝိုင်းမှ မထကြသေးပေ။ ထိုအချိန်၌ မှာပင် လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုသူ အား ညိုမက ခရီးဦးကြို ပြုလေ၏။ ထို့နောက် ဒယ်ဒီကြီးတို့လူစုနှင့် မိတ်ဆက်ပေးလေ၏။ ထိုသူ သည် ရှေ့နေတစ်ဦးဖြစ်၏။ ညိုမက 'အန်ကယ်'ဟုပင်ခေါ်၏။ ရှေ့နေကြီး သည် သူ၏ သားရေလက်ဆွဲ အိတ်ထဲ မှ ဖိုင်တွဲတစ်ခုကိုထုတ်ယူလိုက်၏။ ထို့နောက် ထိုဖိုင်တွဲအတွင်းမှ စာချုပ်များကို ထုတ်လိုက်လေ၏။ ပြီးလျှင် ညိုမလက်သို့ပေးလိုက်လေ၏။ ညိုမသည် ထို စာချုပ်များကို ဖတ်ကြည့်၏။ ထို့နောက်မှ. . .

❀ ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com


"အားလုံးနားထောင်ကြပါ၊ ဟောဒီမှာ ရှေ့ နေအန်ကယ်ကြီးက စာချုပ်တွေပြင်ဆင်လာပါပြီ၊ အဲဒီစာချုပ်တွေကဘာတွေလဲလို့ဆိုတော့ နဂါးနှစ်ကောင် ကုမ္ပဏီကို အမွေအဖြစ်နဲ့အပြီးအပိုင်လွှဲပေးမယ့် စာချုပ်တွေဖြစ်ပါတယ်၊ ဘယ်သူ့ကိုလွှဲပေးမှာလဲဆိုတော့ ဟောဒီသာဂေါင်ကြီးနဲ့ ခက်ခက်လေးကို တစ်ဝက်ဆီခွဲပေးလိုက်မှာပါ၊ အဲဒီလို ပိုင်ဆိုင်မှုတွေကိုလွှဲပေးပေမဲ့ ညိုမကတော့ဒီကုမ္ပဏီကြီးကို လုပ်နိုင်သမျှလုပ်ပေးမှာပါ၊ မလုပ်နိုင်တဲ့အကြောင်းတွေပေါ် လာခဲ့ရင်တော့ မတတ်နိုင်ဘူးပေါ့၊ သာဂေါင်ကြီးလည်း အတော့်ကို နားလည်နေမှာပဲ. . . " ဟုဆိုကာ စာချုပ်စာတမ်းများပေါ်တွင် လက်မှတ်ထိုးလေ၏။ သာဂေါင်ကြီးနှင့် ခက်ခက်တို့လည်းလက်မှတ်ထိုးကြ၏။ အိမ်နီးနားချင်းများကိုခေါ်ယူ၍ သက်သေနေရာတွင် လက်မှတ်ထိုးခိုင်း၏။ ထို့နောက် ဝမ်းသာခြင်း အထိမ်းအမှတ်ဖြင့်လက်ခုပ်၊ လက်ဝါးတီးကြလေ၏။

ထမင်းဝိုင်းမှလူများလည်း တစ်ယောက်တစ်ပေါက်ဆိုသလို စကားပြောနေသည်ဖြစ်ရာ ဆူညံနေလေ၏။ အိမ်နီးနားချင်းများနှင့် ရှေ့နေကြီးအားပေးရမည့်လက်ဆောင်များကို ညိုမက သာဂေါင်ကြီးနှင့် ခက်ခက်လက်သို့အပ်လိုက်ရာ ၎င်းတို့နှစ်ဦးက လက်ဆောင်များပေး၏။ လက်ဆောင်များမှာလည်း အဝတ်အထည်များဖြစ်ကြရာ လက်ဆောင်ရသူများသည် သူကဘယ်အရောင်ရသည်၊ ဘယ်အဆင်ရသည်ဟု ပြောဆိုရယ်မောနေကြသည်ဖြစ်ရာ အတော်အတန် ဆူညံနေပြီဖြစ်၏ (သို့)အတော့်ကို ဆူနေသည်ဖြစ်၏။ (သို့) ရုတ်ရုတ်သဲသဲဖြစ်နေပြီဖြစ်၏။ ထိုအချိန်၌-

"ကလင်. . . ကလင်. . . ကလင်. . . ကလင်" တယ်လီဖုန်းမှ ခေါ်သံထွက်ပေါ်လာ၏။ တက်တက်သည် တယ်လီဖုန်းဆီသို့ ပြေးသွား


BURMESE CLASSIC .com

www.burmeseclassic.com


ပြီးလျှင် စကားပြောခွက်ကို ကောက်၍ကိုင်လိုက်ပြီးမှ-

"ဟဲလို. . . အမိန့်ရှိပါရှင်. . . "ဟု လှမ်း၍ ပြောလိုက်၏။ တစ်ဖက်မှ ပြန်၍ပြော၏။ တက်တက် သည် တယ်လီဖုန်းနားထောင်ရင်း-

"ဟာ. . . "ဟု အော်ပြီးနောက်ခုန်၍နေ၏။ ထိုသို့ခုန်ရင်း မာမီကြီးဘက်သို့လှည့်ကာ-

"မာမီကြီး. . . ကိုကိုပြန်လာပြီ၊ ရာသီဥတုဆိုးနေလို့ ဖလိုက်က နောက်ကျနေတာတဲ့. . .၊ အခုလေဆိပ်ကို ရောက်နေပြီ၊ အမြန်ဆုံး လာကြိုပါတဲ့. . . "ဟု လှမ်း၍ပြောလိုက်လျှင် ခက်ခက်လေးလည်း ထိုင်ရာမှထ၍ခုန်နေ၏။

"ကိုကိုပြန်လာပြီ. . . "ဟုလည်း အားရဝမ်း သာ ပြောလိုက်လေ၏။ အိမ်နီးချင်းမိန်းမတစ်ဦးမှာမူ

"တက်တက်. . . ကျော်ကျော်ပြန်လာတယ်လို့ ပြောတာလား. . . " ဟုလှမ်း၍မေးလိုက်ရာ တက်တက်က-

"ဟုတ်တယ်. . . အန်တီရဲ့"ဟု ပြန်၍ဖြေလိုက်လေ၏။ တက်တက်လည်း တယ်လီဖုန်းခွက်ကိုပြန်၍ ချလိုက်ပြီဖြစ်၏။ မာမီကြီးတို့ လူစုသည် လေဆိပ်တွင်ရောက်နေသော ကျော်ကျော်အားကြိုရန်အတွက် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အိမ်နီးချင်းများကလည်း ၎င်းတို့ပါလိုက်မည်ဟု ပြောကြ၏။ အားလုံးဝမ်းသာ၍ ပြောဆိုလှုပ်ရှားနေကြ၏။

ဒယ်ဒီကြီးသာလျှင် ငြိမ်၍နေ၏။ ထိုသို့ ငြိမ် ၍နေရာမှ-

"မာမီကြီးတို့၊ တက်တက်တို့၊ ခက်ခက်တို့ မေးပါရစေဦး. . .၊ ညိုမဘယ်မှာလဲ. . .၊ ညိုမ. . . ညိုမဘယ်မှာလဲ. . . "ဟု အသံကျယ်ကျယ်ဖြင့်မေးလိုက်လေ၏။ ထိုအခါကျမှာပင် တက်တက်သည်-


BURMESE CLASSIC .com

www.burmeseclassic.com


"အစ်မညိုမ. . ." ဟုခေါ်ရင်း ညိုမအခန်းသို့ ပြေးဝင်သွား၏။ ခက်ခက်က အိမ်နောက်ဖက်သို့ ပြေးထွက်သွား၏။ ပါးစပ်မှလည်း-

"အစ်မ. . . အစ်မ. . ."ဟု အော်ခေါ်နေ၏။ သာဂေါင်ကြီးက လည်း အိမ်ပေါ်ထပ်သို့ ပြေးတက်၍ခေါ်၏။ ထိုမှတဖန် အိမ်ရှေ့ခန်းသို့ ရောက်လာကြ၏။ တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကြ၏။ မျက်လုံးများဖြင့် ထင်မြင်ချက်ကိုပြောနေကြ၏။ လှုပ်လှုပ်၊ ရွ ရွ၊ ဆူဆူ၊ ညံညံဖြစ်နေသော လူစုသည် ငြိမ်၍သွားပြီဖြစ်၏။ တိတ်ဆိတ်သွားပြီဖြစ်၏။

ဒယ်ဒီကြီးသည် ဆို့နင့်သောအသံကြီးဖြင့်-

"ညိုမ မရှိတော့ဘူး၊ ညိုမဟာ ငါ့ရဲ့ချွေးမ မဟုတ်ဘူး၊ သူဟာ ငါ့ရဲ့အမေ၊ ငါ့ရဲ့မိခင်၊ ဘာကြောင့်လဲလို့ဆိုတော့ ငါ့ကို ငါ့မိခင်က စောင့် ရှောက်သလိုပဲစောင့်ရှောက်ရှာတယ်၊ ဘယ်သူပဲဖြစ်ဖြစ် မိခင်စိတ်ရှိရင် အမေပဲ၊ အခု ငါ့အမေပျောက်ဆုံးသွားပြီ၊ ကားနှစ်စီးရှိတယ်၊ တစ်စီးကိုယူ ပြီး လေဆိပ်ရောက်နေတဲ့ ကျော် ကျော်ကို မင်းတို့ သွားကြိုချင်ကြိုပါ၊ ငါ့ အတွက် ကားတစ်စီးထားပေးခဲ့ပါ၊ ကားမောင်းဖို့ အောင်သန်းလည်း ငါနဲ့ အတူရှိနေပါ၊ ငါကတော့ ငါ့ရဲ့ မိခင် မာသာကို မတွေ့တွေ့အောင်ရှာရမယ်၊ ငါသိနေတယ်၊ ညိုမဟာ ဒီအိမ်ကို စရောက်ပြီးလာတဲ့နေ့က ဝတ်လာတဲ့ အဝတ်အစားကို နှစ်ပေါင်းများစွာမဝတ်ဘဲ သိမ်းထားတယ်၊ ထူးထူးခြားခြား ဒီနေ့မှဝတ်တယ်၊ ဒါ ဘာကိုပြနေတာလဲဆိုတော့ ဖြစ်စဉ်စက်ဝိုင်းဟာ အစ ကိုပြန်ရောက်သွားပြီလို့ ပြနေတာပဲ. . ." ဟု ပြောလိုက်သည့်အချိန်၌ပင် သာဂေါင်ကြီးသည် ဒယ်ဒီကြီး အနီးသို့လာပြီး-

"ကျွန်တော်လည်း ရှာမယ်. . ."ဟုဆိုကာ အိမ်အတွင်းမှ ပြေး ထွက်သွားပြီးလျှင် သူ၏ဂျစ်ကားကို 'ဝူး'ခနဲ မောင်းထွက်သွားလေတော့၏။


BURMESE CLASSIC .com

www.burmeseclassic.com


ဒယ်ဒီကြီးသည် သူ့အားကားပေါ်သို့ တင်ရန်ပြောသဖြင့် ကားမောင်းသမား အောင်သန်းသည် ဝှီးချဲကို ကားအနီးသို့ တွန်းသွားလေ၏။ ထို့နောက် ဒယ်ဒီကြီးအား ကား ခေါင်းခန်းသို့တင်ပေး၏။ ဝှီးချဲကို ကားနောက်ခန်းသို့ တင်ခိုင်းလေ၏။ ပြီးလျှင် ထိုကားလည်း 'ဝူး'ကနဲ မောင်းထွက်သွားလေ၏။

မာမီကြီးတို့ လူစုသာလျှင် အိမ်၌ကျန်ခဲ့လေ၏။ တက်တက်နှင့် ခက်ခက်သည်ငို၏။ မာမီကြီးသည် အတော်စိတ်ရှုပ်နေပုံရ၏။

"ဘယ်လိုလုပ်မလဲ တက်တက်ရယ်၊ သား ဖြစ်သူ မိဘအိမ်ပြန်လာ တာလက်ခံရမှာပေါ့. . ." ဟု မာမီကြီးကပြောလေ၏။ ထိုအခါ တက်တက်က-

"ဟုတ်ပါတယ် မာမီကြီးရယ်၊ အခုဟာက အစ်မညီမဟာ သမီး တို့အစ်မအရင်းရှိရင်တောင် ဒီ လောက်ကောင်းမှာ မဟုတ်ဘူး၊ သူမရှိ တော့ဘူးဆိုတာ ဝမ်းနည်းတာပေါ့. . ." ဟုပြော၍ တရှုံ့ရှုံ့ငိုလေ၏။ သို့သော်လည်း ၎င်းတို့မိသားစုနှင့် အိမ်နီးချင်းများသည် များမကြာမီ၌ လေဆိပ်သို့လိုက်သွားကြ လေတော့၏။

× × ×

ဒယ်ဒီကြီးသည် အဝေးပြေး မော်တော်ကားဂိတ်များ၊ ဘူတာရုံများ သို့ ကားကိုမောင်းခိုင်းပြီးလျှင် ထိုနေရာသို့ရောက်သောအခါ၌ ဝှီးချဲကို ချခိုင်း၏။ ဝှီးချဲပေါ်တွင်ထိုင်ကာ ဝှီးချဲ ဘီးကို ကိုယ်တိုင်လှိမ့်၍ ညီမအား ရှာလေ၏။ ထိုအချိန်၌ မိုးသည်သဲသဲမဲမဲရွာနေ၏။ ဒယ်ဒီကြီးလည်း မိုး ရွှဲရွှဲစိုနေပြီဖြစ်၏။ အောင်သန်းသည် ဒယ်ဒီကြီးအား ကားပေါ်သို့ပြန်၍ တင်၏။

"ဒယ်ဒီကြီး မိုးတွေစိုနေပြီ၊ နေမကောင်းဖြစ်တော့မယ်၊ ကားပေါ်


BURMESE CLASSIC .com

www.burmeseclassic.com


မှာပဲနေပါ၊ ကျွန်တော် ရအောင်ရှာပေးပါ့မယ်. . .”ဟု အောင်သန်းက ငိုသံပါကြီးနှင့် ပြောလေ၏။

“မင်းရှာလို့ ဘယ်ဖြစ်မလဲ၊ ညိုမက မင်းအမေမှမဟုတ်ဘဲ၊ ငါ့အမေ. . .၊ ငါရှာရမှာ ပေါ့. . .၊ စကား မရှည်စမ်းပါနဲ့ အောင်သန်းရာ၊ သဘော်ဆိပ်ကိုလိုက်မယ်. . .”ဟု ဒယ်ဒီကြီးက ပြန်၍ပြော၏။ သဘော်ဆိပ်သို့ရောက်သောအခါ၌ ဒယ်ဒီကြီးသည် ဝှီးချဲကို ကိုယ်တိုင်လှိမ့်၍ မိုးရေထဲတွင် သွားလေ၏။ မော်တော်ကားများသည် ၎င်း ဘေးမှပွတ်ကာ၊ သီကာ ဝူးကနဲ. . . ဝူးကနဲ မောင်းသွားကြ၏။ ထို့ကြောင့် ရွှံ့များစင်ကာ ဒယ်ဒီကြီး၏ တစ်ကိုယ်လုံးရွှံ့များပေကျံနေပြီဖြစ်၏။ အချို့သော ကားသမားများသည် ဒယ်ဒီကြီးအား ကြိမ်းမောင်းသွား၏။

“အဘိုးကြီး. . . သေချင်လို့လား”ဟု အော်ဟစ်သွားသူက အော်ဟစ်သွား၏။ ဒယ်ဒီကြီး သည် ဂရုမစိုက်ပေ။ ဝှီးချဲဘီးကိုအားယူ၍ လှိမ့်နေလေ၏။ သူသည်မောဟိုက်နေပြီဖြစ်၏။ တစ်နေရာသို့ အရောက်ဆက်၍မလှိမ့်နိုင်ဘဲရပ်လိုက်ရ၏။ ဟိုဒီကြည့်လိုက်၏။ နံနက်စောစောတွင်ထွက်မည့် သဘော်သည် ဘောတံတားတွင်ကပ်၍ရပ်ထား၏။ မီးများလင်းနေ၏။ ထိုသဘော်မှာ ပုသိမ်သို့ထွက်မည့် သဘော်ဖြစ်၏။ မော်တော်ကားတစ်စီးသည် ဂိုဒေါင်တစ်လုံးကို ပတ်၍ကွေ့လိုက်၏။ ထိုကား၏ မီးရောင်သည် ဂိုဒေါင်နံဘေးသို့ ဝင်းကနဲဖြစ်သွား၏။ ဒယ်ဒီ ကြီးသည် ဖျတ်ကနဲလင်းသွားသောမီးရောင်ထဲတွင် တစ်စုံတစ်ယောက်ကိုတွေ့ရ၏။ ထိုတစ်စုံတစ်ယောက်မှာ သူရှာနေသောညိုမ (သို့မဟုတ်)သူ၏ မိခင် (သို့မဟုတ်)သူခေါ်နေကျ မာသာသည် ဂိုဒေါင်နံရံကိုကပ်၍ ဂိုဒေါင်၏ တံစက်မြိတ်အောက်တွင် မိုးခိုနေသည်ကို ဖြတ်ကနဲတွေ့လိုက်ရ၏။


BURMESE CLASSIC .com

www.burmeseclassic.com


ဒယ်ဒီကြီးသည် ဝှီးချဲကိုအားယူ၍တွန်း၏။ ဝှီးချဲဘီးသည် တစ်ပတ်ခြင်းလိမ့်၍ လမ်းကိုကန့်လန့် ဖြတ်လာလေ၏။ အရှိန်ဖြင့်မောင်းလာသော ကုန်ကား ကြီးတစ်စီး၏ မီးရောင်သည် ဒယ်ဒီကြီးအားထိုးလျှက်ရှိ၏။ ညိုမလည်း ဂိုဒေါင်အမိုးအောက်မှ လှမ်း၍မြင်ရ၏။ ထို့ကြောင့် လွယ်ထားသော အိတ်နှင့်ထီးကို လွှတ်ချလိုက်ပြီးလျှင် ဖိနပ်ကိုပင်ခြေကိုခါ၍ချွတ်လိုက်ကာ

"ဒယ်ဒီကြီး. . . " ဟု အော်ဟစ်ကာ ဒယ်ဒီ ကြီးထံသို့ စိုးရိမ်တကြီးပြေးသွား၏။ ဒယ်ဒီကြီးလည်း ဝှီးချဲကို မလိမ့်နိုင်တော့သဖြင့် လမ်းပေါ်တွင်ရပ်သွား၏။ ကုန်တင်ကားကြီးလည်းနီးလာ၏။ မီးရောင်မှာပို၍ ထင်လာ၏။ ဒယ်ဒီကြီးသည် ခြေထောက်နှစ် ဖက်ကို မြေကြီးပေါ်တွင်ချလိုက်၏။ ညိုမပြေးလာသည်ကိုလည်း မြင်တွေ့ရ၏။ အားယူ၍ ရပ်နိုင်သွားပြီဖြစ်၏။ ညိုမထံသို့ပြေးသွားလိုစိတ်များသည် သူ၏ငယ်ထိပ်သို့ရောက်သွား၏။ သူသည် မတ်တပ်ရပ်နေ ရာမှ ရှေ့သို့အားယူ၍ ထွက်လိုက်၏။ သူ၏ခြေထောက်များသည် တုန့်ဆိုင်းတုန့်ဆိုင်းဖြင့်ပင် ရှေ့သို့ထွက်သွား၏။ သူသည် ဒယီးဒယိုင်နှင့် ရှေ့သို့ လှမ်း လျှောက်နေ၏။ ပါးစပ်မှလည်း "မာသာ. . . မာသာ" ဟု အော်နေ၏။ မော်တော်ကားကြီးသည် နီးသည်ထက်နီးလာ၏။ ညိုမလည်း လှမ်းအော်၍ပြောနေ၏။ သို့သော် မိုးသံကြောင့် သဲသဲကွဲကွဲမကြားရပေ။

ကုန်တင်ကားကြီးသည် ဒယ်ဒီကြီး၏ ဝှီးချဲနှင့် နှစ်ပေအကွာလောက်တွင်ကျွီကနဲရပ်၏။ ဒရိုင်ဘာသည် ခေါင်းကိုအပြင်ထွက်၍ဒယ်ဒီကြီးအား ကြည့်လိုက်၏။ ညိုမသည် ဒယ်ဒီကြီးအနီးသို့ ရောက်သွား၏။ ဒယ်ဒီကြီးက လှမ်း၍ဖက်လိုက်၏။ ညိုမကလည်း ပြန်၍ဖက်ထား

www.burmeseclassic.com


လိုက်၏။ ဒယ်ဒီကြီး သည် မော်တော်ကားဆီသို့ ခေါင်းကိုလှည့်၍. . .

"တိုက်ချင်တိုက်လိုက်တော့. . . ရပြီ" ဟု ကျေကျေနပ်နပ်ကြီး အော်ပြောလိုက်လေတော့၏။ ထို့နောက်မှ . . .

"မာသာရယ်. . . ဒယ်ဒီကြီးကို မထားခဲ့ ပါနဲ့" ဟု ဆို့နင့်သော အသံကြီးနှင့်ပြောကာ ကလေး ငယ်တစ်ဦးကဲ့သို့ ငိုကြွေးနေလေတော့၏။


မိုးမှာ သဲသဲမည်းမည်းရွာဆဲ. . . မိုးစက်မိုးပေါက်တို့သည် ညိုမနှင့်ဒယ်ဒီကြီးတို့အား ရွှဲရွှဲစိုစေ၍ မြစ်အတွင်းသို့ စီးသွားသော ရေစီးကြောင်းနှင့်အတူ မျောပါသွားလေ၏။ ထိုမျောပါသွားသော ရေတို့သည် လူသားနှစ်ဦး၏ ဖြူစင်သန့်ရှင်းသော မေတ္တာရေများဖြစ်ရကား။ မြစ်အတွင်းမှတဆင့် ပင်လယ်သမုဒ္ဒရာ အတွင်း ပျံ့နှံ့စီးဆင်းသွားလေတော့သတည်း. . .

❑

ပြုံးပန်းတစ်ရာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com

# ကျေးဇူးတင်ပါသည်

ပေးပို့သူ = ညီဓွဲ

BURMESE CLASSIC .com